www.burmeseclassic.com

# ဂျူနေ



# မညိုကဲ့သို့လုပ်လိုက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေး (?)
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လူငနဲ
# မည်ကဲ့သို့
# လုပ်လိုက်သည်မသိ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - Joker

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ တာဝါလမ်း
ဒဂုံမြို့နယ်။

အတွင်းအလင်း - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းငွေ

ပုံနှိပ်ခြင်း - ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

လူနေ
မည်တဲ့သို့လုပ်လိုက်သည်မသိ/လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၂
၂၅၀- စာ ၊ ၁၂. ၅ x ၁၈. ၅ စင်တီ၊
(၁) မည်တဲ့သို့လုပ်လိုက်သည်မသိ

## အသိပေးစာ

ဒီဝတ္ထုဟာ
အန်စာတုံးဝတ္ထုလို
ဂိမ်းဝတ္ထုတော့ မဟုတ်ပါဘူး
ဒါပေမယ့်
အန်စာတုံးဝတ္ထုလို
ဘုရင်ခေတ်ကို အခြေခံထားတဲ့
ဝတ္ထုတစ်ပုဒ်ပါ
အချိန်ကတော့
၈၈၈ ခုနှစ် ဝန်းကျင်လောက်ကပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတုန်းက. . .

တိုင်းပြည်တစ်ပြည်ရှိတယ် ဆိုကြပါစို့. . .

အဲ့ဒီတိုင်းပြည်မှာ ဘုရင်ကြီးနဲ့ ဘုရင်မကြီးလည်း ရှိတယ် ထပ်ဆိုကြပါစို့. . .

နောက်ပြီး သူတို့မှာ သိပ်ချော၊ သိပ်လှတဲ့ သမီးတော် တစ်ပါးလည်း ထပ်ရှိပြန်ရော. . .

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါနဲ့ မိတ်ဆွေသိတဲ့ အတိုင်းပဲ

ကျုပ်လည်း အဲ့ဒီတိုင်းပြည်ကို ယောင်ယောင်လည်လည်နဲ့ ရောက်သွားရော. . .

ပြောရဦးမယ်

ကျုပ်နာမည်က ဝင်းဆွေလဲ့မောင်မောင် ဗျ. . . ။

သည်းခံဗျာ၊ နာမည်က သိပ်ရှည်တော့

အခြားလူတွေခေါ်တဲ့အတိုင်း မောင်နှစ်လို့ ခေါ်ပေါ့။ မောင်နှစ်လုံးပါလို့ အဲ့ဒီလိုခေါ်တာနဲ့ တူပါရဲ့. . . ။



ပြောရရင် ရှေ့ကပြောခဲ့တဲ့အတိုင်းပဲ အဲ့ဒီတိုင်းပြည်ကို ရောက်သွားရော၊

"ဘယ်လိုရောက်သွားလဲ. . . ဟုတ်လား"

ပြောပြီးပါရော၊ ကျုပ်မသိဘူးလို့။

ဒီလိုနဲ့ နိုးလာတော့ ကျုပ်လည်း လမ်းမတစ်ခုကို ရောက်နေတာပဲဗျို့။

အဲဒါနဲ့ လမ်းမှာတွေ့တဲ့ လူတစ်ယောက်ကို လှမ်းမေးတော့ ကျုပ်ရောက်နေတဲ့ တိုင်းပြည်က ပုံပြင်တွေထဲက နာမည်တွေလိုမျိုး ခေါ်ရခက်တယ်ဗျ။

ဒီတော့ ကျုပ်လည်း ခေါ်ရခက်တာနဲ့ 'ခေါ်ရခက်တိုင်းပြည်' ဆိုပြီး ခေါ်လိုက်တယ်။

ခေါ်ပါများတော့ 'ရခက်တိုင်းပြည်'ဆိုပြီး ဖြစ်လာတယ်။ အဲ့ဒီ 'ရခက်တိုင်းပြည်'ကိုပဲ ခေါ်ပါများတော့ ပါးစပ်ထဲမှာ အလွယ်ခေါ်လို့ရတဲ့ 'ယက္ခတိုင်းပြည်'ဆိုပြီး ခေါ်မိသွားတယ်ဗျာ။ မိတ်ဆွေလည်း အဲ့ဒီအတိုင်းပဲ ခေါ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာလဲ၊ ကျုပ်ဝတ်ထားတဲ့ အဝတ်အစား၊ ဟုတ်လား"

"အင်း. . . နေဦး ပြန်ကြည့်လိုက်ဦးမယ်"

"ဟုတ်တယ်ဗျို့၊ ခင်ဗျားမေးမှပဲ ပြန်ကြည့်မိတယ်၊ ကျုပ်အဝတ်အစားတွေက ထူးထူးခြားခြား ဘာကြီးတွေမှန်း မသိဘူး၊ ပွယောင်းယောင်းနဲ့ တစ်မျိုးကြီးပဲ"

"အန်. . . ဘာမေးတာလဲ၊ ခြော်. . . ဘာသာစကားလား၊ အင်း. . ."

"သူတို့စကားကို ကျုပ်နားလည်တယ်ဗျ၊ ဘာကြောင့်ဆို. . . ဟိုဘက်မှာ ထိုင်နေတဲ့ အဒေါ်ကြီးနှစ်ယောက် အတင်းပြောနေတာ ကျုပ် နားလည်တယ်"

"ဟင်. . ."



"ခင်ဗျားနှယ်ဗျာ၊ ကတ်သီးကတ်သတ်၊ ဒီကလူတွေရဲ့အတွေးအခေါ်နဲ့ ပညာကို သိချင်တယ် ဟုတ်လား၊ အင်း. . . ဒါဆိုလည်း ခဏစောင့်ဗျာ၊ ဘယ်လိုမေးရမလဲ၊ စဉ်းစားဦးမယ်"

"ခြော်. . . သိပြီ၊ တိုင်းပြည်အခြေအနေသိချင်ရင် ကလေးတွေကို ကြည့်ပါတဲ့၊ ဟုတ်မဟုတ်တော့ ကျုပ်မသိဘူး၊ ကလေးတွေကို စမ်းသပ်ကြည့်ရင် ဒီတိုင်းပြည်ရဲ့ အတွေးအခေါ်နဲ့ ပညာအရည်အချင်းကို သိရမှာပဲ၊ အံမယ်. . . အတော်ပဲ၊ အရှေ့မှာ ကလေးလေးတစ်ယောက် လာနေတယ်၊ ကျုပ်စမ်းသပ်ကြည့်လိုက်ဦးမယ်"

"မိတ်ဆွေ ခဏစောင့်"

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဟေ့ကောင်လေး"

"ဘာရဲ"

ကလေးက ဘုဆတ်ဆတ်နဲ့ ဆက်ဆံရခက်မယ့် ပုံစံပဲ။

ကျုပ်ကလည်း ခေသူ မဟုတ်ပါဘူး။

"လာဦး"

နည်းနည်းလန့်သွားလို့ ထင်တယ်။ ကျုပ်ရှေ့ကို ကလေးက တိုးလာတယ်။

"မင်းဘယ်သွားမလို့လဲ"

"မုန့်စားပွဲရှိတယ်၊ အဲ့ဒီကို သွားမလို့"

"မသွားခင် ငါမေးတာ ဖြေခဲ့ဦး"

ကျုပ်က ခပ်တည်တည်နဲ့ ပိတ်ဟောက်လိုက်တော့ ကလေး



က ဘုရှုံ့ရှုံ့တယ်။ ကျုပ်နည်းနည်း လန့်သွားတယ်ဗျ။ ဒီတိုင်းပြည်က ကလေးလူမိုက်များ ဖြစ်နေမလား။

နေပါစေ၊ နည်းနည်းတော့ ရုပ်တည်နဲ့ နေရမယ်။

"မေးနေတာ ဖြေလေကွာ"

ကလေးက နည်းနည်းတွေဝေသွားပုံရတယ်။

ပြီးတော့-

"ဘာရမှာလဲ"

"ဟင်. . . ဘာကို"

"မေးတာဖြေရင် ဘာရမှာလဲလို့ မေးတာ"

အင်း. . . ကောင်းရော၊ 'တစ်ခုလိုချင် တစ်ခုပေးရတယ်' ဆိုတဲ့ အတွေးမျိုး ဒီတိုင်းပြည်က ကလေးတွေမှာ ရှိနေတာ မဆိုးဘူးပဲ။

"အေး. . . ပေးမယ်ကွာ"

"ဘာပေးမှာလဲ"

"အဲ. . ."

သူမေးမှပဲ ဘာပေးလို့ ပေးရမှန်းမသိ ဖြစ်သွားတယ်။


ဒါနဲ့ အိတ်ထဲကို ဟိုဒီစမ်းကြည့်တော့၊ အံမယ် အဝိုင်းပြား လေးဝိုင်းထွက်လာတယ်။

ဒီတိုင်းပြည်မှာ သုံးလို့ရတဲ့ ငွေကြေးနဲ့ တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





"မင်း မေးခွန်းမှန်ရင် တစ်ခုပေးမယ်"

ကလေးက ကျုပ်လက်ထဲကဟာကို ကိုင်ကြည့်တယ်။ ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်ပြီး ကိုက်လည်း ကိုက်သေးတယ်။

"ကောင်းပြီ၊ ဖြေမယ်"

အံ့မယ်. . . လာလာချည်သေး၊ ဖြေနိုင်မှာ မဟုတ်ပဲနဲ့ ကျုပ် အဝိုင်းတစ်ပြားကို ဒင်းက ယူထားသေးတယ်။

ထားလိုက်ပါတော့၊ မဖြေနိုင်မှ ပြန်ယူမယ်။

"ကဲ. . . တစ်နဲ့ တစ်နဲ့ပေါင်း၊ ဘယ်လောက်လဲ"

နည်းနည်းရှေးဆန်တော့ သင်္ချာဆိုတာ ဘာမှန်းသိမှာ မဟုတ်ပါဘူး၊ ဒီတော့ လွယ်လွယ်လေးပဲ မေးလိုက်တယ်။

ကလေးက ကျုပ်ကို ပြန်ကြည့်နေတော့-

"ဘာလဲ. . . နားမလည်ဘူးလား၊ တစ်နဲ့တစ်ပေါင်းရင် ဘယ်လောက်ရလဲလို့ မေးနေတာလေ"

"ကခလေးတောင် သိတယ်"



"အင်"

ရုတ်တရက်ဆိုတော့ ကြောင်သွားတယ်။

"ကလေးတောင်သိတယ်ဆိုတော့ မင်းက ကလေးဟုတ်ဘူးလား"

"မွေးကင်းစ ကလေးတောင်သိတယ်လို့ ပြောတာ"

"အံမယ်၊ လာလာချည်သေး၊ ကဲ. . . အပြောမကြီးနဲ့ အဖြေက ဘာလဲ"

"နှစ်"

"အဲ"

သူ့လက်ထဲက ကျုပ် အဝိုင်းပြားကို သူ့အိတ်ထဲ ထည့်လိုက်တယ်။

ပြီးတော့ လှည့်ထွက်ဖို့ ပြင်နေတာကြောင့်-

"ဟေ့. . . နေဦးလေ"

"ဘာရဲ ထပ်မေးမလို့လား"

ကျုပ်နည်းနည်းတော့ ရှက်သွားတာ အမှန်ပဲဗျ၊ ဒီတိုင်းပြည်က ကလေးတွေက ဒီအဆင့်လောက် မတုံးဘူးဆိုတော့. . .။

"အေး. . . မေးမယ်ကွာ၊ ဒီမှာ နောက်ထပ် အဝိုင်းပြားတစ်ခု"

သူ့လက်ထဲကို အဝိုင်းပြားတစ်ခု ထပ်ထည့်ပေးလိုက်တယ်။ ကလေးက ပြုံးတုံးတုံးနဲ့ ပြန်ကြည့်နေတယ်။ ဒါ့ကိုက ကျုပ်မခံနိုင်တာ။

"မင်းခုနက ပြောသွားတဲ့ မွေးကင်းစ ကလေးတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



အဖြေကို သိတယ်ဆိုတာ ငါလက်မခံနိုင်ဘူး၊ ကုန်ကုန်ပြောရရင် ဘယ်လိုမှ မဖြစ်နိုင်ဘူးကွာ၊ ဒီတော့ ငါမေးမယ်၊ မွေးကင်းစကလေးက အဖြေကို ဘယ်လိုသိနိုင်မှာလဲ၊ ဘယ်လိုဖြေနိုင်မှာလဲ"

ကလေးက သူ့လက်ထဲက အဝိုင်းပြားကို အိတ်ထဲ ထည့်လိုက်ပြန်တယ်။

"ဟော့. . . ဟော့၊ ငါ့ကို မဖြေရသေးဘူးလေ"

"ဖြေမှာပါဗျ"

"မွေးကင်းစ ကလေးက ဘယ်လိုအော်လဲ"

"အူဝဲ. . . အူဝဲလို့ အော်တယ်လေ"

"ဥက္ကဲ၊ ဥက္ကဲရော ကြားလို့မရဘူးလား"

"အင်း. . ."

သူပြောမှပဲ စဉ်းစားမိတယ်၊ ဟုတ်တော့ ဟုတ်သား။

"အေး. . . လက်ခံတယ်ကွာ"

"ဦးပြောတဲ့ အဖြေက သုညထွက်လား"

"မထွက်ဘူးလေ"

"ဒီတော့ အဖြေက ဥက္ကဲ၊ သုညမရဘူး။ ဘဲဥက္ကဲပေါ့၊ မွေးကင်းစ ကလေးလည်း ဥက္ကဲတယ်လို့ ပြောတယ်လေ၊ အဲ့ဒါမှားလား"

"အဲ. . ."

ဖြေရကျပ်သွားတယ်။

"အဲ. . . အဲ့ဒါတော့ မင်း သပ်သပ်ညစ်တာပဲကွ"



"မဟုတ်ပါဘူး၊ သားပြောတာ မှားလို့လား၊ အဖြေက ဥက္ကဲ (ဘဲဥက္ကဲ)ပါတယ် ဆိုတာလေ"

"အေး. . . မမှားဘူး"

"အဲ့ဒါပဲပေါ့"

အိတ်ကိုပုတ်ပြီး အထဲက အဝိုင်းပြားကို ကြည့်နေတယ်။ သူ့ဟာက မမှားလည်း မမှားဘူး၊ မှန်လားဆိုတော့လည်း မမှန်ဘူး။

ဒီတိုင်းပြည်က ကလေးတောင် မလွယ်ပါလားလို့ တွေးမိတယ်။

"ဦးမှာ အဝိုင်းဘယ်နှစ်ဝိုင်း ကျန်သေးလဲ"

"နှစ်ဝိုင်း"

"ဒီတစ်ခါ သားမေးလို့ ဦးမဖြေနိုင်ရင် တစ်ဝိုင်းပေးမှာလား"

ကျုပ်ဂွင်တော့ ဝင်ပြီဗျို့။ ကလေးပဲ ကလေးလို မေးတတ်မှာပေါ့။

ဒါနဲ့ ကျုပ်လည်း ခပ်မြန်မြန်ပဲ သဘောတူလိုက်တယ်။ ဘယ့်နှယ်၊ အချိန်နှောင်းသွားရင် ကလေးစိတ်ပြောင်းသွားမှဖြင့်. . .။

"အေး. . . တူတယ်ကွာ"

"စပြီနော်"

"အေး. . . စ"

"သားရဲ့ မွေးနေ့၊ မွေးလ၊ မွေးရက်ကို ပြောပြ"

"အာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ကျုပ်ကို ညစ်နေပြီ။ သူ့မွေးနေ့၊ မွေးလ၊ မွေးရက်ကို ကျုပ်က ဘယ်လိုလုပ် သိမှာလဲ။

"မင်းကွာ၊ မဖြစ်နိုင်တာ ငါ့ကို မေးနေတယ်၊ မင်းကို ငါက အခုမှ တွေ့ရတဲ့ဟာကို ငါက ဘယ်လိုလုပ် သိမှာလဲ"

"ကဲ. . . ဒါဆို အဝိုင်းပြားပေး"

ကျုပ်လည်း အောင့်သက်သက်နဲ့ ထုတ်ပေးလိုက်ရတယ်။

လက်ထဲမှာလည်း အဝိုင်းပြားတစ်ခုပဲ ကျန်တော့တယ်။ ကလေးကိုလည်း ကြည့်မရတော့ဘူး။ ကလေးတန်မဲ့ လူကြီးကို လာယှဉ်နေသေးတယ်။

"ငါ့မှာ နောက်ဆုံးတစ်ဝိုင်းပဲ ရှိတော့တယ်၊ ဒီတော့ ငါကလည်း မင်း ငါ့ရဲ့ မွေးနေ့၊ မွေးလ၊ မွေးရက်ကို ပြောပြရင် ဒီကျန်တဲ့ အဝိုင်းကို ပေးမယ်၊ မဖြေနိုင်ရင် ငါ့ကို တစ်ဝိုင်းပြန်ပေး၊ ဘယ်လိုလဲ"

ကလေးက ရုတ်တရက် တုံ့ဆိုင်းသွားတယ်။

ဟုတ်တယ်လေ၊ ဒင်းမေးခွန်း ဒင်းပြန်ထိပေါ့။ ဘယ့်နှယ့် လူကြီးကို မဟုတ်တာတွေ လာမေးနေရတယ်လို့၊ လူကြီးကလည်း လူကြီးပဲလေ။

ဒီတော့ ကလေးကို ပညာပေးရတာပေါ့။

"ဘယ်လိုလဲ သဘောတူလား"

သူတွေဝေနေတာကြောင့် ကျုပ်က ထပ်မေးရတယ်။



"တူတယ်"

"ဟင်. . ."

ဘယ်လို ကလေးပါလိမ့်၊ ငါသာ ကလေးဆိုရင် မတူဘူး၊ မတူဘူးဆိုပြီး ထွက်ပြေးနေလောက်ပြီ။ ဒီကောင် လည်မလိုလိုနဲ့ တုံးတယ်။

"ကဲ. . . ဒါဆို ငါ့မွေးနေ့၊ မွေးလ၊ မွေးတဲ့ခုနှစ်က ဘယ်လောက်လဲ"

အဲ. . . သူ့ကိုမေးမှ သတိရတယ်။ ကျုပ်မွေးနေ့၊ မွေးလ၊ မွေးတဲ့ခုနှစ်ကို မမှတ်မိဘူးဗျ။ ဒုက္ခပါပဲ၊ ကလေးကို မေးတာက မေးပြီးပြီ။

လွယ်ပါတယ်။ သူသိတာ မှတ်လို့။ တစ်ခုခုကို ငါ့မွေးနေ့၊ မွေးလ၊ မွေးတဲ့ခုနှစ်အဖြစ် သတ်မှတ်လိုက်မှာပေါ့။

ဒီတော့-

၂၆ ရက်၊ ၈ လ၊ ၈၈၈ ခုနှစ်

အပေါ်က ခုနှစ်၊ လ၊ ရက်ကိုပဲ စိတ်ထဲက ပေါ်လာတာနဲ့ ကျုပ်မွေးနေ့ဆိုပြီး မှတ်ထားလိုက်တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

"သားကို တစ်ခုပြန်လုပ်ပေးရင် ဦးရဲ့ မွေးနေ့၊ မွေးလ၊ မွေးရက်ကို ပြောပြမယ်"

"အေး. . . ဘာလုပ်ပေးရမှာလဲ၊ လုပ်ပေးမယ်"

ဘာလုပ်ပေးပေး ဒင်း မဖြေနိုင်ပါဘူး။

"အပေါင်း၊ အနုတ်၊ အမြှောက်အစား နည်းနည်းလုပ်ပေးရမယ်"

"ရတယ်လေ"

ကလေးက စပြောတယ်။

"ဦးမွေးတဲ့ လကို စိတ်ထဲမှာ ၁၈ နဲ့ပေါင်းလိုက်၊ သားကို ပြန်ပြော စရာမလိုဘူးနော်"

"အေး"

ကျုပ်မွေးလက ၈ လပိုင်းဆိုတော့ ၁၈+၈= ၂၆ ပေါ့။



"ရပြီလား"

"အေး. . ."

"ဒါဆို ရတဲ့အဖြေကို ၂၅ နဲ့ မြှောက်"

"အင်း"

ရတဲ့အဖြေက ၂၆ ဆိုတော့ ၂၆×၂၅=၆၅၀ ပေါ့။

"ပြီးပြီလား"

"ပြီးပြီ"

ဘာပဲပြောပြော ကလေး ဘာလုပ်နေသလဲ ဆိုတာကိုတော့ စိတ်ဝင်စားလာတယ်။

"အဲ့ဒီရတဲ့အဖြေကို ၃၃၃ ထပ်နုတ်လိုက်"

ရတဲ့အဖြေက ၆၅၀ ဆိုတော့ ၆၅၀-၃၃၃= ၃၁၇ ရတယ်။

"ပြီးရင် ၈ နဲ့ထပ်မြှောက်"

ရှုတ်တော့ ရှုတ်လာတတယ်။ ဒါပေမဲ့လည်း ဒင်းလေးပြောတဲ့ အတိုင်းပဲ လုပ်နေရတယ်။ ကျုပ်က လုပ်ပေးမယ် ပြောလိုက်တာကိုး။

အင်း. . . ၈နဲ့ မြှောက်ရမှာဆိုတော့ ရတာက ၃၁၇ ဆိုတော့ ၃၁၇×၈= ၂၅၃၆ ထပ်ရတယ်။

ဒီလိုနဲ့ ကလေးက ဆက်ညွှန်ကြားတယ်။

ရလာတဲ့အဖြေကို ၅၅၄ နုတ် =၂၅၃၆-၅၅၄= ၁၉၈၂

အဲ့ဒါကိုပဲ ၂ နဲ့စား =၁၉၈၂ကို ၂နဲ့စား= ၉၉၁

ရပြီဆိုရင် ဦးရဲ့မွေးနေ့ရက်ကို ထည့်ပေါင်း = ၉၉၁+၂၆=၁၀၁၇

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အဖြေကို ၅ နဲ့ ထပ်မြှောက်ဦး = ၁၀၁၇×၅= ၅၀၈၅

၆၉၂ ကို ထပ်ပေါင်းဦး = ၅၀၈၅+၆၉၂ = ၅၇၇၇

ပြီးရင် ၂၀ နဲ့ ထပ်မြှောက် = ၅၇၇၇ × ၂၀ = ၁၁၅၅၄၀

ဒါပြီးရင် ဦးရဲ့မွေးခုနှစ်က နောက်ဆုံးနှစ်လုံးကို ထည့်ပေါင်းဦး

မွေးခုနှစ်က ၈၈ ဆိုတော့ ၈၈ကို ထည့်ပေါင်းရမှာပေါ့။

ဟုတ်ပြီ။

၁၁၅၅၄၀+၈၈= ၁၁၅၆၂၈

"နောက်ဆုံးရလာတဲ့အဖြေကို ၃၂၉၄၀ နှုတ်လိုက်"

ကျုပ်လည်း မူးတော့မူးလာတယ်။ ဒါပေမယ့်လည်း သူ ပြောတဲ့အတိုင်း လိုက်လုပ်နေရတယ်။

၁၁၅၆၂၈-၃၂၉၄၀ = ၈၂၆၈၈

"ရလာတဲ့အဖြေကို သားကိုပြောပြ"

"၈၂၆၈၈"

"ဒါဆို ဦးမွေးနေ့က ၈ လပိုင်း ၂၆ ရက်နေ့ ၈၈ ခုနှစ် ဖြစ်ရမယ်"

"ဟင်..."

အံ့ဩတဲ့အပြင် ကြက်သေသေသွားတယ်။ ဟုတ်လှ ချည်လား။

ဒီတိုင်းပြည်ရဲ့ ကလေးက အဲဒီလောက်တောင် တော်နေပြီ ဆိုတော့ အခြားလူတွေဆို မတွေးရဲဘူး။ (ထိုတွက်နည်းကို စာအုပ် နောက်တွင် အဆင့်လိုက် ဖော်ပြထားပါသည်။)



ထိုသို့ တွေးနေစဉ်မှာပဲ ကလေးက ကျုပ်လက်ထဲက သတ်ကျန်အဝိုင်းပြားကို ဆွဲလုပြီး အဝေးကို ထွက်ပြေးသွားတယ်။

အဲ့ဒီအချိန်မှာပဲ ကျုပ်ဗိုက်ထဲက တဂွီဂွီမြည်လာပြီး ဗိုက်ဆာလာတော့တာပဲ။ ဒုက္ခပဲ။

ဘယ်လိုလုပ်ရမှန်း မသိဘူး။

တနယ်တကျေးမှာ မျက်လုံးသူငယ် နားသူငယ်နဲ့ ဘယ်မှာစားရ မှာတုန်း။ ပိုဆိုးတာက လက်ထဲမှာကလည်း တစ်ဝိုင်းမှ မရှိတော့ဘူး။

ရုတ်တရက် အတွေးရသွားပြီး ပြေးသွားတဲ့ကလေးကို လှမ်းအော်ခေါ်လိုက်ရတယ်။

"ဟေ့... ကလေး၊ ငါ့ ခဏစောင့်ပါဦးကွ၊ ငါလည်း မင်းနဲ့အတူ မုန့်စားတဲ့ပွဲ လိုက်ချင်လို့"

■

www.burmeseclassic.com

www.burmeseclassic.com

## (၃)

မုန့်စားတဲ့ပွဲက အကြီးကြီးထင်လို့ လိုက်သွားမိတယ်။ ဘယ်ဟုတ်မလဲ၊ အိမ်တစ်အိမ်က မုန့်ဝေတာကို ကလေးတွေက တန်းစီယူရတာပါ။

ဘာပဲဖြစ်ဖြစ် ကျုပ်လည်း ဗိုက်ဆာတာနဲ့ ဝင်ရောက်တန်းစီမိတော့တာပဲ။ ခဏကြာတော့ ကျုပ် ဒုက္ခရောက်တော့တာပဲ။

"ဟေ့လူ ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ၊ မုန့်စားမလို့ တန်းစီတာလေ"

"မရဘူး"

"ဟင်... ကုန်သွားလို့လား"

"အာ... ကုန်သွားတာ မဟုတ်ဘူး၊ ဒီမုန့်ဝေတာက ကလေးတွေကိုပဲ ပေးတာ"

မပေးဘူးဆိုကာမှ ဗိုက်ကပိုဆာလာတယ်။



"ဟို... တစ်ခုတည်း ယူမှာပါဗျာ"

"မရဘူး၊ နေပါဦး ခင်ဗျားက ဒီတိုင်းပြည်က မဟုတ်ဘူးလား"

"အဟီး... မဟုတ်ဘူးဗျ"

ဘယ်လိုပဲ မျက်နှာချိုသွေးသွေး ဒင်းက ခွင့်မပြုပါဘူး။

ဒါနဲ့ ဘေးထွက်ထိုင်နေရပြီး ကလေးတွေ မုန့်ယူတာကို အငေးသားနဲ့ ထိုင်ကြည့်နေရတယ်။

"ဂွီ...ဂွီ....ဂွီ"

မစားရပါဘူးဆိုမှ ဗိုက်က ပိုမိုမြည်လာတယ်။

အဲ့ဒါနဲ့ ဟိုကြည့်ဒီကြည့် လုပ်မိရာ ခပ်လှမ်းလှမ်းရှိ ဆိုင်းဘုတ် တစ်ခုကို တွေ့လိုက်ရတယ်။

| ထမင်းစားဖို့အတွက် အလုပ်လုပ်ရမယ် |
| --- |

ဒါကတော့ သူပြောမှလား။ ကျုပ်လည်း သိတာပေါ့။ အဲ... ဒါပေမယ့် ဆက်ရေးထားတဲ့ စာသားကို ပိုပြီး စိတ်ဝင်စားသွားတယ်။

| အလုပ်လုပ်ဖို့လိုရင် ဒီအိမ်မှာ ရှိတယ် |
| --- |

ဘာပဲဖြစ်ဖြစ် ထိုင်နေရာမှ ထလိုက်တယ်။ ဒီတိုင်းပြည်မှာက ကလေးတွေပဲ မုန့်အလကားစားလို့ရတာ ထင်တယ်။ လူကြီးတွေကတော့ အလုပ်လုပ်မှ ကျွေးတာနဲ့တူရဲ့။

ဒီတော့ သူ့နေရာရောက်တော့ သူ့ပုံစံပေါ့။ အဲ့ဒီလိုနဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှိတဲ့အိမ်ရှေ့ ရပ်လိုက်တယ်။ ဗိုက်ကလည်း တဂွီဂွီနဲ့ပေါ့။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အထဲက ဘာအသံမှ မကြားရဘူး။

ဆိုင်းဘုတ်ကို တစ်ချက်ပြန်ကြည့်လိုက်တယ်။ သေချာပါတယ်။ အလုပ်ရှိတဲ့အိမ်လို့ ရေးထားတာပဲ။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

"ဘာတုန်း"

အထဲက အသံတစ်သံ ကြားရတယ်။ လူတော့ မမြင်ရပါဘူး။

ထွက်လာမလား ရပ်စောင့်နေသေးတယ်။ မထွက်လာတာနဲ့ ထပ်ခေါ်ရပြန်တယ်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

"ဘာတုန်း"

"ဒီအိမ်မှာ အလုပ်ရှိတယ်ဆိုလို့"

"မအားဘူး၊ တွေ့ချင်ရင် ဝင်လာ"

ဆက်ဆံရေး ကျဲလိုက်တာ။ ဒါ ကျုပ်အလုပ်ရှင်သာ ဆိုရင်တော့ သေပြီ။

တံခါးမရှိတော့ အထဲကို ဒီအတိုင်းပဲ ဝင်လိုက်တယ်။ အိမ်ကသားနားပြီး အဖိုးတန်ပစ္စည်းတွေနဲ့ ပြည့်နေတာပဲ။

ခုနက အလုပ်ရှင်ကတော့ စားပွဲတစ်ခုပေါ်မှာ ထိုင်နေတာ



တွေ့ရတယ်။

စားပွဲပေါ်မှာလည်း သစ်သားစတွေနဲ့ အရုပ်တွေနဲ့ ပြည့်နေတာပဲ. . .။ အရုပ်လုပ်တဲ့ လူထင်တယ်။

"ဘာကိစ္စလဲ"

"အလုပ်ရှိတယ်ဆိုလို့"

ထိုလူက မျက်မှောင်ကျုတ်ပြီး ကြည့်တယ်။

အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနဲ့ ဆံပင်က ဘုတ်သိုက်ဖြစ်နေတယ်။

"မင်းက ဒီတိုင်းပြည်က မဟုတ်ဘူးထင်တယ်"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

"ဒီတိုင်းပြည်က လူဆိုရင် ငါ့အလုပ်ကို လာလုပ်မှာမဟုတ်ဘူး"

"ဟင်. . ."

သူက ပင်ပင်ပန်းပန်းတွေ ခိုင်းလို့လား။ ဒါမှမဟုတ် အဝိုင်းပြားပေးတာ နည်းလို့လား။

ဂွီ. . . ဂွီ. . . ဂွီ. . .။ ဗိုက်ကမခံမရပ်နိုင်အောင် ဆာလာတယ်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါ့အလုပ်ကို ဒီတိုင်းပြည်က လူတွေက မလုပ်လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာအလုပ်မို့လို့လဲ"

"အလုပ်ကတော့ ထွေထွေထူးထူး မဟုတ်ပါဘူး၊ ငါ့အတွက် ဆုတောင်းရတဲ့ အလုပ်ပါ"

"ဗျာ"

ဒီလူရူးများ ရူးနေလား မသိဘူး။ သူ့အတွက် ဆုတောင်းဖို့ပဲ အလုပ်ခန့်ရတယ်လို့။ ဘာပဲဖြစ်ဖြစ်လေ ပင်ပင်ပန်းပန်း မလုပ်ရဘူးဆိုတော့ ကောင်းတာပေါ့။

"လုပ်မယ်ဗျာ၊ အဲ. . . တစ်ခုမေးပါရစေ၊ ဆုပဲ တောင်းပေးရမှာကို ဒီကလူတွေက ဘာဖြစ်လို့ မလုပ်ကြတာလဲ၊ ပြီးတော့ ဒီလိုခန့်ဖို့ရော လိုလို့လား"

"ငါက အမြဲတမ်း ငါ့အရုပ်တွေနဲ့ အလုပ်ရှုတ်နေတဲ့ သူကွ၊ ဒီတော့ ငါ့အတွက်ငါတောင် မဆုတောင်းအားဘူး"

"အင်း"

"ဒါပေမယ့် ငါအခု အိမ်ထောင်ပြုချင်နေပြီ"

"လူပျိုကြီးပေါ့"

"အေး"

ထိုလူက အောင့်သက်သက်နဲ့ ပြန်ဖြေတယ်။

"အခုထိ ငါနဲ့ အဆင်ပြေမယ့် မိန်းမကို မတွေ့သေးဘူး"

"အင်း. . . ဟုတ်ပြီ"

"ဒီတော့ ငါ့အတွက် ဇနီးမယား လှလှလေးတစ်ယောက်ရဖို့အတွက် ဆုတောင်းဖို့ လိုတယ်ကွ"

"ဟုတ်"

"မင်းသိတဲ့အတိုင်းပဲ ငါက အရုပ်တွေလုပ်ပြီး တစ်နေကုန် အလုပ်အားတဲ့သူ မဟုတ်တော့ ငါ့ကိုယ်စား ဆုတောင်းပေးမယ့် လူတစ်ယောက် လိုနေတယ်၊ အဲ့ဒါကြောင့် အလုပ်ခန့်ရတာပဲကွ"

ကြောင်တောင်တောင်နိုင်တဲ့ စိတ်ကူးပဲ။ ဒါပေမယ့် သူ့အရုပ်မှာတော့ သူ့ဇာတ်ပဲပေါ့။

သူကြောင်ဟာ ကိုယ်တောင် အလုပ်ရသေးဆိုပြီး တွေးနေလိုက်တယ်။

"ဒါလေးပဲ လုပ်ရတာတောင် ဒီကလူတွေ မလုပ်ဘူးဆိုတော့"

"ဒီတိုင်းပြည်မှာ အယူအဆ တစ်ခုရှိတယ်ကွ"

"ဘာလဲ"

"ကိုယ်စား ဆုတောင်းပေးတဲ့ လူဟာ၊ မိမိကိုယ်တိုင်ကျတော့ အဲ့ဒီဆုတောင်း၊ ဆန္ဒက မပြည့်တော့ဘူးတဲ့၊ ဥပမာ အစိုင်းပြား ၂၀၀၀ ရပါစေလို့ သူများကိုယ်စား ဆုတောင်းရင် အဲ့ဒီဆုတောင်းပေးတဲ့ လူကိုယ်တိုင်က ငွေအစိုင်းပြား ၂၀၀၀ မရတော့ဘူးလို့ အယူအဆရှိတယ်"

"အင်"

ဘယ်လို အယူအဆကြီးလည်းဟ။ ဘာမှလည်း မဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ. . . သူ့တိုင်းပြည်၊ သူ့ယုံကြည်မှုနဲ့ သူပေါ့။

"ကောင်းပြီလေ၊ ဘာဆုတောင်းရမှာလဲ၊ ဘယ်မှာ ဆုတောင်းရမှာလဲ၊ ဘယ်လောက်ရမှာလဲ. . . အဲ. . . ဒါပေမယ့် အခုတော့ ဗိုက်ဆာနေတယ်ဗျ၊ တစ်ခုခုများ. . ."

"ပြီးရင် စားပေါ့၊ အလုပ်က ငါတို့တိုင်းပြည်မှာ ဆုတောင်းရမယ့် နေရာသီးသန့် တစ်ခုရှိတယ်၊ အဲ့ဒီမှာ သွားပြီး ဆုတောင်း ရမှာ၊ တစ်နေ့ကို နေအထွက်ကနေ နေနည်းနည်းစောင်းတဲ့အထိ ဆုတောင်းပေးယုံပဲ၊ တစ်နေ့ကို အဝိုင်းပြား တစ်ဝိုင်းရမယ်"

"အဆင်ပြေပါတယ်၊ ဒါနဲ့ ဘယ်လို ဆုတောင်းရမှာလဲ"

"နေဦး၊ မင်းနာမည် ဘယ်လိုခေါ်လဲ"

"မောင်နှစ်"

"အေး. . . ငါ့အမည်က 'ဂွ' လို့ ခေါ်တယ်"

"အင်"

နာမည်က ဘယ်လိုကြီးမှန်း မသိ။

"ဒီတော့ မင်းက ဒီလို ဆုတောင်းရမယ်"

"ဘယ်လိုလဲ"

"ကျွန်ုပ် မောင်နှစ်သည် 'ဂွ' အတွက် ဆုတောင်း ပေးပါတယ်။ 'ဂွ'တစ်ယောက် ချောချောလှလှ ဇနီးတစ်ယောက် ရပါစေ"

"အဟီး"

မအောင့်အီးနိုင်ပဲ ရယ်မိလိုက်တယ်။ ဘယ်လိုကြီးလဲဟ။



ထားပါလေ၊ လူပျိုကြီးဆိုတော့။ 'ဂွ'က ကျုပ် ရယ်ပြုံပြုံဖြစ် နေတာကို ဂရုမစိုက်ပါဘူး။

ဒါပေမယ့် သူက သေချာအောင်တော့ မေးခွန်းတစ်ခု ထပ်မေးတယ်။

"မင်းလုပ်မှာ သေချာတယ်နော်"

"သေချာပါတယ်"

"ဒါဆို မင်း ငါ့ရဲ့ဆုတောင်းအတိုင်း မပြည့်တော့ဘူးနော်"

မယုံကြည်တော့ 'ရတယ်'လို့ ဖြေလိုက်တယ်။ အခုအချိန်မှာ အလုပ်က အရေးကြီးတယ်လေ။ ဒီလို လွယ်လွယ်လေး လုပ်ရတဲ့ အလုပ်ဆို ပိုတောင်လုပ်ချင်သေး။

"ဖြစ်ပါတယ်ဆို"

"မင်း ဘယ်လိုလူလည်းကွာ၊ အေးလေ. . . ထားပါတော့ ငါကံကောင်းတယ်ပဲ မှတ်လိုက်မယ်၊ ငါကတော့ မင်းလိုမျိုး မိန်းမ ချောချော မရပဲ မနေနိုင်ဘူးဟေ့"

ထိုသို့ပြောပြီး သူ့အလုပ် သူဆက်လုပ်နေတယ်။

ဒါနဲ့ ကျုပ်ကလည်း-

"အလုပ်က ဘယ်တော့ စလုပ်ရမှာလဲ"

"အခုလုပ်ရင် ရပြီလေ"

"တစ်ခုခုတော့ အရင်ကျွေးဦးဗျာ"

"သြော်. . . အိမ်နောက်မှာ ရှိတာသွားစား"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးဝင်ပြီး ရှိတာတွေ အကုန်စားလိုက်တယ်။

ကောင်းလိုက်တာ၊ ကျုပ်တစ်သက် ဒီလောက်ကောင်းတာ တစ်ခါမှ မစားဖူးဘူး. . .။

■

ကျွန်ုပ်မောင်နှစ်သည် 'ဂွ'အတွက် ဆုတောင်းပေးပါတယ်။

'ဂွ'တစ်ယောက်ချောချောလှလှ ဇနီးတစ်ယောက် ရပါစေ။

www.burmeseclassic.com


www.burmeseclassic.com

## (၄)

ထိုစကားကို ရွတ်ပေးနေတာပဲ အခေါက်အပေါင်း တစ်ထောင်မက ရှိနေပြီ။ အာတော့ နည်းနည်းညောင်းတာပေါ့။ ဒါပေမယ့် အဝိုင်းပြားရတယ်။ နောက်ဆုံး အပိုအလို ပေးတဲ့အနေနဲ့ တစ်ခေါက်ရွတ်လိုက်ပြီး အလုပ်ကို အဆုံးသတ်လိုက်တယ်။

သူတို့ ဆုတောင်းတဲ့နေရာက တိုင်းပြည်အလယ်တည့်တည့်မှာ ရှိပုံရတယ်။ သေချာပြောရရင် ဆုတောင်းတဲ့နေရာက အိုးတွေ မြေကြီးထဲဝင်နေတဲ့ ပုံစံတွေရှေ့မှာပဲ ဆုတောင်းရတာပါ။





ဒါနဲ့ ဆုတောင်းအပြီး မောတာနဲ့ အဲဒီနားမှာ နားနေလိုက်တယ်။ အမောပြေမှ 'ဂွ'အိမ်မှာ အဝိုင်းပြား သွားယူမယ်ပေါ့။

"ကျွန်ုပ် 'တာ'သည် ဒိဿပါမောက္ခကြီးရဲ့သမီး လှလွန်းမေနဲ့ မယူရပါစေနဲ့"

ရုတ်တရက် ခပ်စူးစူးထွက်လာတဲ့ ဆုတောင်းသံကြောင့် ကျုပ်လည်း လန့်သွားတယ်။

ဒါနဲ့ လှည့်ကြည့်တော့ ကျုပ်နဲ့ မလှမ်းမကမ်းမှာ လူတစ်ယောက် ဆုတောင်းနေတာ တွေ့ရတယ်။

"ကျွန်ုပ် 'တာ'သည် ဒိသာပါမောက္ခကြီးရဲ့သမီး 'လှလွန်းမေ'နဲ့ မယူပါရစေနဲ့"

ဆုတောင်းက ဆန်းနေတာကြောင့် စိတ်ဝင်စားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့တွေက ယူချင်လွန်းလို့ ဆုတောင်းကြတယ်။

အယ့်နှယ့်။ သူ့ကျမှ မယူချင်လို့ လာဆုတောင်း ရတယ်လို့။ ပြီးတော့ ဒီဿပါမောက္ခရဲ့ သမီးတဲ့။ ဒီဿပါမောက္ခရဲ့ သမီးတွေက တော်တော်ချောတယ်လို့ ကြားဖူးပါတယ်။ နာမည်လေးကလည်း လှလွန်းမေတဲ့ တော်တော်ချောမယ့်ပုံပဲ။

ဒင်းနဲ့ ခြောက်များခြောက်နေလို့လား။ ဒါနဲ့ စိတ်ဝင်စားသွားသောကြောင့်-

"ဟေ့လူ"

သူက တစ်ချက်ကြည့်တယ်။

ပြီးနောက် ပြန်လှည့်သွားပြီး ခုနက ဆုတောင်းကိုပဲ နှစ်ခေါက်ထပ်ရွတ်တယ်။ ပြီးမှ-

"ဘာလဲ"

"ခင်ဗျားနဲ့ဗျာ ဒီဿပါမောက္ခရဲ့ သမီးကိုလူတိုင်း လိုချင်လို့ သုံးနှစ်သုံးမိုး ပညာသင်ပြီး ပိုးပန်းရတယ်လို့ပဲ ကြားဖူးပါတယ်၊ အခုတော့ ခင်ဗျားက မလိုချင်လို့ လာဆုတောင်းနေပါလား"

သူက ကျုပ်ကို ကြည့်တယ်။

"ခင်ဗျားက ဒီတိုင်းပြည်က မဟုတ်ဘူးမှတ်လား"

"အင်း. . . မဟုတ်ဘူး"

"အဲ့ဒါဆို ဝင်မပြောပါနဲ့ဗျာ၊ ခင်ဗျားကြားဖူးထားတဲ့ ဒိဿပါမောက္ခကြီးတွေရဲ့ သမီးလိုမျိုး ကျုပ်တို့ဒီဿပါမောက္ခရဲ့ သမီးက မချောဘူး၊ မလှဘူးဗျ၊ ရုပ်ဆိုးတာမှ အားလုံးသူ့ရှေ့မှာ ခေါင်းငုံ့သွားရတယ်၊ မြင်ရင် ကြောက်လို့"



"သြော်. . . ဒီလိုလား"

"ဟုတ်တယ်"

"ဟုတ်ပါပြီ။ မချောလို့ မလှလို့ မယူချင်လည်း ရပါတယ်၊ ခင်ဗျားက ချစ်ကြောင်း၊ ကြိုက်ကြောင်း မပြောရင် ဘယ်ချစ်သူတွေဖြစ်မလဲ။ ချစ်သူတွေမဖြစ်ရင် ယူစရာမလိုဘူးလေ။ အဲဒီတော့ ဒီလိုတောင် လာဆုတောင်းစရာမလိုဘူး"

"ဟာဗျာ၊ ခင်ဗျားကလည်း မသိပဲ ပြောပြန်ပြီ"

ဟုတ်တယ်လေ။ ကျုပ်ပြောတာ မဟုတ်လို့လား။ ဒင်းလျှာမရှည်ရင် ဒင်းမရဘူးပေါ့။ အခုတော့. . .။

"အင်း. . . ဘာဖြစ်လဲ ပြောပါဦး"

"ခင်ဗျားလည်း ကြားဖူးမှာပေါ့"

"ဘာလဲ"

"ဒိဿပါမောက္ခကြီးဆီမှာ သုံးနှစ်သုံးမိုး ပညာသင်ပြီးသွားရင် တပည့်တွေထဲက တော်တဲ့လူနဲ့ သူ့သမီးကို လက်ထပ်ပေးတာလေ"

"အဲ. . . ဟုတ်သားပဲ၊ အဲ့ဒါတော့ သိတယ်"

"အခု အဲ့ဒါ ဒုက္ခရောက်နေတာပေါ့"

"ဒါဆို ခင်ဗျားက သူ့တပည့်တွေထဲက အတော်ဆုံးပေါ့"

"အဲ့ဒီလိုလည်း မဟုတ်ဘူး၊ ဒိဿပါမောက္ခကြီးရဲ့ တပည့်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တော်ကြတယ်။ တစ်ယောက်မကျန် တော်ကြတယ်"

"ဒီတော့ ဆရာကြီးက အားလုံးနဲ့ ပေးစားရတော့မှာပေါ့"

"ဟာ. . . အဲ့ဒီလို မဟုတ်သေးဘူးလေ"

"ဒီတော့ ဘယ်လိုကြီးတုန်း"

"ဘယ်သူပိုတော်လည်းဆိုတာ ရွေးရတာပေါ့"

"အင်း. . . ဟုတ်သားပဲ"

"ဒီတော့ ဆရာကြီးက ပြိုင်ပွဲလေး လုပ်တယ်၊ ဘယ်သူပိုတော်လည်းဆိုတာ သိရအောင်လေ"

"အင်း"

ကျုပ်လည်း စိတ်ဝင်စားလာတယ်။ ကျုပ်သိထားတဲ့ဟာတွေနဲ့ တလွဲစီဖြစ်နေတာကိုး။

သူက ဆက်ပြောတယ်။

"အဲ့ဒီတော့ ကျောင်းသားအားလုံးက ဆရာကြီးရဲ့ သမီးကို မလိုချင်ကြတော့ သူတို့ကိုယ်သူတို့ ပြိုင်ပွဲမှာ မတော်အောင် အားထုတ်ကြတယ်။ ဥပမာ-လေးပစ်တယ်ဆိုပါတော့ အားလုံးက ပုံမှန်ဆိုရင် မျက်စိမှိတ်ပစ်တာတောင် အလယ်ဗဟို ထိတယ်။ ပြီးတော့ ဘယ်လောက်ဝေးဝေး မိုးပေါ်ကမြှားတွေ ကျလာတဲ့ ပုံစံနဲ့လည်း ပစ်မှတ်ကို မှန်အောင်ပစ်နိုင်ကြတယ်။ အခုတော့ တမင်သက်သက် ရှုံးအောင်ဆိုပြီး ဘေးပစ်တဲ့လူကပစ်၊ အပေါ် ထောင်ပစ်တဲ့သူနဲ့ တစ်ယောက်မှ ပစ်မှတ်ကို မထိကြဘူး"



"အဲ. . ."

နည်းနည်းတော့ ရယ်ချင်သွားတယ်။ သူတို့နဲ့ တကူးတကကြီး မတော်အောင် လုပ်ရတယ်လို့။

တော်ဖို့ ဘယ်လောက်ခက်တုန်း။ အင်း. . . တစ်ခါတစ်လေတော့လည်း လွဲအောင် လုပ်ရတာလည်း ပညာတစ်ခုများ ဖြစ်နေမလား။

"ကြာလာတော့ ဆရာကြီးက ရိပ်မိလာပုံရတယ်"

"အေးလေ. . . ဒီလောက်လွဲအောင် ပစ်နေကြမှတော့ သူ့သမီး မလိုချင်လို့ ဒီကောင်တွေ အကွက်ရွှေ့နေပြီဆိုပြီး ထင်မှာပေါ့"

"အန်. . . ဘာအကွက်ရွှေ့တာလဲ"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ဟန့်ရေးပြနေတာလို့ ပြောတာ၊ ဆက်ပြော. . . ဆက်ပြော"

"ဒီတော့ ဆရာကြီးက အမိန့်တစ်ခု ထုတ်ပြန်တယ်"

နည်းနည်းစိတ်ဝင်စားလာသောကြောင့် သူ့အနား ကပ်လိုက်ပြီး-

"ဘယ်လိုထုတ်တုန်း"

"အညံ့ဆုံးလူနဲ့ ငါ့သမီးကို ပေးစားမယ်တဲ့"

"အဲ. . . သေရော"

ဒီသပါမောက္ခကြီးရဲ့ အတွေးကို တော်တော်လေးသဘော

www.burmeseclassic.com

www.burmeseclassic.com



ကျသွားတယ်။

သူ့သမီးကို မယူချင်ကြဘူးဆိုတော့ အားလုံးက တော်အောင်ကြိုးစားကြမှာပဲ။

ဒါပေမယ့် တော်အောင်လုပ်တယ်ဆိုတာ တစ်ခါတစ်လေတော့ လွဲချော်မှုတွေ ရှိကောင်းရှိနိုင်ပါတယ်။ ညံ့အောင်လုပ်ရတာသာ လွယ်တာ။

တော်အောင်လုပ်တယ်ဆိုတာ ခက်တယ်လေ။ အကယ်၍များ ကျောင်းသားတစ်ယောက်က ခြေချော်လက်ချော်ဖြစ်ပြီး၊ အမလေး. . . မတွေးရဲစရာပဲ။

ဒါပေမယ့် သူစကားကို စိတ်ဝင်စားနေတာကြောင့် ဆက်မေးရတယ်။

“အဲဒီတော့ ဘာဆက်ဖြစ်လဲ”

“အားလုံး ပစ်မှတ်အလယ်ဗဟိုကို ထိအောင်ကြိုးစားရတော့တာပေါ့”

“ထိကြလား”

“ထိတော့ ထိကြတယ်”

သူက ဝမ်းနည်းစွာနဲ့ စကားဆိုတော့-

“ထိတော့ ထိတယ်ဆိုတော့ ဘာကိုပြောတာလဲ”

“အားလုံးတော့ အလယ်ဗဟိုကို ထိကြပါတယ်၊ ဒါပေမယ့် အလယ်ဗဟိုကို ထိတာခြင်း အတူတူ၊ ထိပုံခြင်း မတူဘူးလေ”



“ဟင်. . . ဘယ်လိုမတူတာလဲ”

“အလယ်ဗဟိုကွက်တိ ထိတဲ့လူ ရှိသလို၊ နည်းနည်းလွဲတာသည်း ရှိတယ်. . . တစ်စိတ်၊ မသိမသာလေး လွဲတာတို့ပေါ့၊ မပြောပလောက်ပါဘူး၊ ဒါပေမယ့် အဲ့ဒီမပြောပလောက်တာကိုက အရှုံးပဲလေ၊ ညံ့လို့ အတိအကျ မပစ်နိုင်ဘူး ဖြစ်နေတာပေါ့”

“ဒါဆို နည်းနည်းလေး မဖြစ်စလောက် လွဲတဲ့လူ ဆရာကြီးရဲ့ သမီးကို ယူရမှာပေါ့”

“ဟုတ်တယ်”

ဝိုသံနည်းနည်းပါလာတယ်။

သူ့ကြည့်ပြီး ကျုပ်တောင် စိတ်ညစ်လာတယ်။

“အခု ခင်ဗျားက ရှုံးနေလို့လား”

“အဲ့ဒါတော့ မနက်ဖြန်မှ သိရမှာဗျ၊ ကျုပ်ဘယ်လောက်လွဲသလဲ၊ ဘယ်သူတွေ ဘယ်လောက်လွဲသလဲဆိုတာ ဆရာကြီးက မနက်ဖြန်မှ ကြေညာမှာတဲ့၊ အခု ဒါနဲ့ပတ်သက်ပြီး လာဆုတောင်းတာပဲ”

သူ့စကားကို အဆုံးသတ်ပြီး နံရံဘက်ကို မျက်နှာမူကာ ဆက်ဆုတောင်းနေပြန်တယ်။

ဆုတောင်းနေတာမှ တကယ့်ကို၊ လေးလေးနက်နက် ဆုတောင်းနေတဲ့ ပုံစံပါပဲ။

“နေပါဦးဗျ၊ ခင်ဗျားက လာဆုတောင်းနေရအောင်

www.burmeseclassic.com

www.burmeseclassic.com



အလယ်ဗဟိုကို သေချာမပစ်ခဲ့ဘူးလား"

"ပစ်တော့ပစ်တာပဲ၊ ဒါပေမယ့် ပစ်လိုက်တဲ့ အချိန်မှာ လက်အယူအဆက နည်းနည်းလွဲသွားတယ်ဗျ၊ အဲ့ဒါကို စိတ်ပူနေတာ၊ ပြီးတော့ ကျန်တဲ့ ပစ်တဲ့လူတွေကို လိုက်မေးကြည့်တော့လည်း ကျုပ်လောက် အချိန်အဆလွဲတဲ့လူ တစ်ယောက်မှ မရှိဘူးဖြစ်နေတယ်၊ ဒီတော့ ကျုပ်က ကံအဆိုးဆုံးဖြစ်ဖို့ များနေတယ်ဗျ၊ အဲ့ဒါကြောင့် ဆုတောင်းနေရတာ"

"ရော်. . ခက်ပြီ"

တကယ်လည်း ကြံရခက်သွားတယ်။ သူ့မှာလည်း ထိတ်ထိတ်လန့်လန့်နဲ့ ဆက်ဆုတောင်းနေတယ်။

မချစ်ရတဲ့သူနဲ့ ပေါင်းဖို့ဆိုတာကလည်း တစ်ဒုက္ခပဲ။

"ဆရာကြီးသမီးကို မယူချင်ဘူးဆိုပြီး ငြင်းလို့မရဘူးလား"

ကျုပ်ကလည်း အထွန့်တက်ပြီး မေးလိုက်တယ်။

သူက ဆုတောင်းနေရင်းမှ ခေါင်းခါပြပြီး-

"မရဘူးဗျ၊ သူက ဆရာလေဗျာ၊ ဒီတော့ သူ့စကားဘယ်လွန်ဆန်လို့ ဖြစ်မလဲ"

ဟုတ်တော့လည်း ဟုတ်သား။

ဒါနဲ့ ကျုပ်လည်း ဘာမှမပြောတော့ပဲ ငြိမ်နေလိုက်တယ်။ သူကတော့ ဆက်ဆုတောင်းနေလေရဲ့။

ခဏကြာတော့ ကျုပ်လည်း အတွေးတစ်ခုရတာနဲ့ အငြိမ်



မနေနိုင်ပဲ ထပ်မေးမိပြန်တယ်။

"ချစ်သူရည်းစားရှိလို့ မယူနိုင်ဘူးဆိုပြီး ပြောရင်ရော"

"အင်း. . . အဲ့ဒီလိုဆိုရင်တော့ ရတယ်၊ ခက်တာက ကျုပ်မှာ ချစ်သူရည်းစားဆိုလို့ တစ်ယောက်မှတောင် မရှိဘူး"

"လိမ်ပြောပေါ့ဗျ"

"အာ. . . ဒီတိုင်းပြည်မှာ ဘယ်သူဘာဖြစ်တယ်ဆိုတာ အားလုံးသိနေတာ လိမ်လို့မရဘူး"

"ဒါလည်း ဟုတ်သား"

"စိတ်အပင်ပန်း မခံပါနဲ့ဗျာ၊ ကျုပ်အဖြစ်နဲ့ ကျုပ်သာရှိပါစေတော့"

သူက ကျုပ်ကို အားနာလာပုံရတယ်။

ကျုပ်လည်း သူ့အဖြစ်ကို ကြည့်ပြီး တော်တော်လေးကို စိတ်မကောင်းဖြစ်နေမိတယ်။

ဒါကြောင့် ဘာရယ်မဟုတ် နည်းလမ်းလေးရလိုရငြား ဆက်စဉ်းစားနေမိတယ်။

"ခင်ဗျားကြိုက်နေတဲ့ ကောင်မလေးတွေကရော မရှိဘူးလား"

သူ တစ်ချက်တွန့်သွားတာကို ကျုပ်သတိထားမိတယ်။

ဒါဆို သေချာပြီ၊ သူကြိတ်ကြိုက်တဲ့ ကောင်မလေးရှိမှာပဲ။ ပြောရဲလို့လား၊ ဒါမှမဟုတ်. . .။

www.burmeseclassic.com

www.burmeseclassic.com



"ရှိတော့ ရှိတယ်၊ အင်း. . . မဖြစ်ပါဘူးဗျာ"

သူက သက်ပြင်းအရှည်ကြီးချပြီး ငြိုးငွားနေတယ်။

"ဘာဖြစ်လို့လဲဗျ၊ ပြောပြစမ်းပါ"

■

(၅)

"သူ့နာမည်က နံ့အုထွင့်တဲ့"

"အဲ. . . နာမည်က လှသား"

"အဟိး"

သူက သဘောကျပြီး မျက်နှာမထားတတ်အောင် ဖြစ်နေတယ်။ ဒါနဲ့ ကျုပ်လည်း ဆက်မေးရတယ်။

"ခင်ဗျားကို သူက ပြန်မချစ်လို့လား"

"ဟင်း. . . အဲ့ဒီလိုလည်း မဟုတ်ဘူးဗျ"

"ဒါဆို ပြန်ချစ်တယ်ပေါ့"

"ဒီလိုလည်း ပြောလို့မရပြန်ဘူး"

"သူ့မိဘတွေက သူ့သမီးကို သဲသဲလှုပ် ဖြစ်နေလို့များလား"

"ဒါကတော့ တစ်ဝက်ပဲ မှန်တယ်"

ရော်. . . သူ့ဟာက ဘယ်လိုကြီးတုန်း။ ကျုပ်လည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်လေသွားတာတော့ အမှန်ပဲ။

“ဒါဆိုလည်း အသေးစိတ် ပြောပါဦး”

“သူ့အဖေကြီးက လူ့ဂွစာကြီးဗျ၊ အူကြောင်ကြောင်ကြီး လို့လည်း သတ်မှတ်လို့ရတယ်”

“ဘယ်လို ဂွစာလည်း ပြောပါဦး”

“ဥပမာဗျာ- ဒီတိုင်းပြည်က ပိုက်ဆံရှိတဲ့ လူတော်တော်များများက ဝေါယာဉ်နဲ့ သွားကြတယ်”

“အင်း”

“အဲ့ဒီလို ဝေါယာဉ်သုံးရင် လူလေးယောက် သုံးရတယ်၊ ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက်ပေါ့”

“သိတယ်၊ ဆက်ပြော”

“အဲ့ဒါကို သူက လူလေးယောက်မဆွဲပဲနဲ့ အဲ့ဒီလူလေးယောက်နေရာမှာ ဘာလဲဗျာ၊ သူပြောတဲ့စကားအရဆိုရင် သစ်သားအဝိုင်းကြီးတွေတပ်ပြီး လူတစ်ယောက်ကပဲ တွန်းမယ်ဆိုရင် ကျန်တဲ့လူသုံးယောက်ကို အခြားနေရာတွေမှာ ခိုင်းလို့ မသင့်ဘူးလားဆိုတဲ့ အတွေးတွေပေါ့ဗျာ၊ အဲ့ဒီအတွေးတွေလောက် ကြောင် တာမရှိဘူး”

“ဟင်. . .”

အဖိုးကြီးရဲ့ အတွေးကိုတော့ နည်းနည်းတွန့်သွားတယ်။

ကျုပ်တွန့်သွားကြောင်းကိုတော့ ‘တာ’က မရိပ်မိပါဘူး။ သူ့အရှိန်နဲ့သူ ဆက်ပြောနေတယ်။



“အခုလည်း သူ့သမီးနဲ့ ပတ်သက်ရင် ဒီလိုပဲ”

“ဘာ. . . သူက လူတစ်ယောက်ပဲ ယူလို့ရတဲ့ သူ့သမီးကို လူလေးယောက်နဲ့ ပေးစားမလို့လား”

“ဟာဗျာ. . . ခင်ဗျား ဘာတွေပြောနေတာလဲ”

“နို့. . . သိဘူးလေ၊ ခင်ဗျားပဲ ခင်ဗျားယောက္ခမကြီးက ဂွတွေးတွေးတယ်ဆို”

“မဟုတ်ဘူး. . . မဟုတ်ဘူး၊ အခုကိစ္စမှာ ဒီလို မဟုတ်ဘူး”

“ဒါဆို ဘယ်လိုတုန်း”

“ငရုတ်သီးနဲ့ ဆိုင်တယ်”

“ဘာ. . .”

■

www.burmeseclassic.com

www.burmeseclassic.com

## (၆)

"သူ့သမီးကို ယူတဲ့လူက ခံနိုင်ရည်ရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ရမယ်တဲ့"

"အဲ့ဒါ ငရုတ်သီးနဲ့ ဘာဆိုင်လို့လဲ"

"လာမယ်လေ၊ ခင်ဗျားက လောလိုက်တာ"

ကျုပ် ကောခံလိုက်ရတယ်။ ကျုပ်ကလည်း ကျုပ်ပဲလေ။ သိချင်နေတာကိုး။ သူက မျက်စောင်းတစ်ချက်ထိုးပြီး ဆက်ပြောပြတယ်။

"သူ့သမီးကို ယူချင်တဲ့လူက ဒီတိုင်းပြည်မှာ 'အပူဆုံး၊ အစပ်'ဆုံးဖြစ်တဲ့ ငရုတ်သီးသုံးတောင့်ကို တပြိုင်တည်းစားရပြီး စားပြီးတဲ့အချိန်မှာ 'အား. . . စပ်လိုက်တာ. . . စပ်လိုက်တာ'လို့ မအော်ရတဲ့အပြင် ရေလည်း တောင်းမသောက်ရဘူးတဲ့၊ အဲ့ဒီလို ခံနိုင်တဲ့ သူမှ သူ့သမီးနဲ့ ပေးစားမယ်တဲ့"



"ရော်. . . သူ့ဟာကြီးက ဘယ်လိုကြီးတုန်း၊ တချို့တွေလိုမျိုး ပညာတတ်ရမယ်၊ အဝိုင်းပြားရှိရမယ်၊ မျိုးရိုးကောင်းရမယ် ဆိုတာတွေပဲ ကြားဖူးပါတယ်၊ သူ့ကျမှ ဘယ့်နှယ့်. . . ငရုတ်သီး စားပြီး မအော်ရဘူးတဲ့"

တော်တော်လေးဂွကျသော အတွေးဖြစ်ပေမယ့် သူ့အကြောင်းနဲ့ သူတော့ ရှိမှာပဲလေဆိုပြီး ဖြည့်တွေးလိုက်ရတယ်။

ဒါနဲ့ ကျုပ်ကလည်း လျှာထပ်ရှည်မိတယ်။

"သူ့ရှေ့မှာသွားစားတဲ့ လူတွေရော ရှိလား"

"ရှိတာပေါ့၊ 'နုအုထွင်'က ချောလှတော့ ငရုတ်သီးသွားစားတဲ့ လူတွေနည်းတာ မဟုတ်ဘူး"

"အမလေး"

တွေးရင်းနဲ့တောင် စပ်လာတယ်။

"ဒါပေမယ့် ဘယ်သူမှ အဆင်မပြေပါဘူးဗျာ၊ တစ်ယောက်ဆို အသံပြကြီးနဲ့ 'စပ်လိုက်တာ. . . စပ်လိုက်တာ'လို့အော်ပြီး အိမ်ကို ပတ်ပြေးနေတာ နေတစ်ဝက်ကျိုးသွားတယ်"

"ဒီတိုင်းပြည်က ငရုတ်သီးက အဲ့ဒီလောက်တောင် စပ်လား"

"စပ်တာမှ အဲ့ဒီ ငရုပ်သီးစိုက်တဲ့ မြေကြီးကို လျှာနဲ့တို့ကြည့်ရင်တောင် စပ်နေတယ်"

အဲ့ဒီလို ညွှန်းနေတော့လည်း လက်ခံလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို ကျုပ်က ငရုတ်သီးကြောက်တာကိုး။ တော်ကြာ စမ်းခိုင်းမှဖြင့် . . .။

"ဒါဆို 'နူအုထွင့်'ကို တစ်ယောက်မှ မရသေးဘူးပေါ့"

"အင်း"

"ခင်ဗျားရော တစ်ခေါက်တလေလေး ဘာလေး သွားပြီး မကြိုးစားဖူးလား"

"ကြိုးစားပါရောဗျာ. . . သုံးခေါက်တောင် သုံးခေါက်တောင်"

သူမျက်ရည်ဝဲလာတယ်။ တွေးရင်းတွေးရင်း စပ်လာတယ်နဲ့ တူပါရဲ့။

"အဲ့ဒီတော့. . ."

"အဲ့ဒီတော့ ကျုပ်လည်း စပ်တာပေါ့ဗျ။ ရေတောင် တစ်အိုးလုံးကုန်တယ်"

"အိမ်း"

ကျုပ်တို့စကားပြောနေဆဲမှာပဲ ကောင်လေးနှစ်ယောက် ထပ်ရောက်လာပြီး ဆုတောင်းနေတဲ့အသံကို ကြားရတယ်။

ဆုတောင်းတာက ကျယ်ကျယ်မဟုတ်တော့ ဘာဆုတောင်းမှန်းမသိ။ တိုးတိုး တိုးတိုးနဲ့၊ အင်း. . . လူမသိသူမသိ ကိစ္စများလား။

ဒါနဲ့ သိပ်စိတ်ဝင်စားချိန် မရပါဘူး။

'တာ'က လှမ်းမေးလို့ ဖြေနေရသေးတယ်။



"ခင်ဗျားက ဒီတိုင်းပြည်က မဟုတ်ဘူးဆိုတော့ ဘယ်တိုင်းပြည်ကလဲ"

"မသိဘူး"

'တာ'က ကျုပ်ကို အရူးလို့ ထင်သွားလားမသိဘူး။ ထင်ပေ့စေ။ ကျုပ်မှ မသိဘဲနဲ့ ဟာကို။

"အခု ဒီဆုတောင်းတဲ့နေရာမှာ ဘာလာဆုတောင်းတာလဲ"

ဒါကိုတော့ ကျုပ်က မချွင်းမချန် ပြောပြလိုက်တယ်။ လူပျိုကြီး 'ဒွ'က မိန်းမလိုချင်နေတာ 'ရွှ'နေကြောင်း စသည်စသည်ဖြင့်ပေါ့. . . .။

အဲ့ဒီလို ပြောပြီးရော 'တာ'က ကျုပ်ကို တအံ့တဩ ကြည့်နေတယ်။

"ဒါဆို ခင်ဗျားက ခင်ဗျားတစ်ဘဝလုံးနဲ့ ရင်းပြီး လုပ်ပေးလိုက်တာပေါ့"

ကျုပ်လည်း တဟဲဟဲနဲ့ ရယ်နေလိုက်တယ်။

ကျုပ်မှ မယုံပဲကိုးဗျ။

"ရပါတယ်ဗျ၊ ဘာမှ မဖြစ်ပါဘူး"

"ခင်ဗျားက အယုံအကြည်မရှိဘူး ထင်တယ်၊ အဲ့ဒါ ဒီတိုင်းပြည်မှာ လက်တွေ့နော်"

ကျုပ်လည်း အားနာနာနဲ့ ဆက်နားထောင်နေလိုက်တယ်။

"ကျုပ်အသိ 'မလင်ပန်း'ရဲ့ ယောက်ျားဆိုရင် အခြားသူ

www.burmeseclassic.com

www.burmeseclassic.com



အတွက် အဝိုင်းပြား အဆင်ပြေပါစေဆိုပြီး ဆုတောင်းပေးလိုက်တာ ဟော... ကြည့်၊ အခုထိ သူ့မှာ အဝိုင်းပြားရှာဖို့ ခက်ခဲနေပြီ၊ သူ့ဆုတောင်းပေးတဲ့လူက ဝင်လိုက်တာမှ အဝိုင်းပြားတွေ ထားစရာတောင် မရှိဘူး"

"အဟင်း"

"ပြီးတော့ ကျုပ်အမေရဲ့ ဘကြီး 'ဦးထောင်ထောင်ထိုး' ဆိုရင်လည်း အဲ့ဒီလိုပဲ၊ သူ့သူငယ်ချင်းကို သနားလို့ဆိုပြီး သူ့သူငယ်ချင်း မိန်းမရပါစေဆိုပြီး ဆုတောင်းပေးလိုက်တာ အခု အသက်ကြီးတဲ့ အထိ လူပျိုကြီး ဖြစ်နေတုန်းပဲ"

"ဟင်"

သူပြောတာကို နားထောင်ရင်း နည်းနည်းတော့ ရင်ပူလာတယ်။

"အဲ့ဒီဘကြီးရဲ့ သူငယ်ချင်းကရော မိန်းမရသွားလား"

"ရတာပေါ့၊ ချောချောလှလှလေး"

"အင်..."

မယုံကြည်ပေမယ့် အဖြစ်အပျက်တွေများတော့ ကျုပ်တောင် ဇဝေဇဝါဖြစ်သွားတယ်။

"ဒါနဲ့ မေးပါရစေ"

"အင်း"

"ဒါကြီးက ဘယ်သူလုပ်ထားတာလဲဗျ"

ဆုတောင်းတဲ့နေရာကရှိတဲ့အရာတွေကို လက်ညှိုးထိုးပြီး မေးလိုက်တယ်။

"မသိဘူး၊ ဘိုးဘေးဘီဘင်ထဲက ရှိတာ၊ တကယ်လည်း ဆုတောင်းပြည့်တဲ့အတွက် အားလုံးယုံယုံကြည်ကြည်နဲ့ လုပ်နေကြတာ"

ကျုပ်လည်း ဆက်မမေးတော့ပဲ ငြိမ်နေလိုက်တယ်။

စကားပြောတာ ဘယ်လောက်ကြာသွားသည်မသိ။ နေပင် အတော်စောင်းနေပြီ။

မကြာခင်အချိန်မှာ မိုးချုပ်တော့မယ်။

"ခင်ဗျားဘယ်မှာ နေလဲဗျ"

'တာ'အမေးကြောင့် ကျုပ်လည်း အခုမှ စဉ်းစားမိတယ်။ ကျုပ်မှာ ညဆိုရင် အိပ်စရာနေရာ မရှိသေးဘူး။

ဒါကို 'တာ'ကလည်း ရိပ်မိပုံရတယ်။

"စဉ်းစားမနေနဲ့ဗျာ၊ ကျုပ်အိမ်မှာ လိုက်အိပ်"

"ဖြစ်... ဖြစ်ပါ့မလားဗျ"

"ဖြစ်ပါတယ် အိမ်မှာ ကျုပ်ရယ်၊ အမေရယ်ပဲရှိတာ"

ပျော်သွားတယ်။ နေစရာ ရပြီဆိုတော့ စိတ်ချမ်းသာသွားတာပေါ့။

လူဆိုတာ စားစရာနဲ့ နေစရာရှိရင် ပျော်တတ်တဲ့ လူမျိုးပါရဲ့။ ဒါပေမယ့် 'တာ'အိမ်မှာ အလကား နေရတာတော့

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးပေါ့။

အားနာစရာကြီး။ ကျုပ်က အားနာတတ်တော့ ပိုဆိုးသေး။ ဒီတော့. . .။

အင်း. . . ဘာလုပ်ပေးရင် ကောင်းမလဲ။

"ကျုပ်ကို ဒီလိုကူညီတာ ကျေးဇူးပါပဲဗျာ"

"ရပါတယ်၊ ကျုပ်တို့တိုင်းပြည်က ကူညီတတ်ပါတယ်"

"ဒါပေမယ့်. . . ခင်ဗျား အဲ့ဒီလို ကူညီတဲ့အတွက် တစ်ခု ပြန်ကူညီမယ်ဗျာ"

"ဘာကူညီမလို့လဲ"

"နုအုထွင်ရှ ကိစ္စကူညီမယ်"

"ဟင်. . . တကယ်"

သူ့မျက်နှာ ဝင်းလက်သွားတယ်။

ရုတ်တရက်ကြောင်ပြီး ကျုပ်ပခုံးကို လှမ်းကိုင်လိုက်တယ်။ နောက်မှ မျက်နှာ ညှိုးငယ်သွားပြီး-

"အင်း. . . ခင်ဗျားက ဘာကူညီနိုင်မှာမို့လို့လဲဗျာ၊ ငရုတ်သီး စားရမယ့်သူက ကျုပ်ကိုယ်တိုင်ဆိုတော့ ခင်ဗျား မကူညီနိုင်ပါဘူး"

"ကျုပ်ကတော့ ငရုတ်သီး ဘယ်စားနိုင်မလဲ၊ စားရမယ့် ခင်ဗျားကို ကျုပ်က သင်ပေးမှာပေါ့"

"ဟင်. . . ငရုတ်သီးစားနည်း သင်ပေးမယ်ဟုတ်လား။



မဖြစ်နိုင်တာ"

"မဟုတ်ဘူးလေ. . . ငရုတ်သီးစားနည်းတော့ ဘယ်ဟုတ်မလဲ"

"ဒါဆို ဘာလဲ"

"ငရုတ်သီးစားပြီးရင် အော်ရမယ့်၊ ငရုတ်သီးစားပြီး အော်နည်း"

"ဟင်. . ."

■

www.burmeseclassic.com

www.burmeseclassic.com



## (၇)

"လူတော်တော်များများက ငရုတ်သီးစားရင် 'အမလေး... အား... စပ်တယ်၊ ရှူး... ရှူး... ရှဲ... ရှဲ' ပဲ အော်ကြပြီး အခြားပုံစံနဲ့ သိပ်မအော်တတ်ကြဘူးဗျ၊ ဒီလိုအော်မှလဲ အားပါပြီး အစပ်ပြေတယ်လို့ ထင်တတ်ကြတယ်"

"အင်း... ခင်ဗျားပြောမှ တွေးမိတယ်၊ ဟုတ်သားပဲ"

"ဒီတော့ ခင်ဗျားက အော်နည်းပြောင်းရမယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"အဖိုးကြီးက ပြောထားတယ်လေ၊ အမလေး... စပ်လိုက်တာ... အားစ... စပ်လိုက်တာလို့ မအော်ရဘူးမှတ်လား"

"အင်းလေ"

"ဒီတော့... စပ်တဲ့အခါကျရင် အခြားနည်းနဲ့ အော်လို့ ရတယ်ဆိုတဲ့ သဘောပေါ့"



"အဲ... ဟုတ်... ဟုတ်ပြီဗျို့၊ ခင်ဗျားပြောတာ သဘောပေါက်ပြီ"

မျက်နှာက မှိုတင်မဟုတ်ဘူး၊ မှိုဘေးနားမှာ ကပ်နေတဲ့ အပင်ပါ ရလို့ ပျော်တဲ့ပုံပေါက်သွားတယ်။

ကျုပ်လည်း ဝမ်းသာသွားတာပေါ့။ ဒါပေမယ့် သူဆက်မေးတဲ့စကားကြောင့် ကျုပ် စိတ်ညစ်သွားတယ်။

"နေပါဦး... ကျုပ်က ဘယ်လို အော်ရမှာလဲ"

"အာ... အော်ချင်တာ အော်ပေါ့"

"မဖြစ်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ငယ်ငယ်လေးထဲက ငရုတ်သီးစပ်ရင် အဲ့ဒီလို အော်ရတာ အကျင့်ကို ဖြစ်နေပြီ၊ စပ်ပါပြီဆိုမှ ပြောင်းအော်ဖို့ သတိမရပဲ အဲ့ဒါချည်းပဲ ပါးစပ်ထဲက ထွက်သွားရင် ဘယ်လိုလုပ်မလဲ"

"အင်း... အဲ့ဒါလည်း ဟုတ်သား"

တွေးရခက်သွားတယ်။ အကျင့်ဆိုတာ ဖျောက်ဖို့တော့ ခက်တယ်။

ဒါပေမယ့် အဲ့ဒီအကျင့်ကိုပဲ နည်းနည်းလေးမူကွဲပြီး ဆပ်ကျင့်ရင်ရော....။

ထိုအတွေးကို ပြောပြလိုက်တယ်။

"ဒီလိုလုပ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမှာလဲ"

"ခင်ဗျား ဒီသပေါမောက္ခကြီးရဲ့ အဖြေကို သိရမှာ ဘယ်တော့လဲ"

"မနက်ဖြန် နေအောက်ကျအချိန်"

"ဟင်. . . ဘယ်အောက်ကျ"

"မိုးချုပ်ခါနီးကို ပြောတာ"

"ဪ"

အခေါ်အဝေါ်တွေက တစ်မျိုးပါလား။

"ဒါဆို ဒီနေ့ညနဲ့ မနက်ဖြန် တစ်မနက်လုံး လေ့ကျင့်ဖို့ အချိန်ရှိသေးတယ်"

"ဘာလေ့ကျင့်ရမှာလဲ"

"ပြောင်းပြီးအော်ကြည့်တဲ့ လေ့ကျင့်ခန်း လုပ်ရမယ်လေ"

"ဟင်. . . စားပြီးလေ့ကျင့်ရမယ် ဟုတ်လား"

သူ့မျက်နှာ တွန့်သွားပြီး ရဲရဲနီသွားတာကို တွေ့ရတယ်။

မတတ်နိုင်ဘူးလေ။ တစ်ခုခုလိုချင် တစ်ခုခုကျင့်ပေါ့။ ဟုတ် မဟုတ်တော့ မသိ။ ကျုပ်ကြားဖူးတဲ့ စကားပုံပဲလား၊ ဒါမှ မဟုတ် ကြားဖူးတဲ့စကားပုံရဲ့ ပြောင်းပြန်ပဲလား။

"ဘာလဲ. . . အချစ်အတွက်ပဲ ငရုတ်သီး မစားချင်ဘူးလား"

ကျုပ်စကားကြောင့် သူ တွေဝေသွားတယ်။

အတွေးထဲမှာလည်း ငရုတ်သီးတွေ မြင်နေပုံရတယ်။ ချစ်ခြင်းနဲ့ စပ်ခြင်းကိုလည်း အပြန်အလှန် ရှုနေပုံရတယ်။



နောက်ဆုံး မတတ်နိုင်ဘူး ချစ်ရင်တော့ အစပ်ခံရမှာပဲ ဆိုတဲ့ ပုံစံနဲ့-

"လုပ်ဗျာ. . . ကျုပ်ငရုတ်သီးစားပြီး လေ့ကျင့်မယ်၊ ကဲ. . . ပြော၊ ဘာအော်ရမှာလဲ"

ကျုပ်က သူ့ကို ရှိုးရိုးတန်းတန်း မအော်ခိုင်းပဲ အော်တာကို သီချင်းလုပ်ဆိုခိုင်းလိုက်တယ်။

သီချင်းကလည်း သူ့အတွက်ပါ။ ပုံမှန် မှန်အောင် အော်ကြီးဟစ်ကျယ် သီချင်းဆိုရင်း. . . ဆိုရင်း. . .

ဒီလိုနဲ့ ငရုတ်သီးစားရင်း သီချင်းအော်နည်းကို လေ့ကျင့်လိုက်တာ တော်တော်လေး မိုးချုပ်သွားတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

နောက်တစ်နေ့မှာ 'ဇာ'တစ်ယောက် သူ့ယောက္ခမကြီး ဆီသွားပြီး ရေတ်သီး စားပြလိုက်တာ သူ့ယောက္ခမကြီးက အတော် သဘောကျသွားတယ်။

အဖိုးကြီးက ကတိတော့ တည်ရှာရဲ့၊ သူ့သမီးနဲ့ ပေးစားဖို့ သဘောတူလိုက်တယ်။

အဲ့ဒီလိုနဲ့ 'တာ'ရယ် 'နုအုထွင်ရှ'ရယ်ကိစ္စ အဆင်ပြေသွား ကြတယ်။ ပျော်လို့ ရွှင်လို့ပေါ့။

'တာ'က ကျေးဇူးတင်တဲ့အနေနဲ့ သူ့အိမ်မှာ တစ်သက်လုံး နေလို့ ပြောတယ်။ ကျုပ်က ဘယ့်နှယ့်နေနိုင်မှာတုန်း။ အဲ့... ဒါပေမယ့် လောလောဆယ်တော့ နေရဦးမယ်။

အလုပ်ကတော့ 'ဂွ'အတွက် ဆုတောင်းပေးတဲ့ အလုပ်ပေါ့။



အလုပ်က သက်သာတော့ တစ်နေ့တစ်နေ့ ဆုတောင်းတဲ့နေရာ သွားလိုက်...၊ 'ဂွ'အတွက် ဆုတောင်းလိုက်...။ ပြီးရင် ဟို လျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ အချိန်ဖြုန်းလိုက်...။ ပြီးရင် 'ဂွ'ဆီ သွားပြီး အဝိုင်းပြားတောင်း...အိမ်ပြန်၊ ဒါပဲ လုပ်စရာ ရှိတယ်။

အဲဒီမှာ ကျုပ်တွေ့တာလေးတွေတော့ ပြောပြချင်တယ်။ ဒီတိုင်းပြည်က လူတွေက ရိုးသားကြတယ်ဗျ။

ဟင်... ဘယ်လို။ ကျုပ်က ဘယ်လိုသိလဲ ဟုတ်လား။

အင်း... ဒီလိုပါ။ ဘာရယ်မဟုတ် ညနေစောင်းတော့ ဈေးထဲလျှောက်ကြည့်ရင်း ဆိုင်တွေတော်တော်များများမှာ တံခါး တွေ မတွေ့တာနဲ့...။

"ဗျို့... ဆိုင်တံခါးတွေက အသစ်လဲဖို့ ဖြုတ်ထားတာ လား"လို့ မေးလိုက်မိတယ်။

ကျုပ်အမေးကို သူတို့က ကြောင်တောင်တောင်နဲ့ ကြည့် တော့ ကျုပ်လည်း ဘာတုန်းဟပေါ့။ ငါမေးတာများ မကြားလို့လား ဆိုပြီး-

"တံခါး... တံခါးကို ပြောတာလေ"လို့ ထပ်မေးရတယ်။

"တံခါးဆိုတာ တိုင်းပြည်အဝင်မှာပဲ ရှိရတာဗျ၊ ဘာဖြစ်လို့ ကျုပ်တို့အိမ်တွေမှာ ရှိရမှာလဲ"

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ လင်းခနဲ ဖြစ်သွားတယ်။

"သူခိုးတွေ၊ ဓားပြတွေရန်ကို ကာကွယ်ဖို့တော့ တံခါးတွေ အိမ်မှာရှိသင့်တာပေါ့"

"သူခိုးဓားပြဆိုတာ တိုင်းပြည်အပြင်ကပဲ လာတာလေ. . . ကျုပ်တို့တိုင်းပြည်တွင်းမှာ အချင်းချင်း ဘယ်သူမှ မခိုးဘူး"

အို. . . စိတ်ချမ်းသာလိုက်တာ။ သိပ်ကောင်းတဲ့တိုင်းပြည် ပါလား။ အတွင်းရန်သူမရှိတဲ့ တိုင်းပြည်လို့ မှတ်ထားလိုက်တယ်။

စီးပွားရေးကတော့ တော်တော်လေး ပြေလည်ကြပုံ ရပါတယ်။ အရမ်းကြီးမရှိရင်တောင် အရမ်းကြီး မဆင်းရဲကြတဲ့ တိုင်းပြည်ပါ။

အုပ်ချုပ်ရေး. . .။ အုပ်ချုပ်ရေးကတော့ ထုံးစံအတိုင်း ဘုရင်ပဲပေါ့။ သူပဲအုပ်ချုပ်၊ သူပဲ အမိန့်ထုတ်တဲ့ ဘုရင်ပေါ့။

အဲ. . . ဒါပေမယ့် တိုင်းပြည်ကတော့ အေးအေးချမ်းချမ်းနဲ့ ဆိုတော့ သူရှိလို့ရှိမှန်းတောင် မသိပါဘူး။

ဘုရင်ကောင်းတော့လည်း လူတိုင်း စိတ်ချမ်းသာတာပေါ့ဗျာ။ တိုင်းပြည်က အေးချမ်းတော့ ကြည်နူးစရာကောင်းတယ်ဗျ။ ကျုပ် ဘယ်ကလာလို့ လာမှန်းမသိပေမယ့် ကျုပ်တိုင်းပြည်မှာ ဒီလို အခြေအနေမျိုး မရှိဘူးဆိုတာ ကျုပ်သိတယ်။ အဲ. . . နောက်တစ်ခု ရှိသေးတယ်။

ယုံကြည်မှု. . .။

သူတို့တွေက ဘာကိုးကွယ်လဲတော့ ကျုပ် မသိဘူး။



ဒါပေမယ့် တိုင်းပြည်အလယ်မှာရှိတဲ့ ဆုတောင်းတဲ့ဟာကိုတော့ ယုံကြည်မှု အပြင်းအထန်ရှိပုံရတယ်။

လာဆုတောင်းကြတယ်။ သူတို့ရဲ့ အခက်အခဲတွေ၊ အဆင် ခေပြုမှုတွေ၊ အရာရာအားလုံးပေါ့. . .။

ဒါကို ဘယ်တုန်းက ဘယ်သူလုပ်ခဲ့မှန်း ဘယ်သူမှ မသိဘူး တဲ့။ ဒီတိုင်းပြည်က အသက်ကြီးဆုံးသူတောင် ဒီနံရံနဲ့ ပတ်သက်ပြီး သူမှတ်မိတဲ့အချိန်က သူ့အဖေ သူ့ကို ဆုတောင်းတဲ့နံရံဆီ ခေါ်သွား တာပဲ မှတ်မိတယ်တဲ့။

အားလုံးကတော့ ထိုနေရာမှာ ဆုတောင်းရင် ပြည့်တယ်လို့ ယုံကြည်ကြတာပါပဲ။

ကျုပ်ကတော့ မယုံပါဘူး။

အဲ. . . ဒါပေမယ့် 'ငွ'အတွက် ဆုတောင်းပေးနေရင်း ငါးရက်လောက်အကြာမှာ ထိုနေရာကို ကျုပ်တောင် အံ့သြသွားရ တယ်။

ဘာကြောင့်ဆို. . .

www.burmeseclassic.com

www.burmeseclassic.com

'ဂွ'တစ်ယောက် ချောမောလှပတဲ့ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျသွားလို့ပါ။

(၉)

"ဒူ... ဟူ... ဟူ"

'ဂွ'ဆီက နောက်ဆုံး အပိုင်းပြားတောင်းပြီး စိတ်ညစ်ညစ်နဲ့ ပြန်လာတုန်း အသံတစ်သံကြောင့် ရုတ်တရက် လန့်သွားတယ်။

ကျုပ်ဘေးမှာ သွားလာနေတဲ့ လူတွေအားလုံးလည်း ရပ်သွားပြီး လမ်းဘေးကပ်ရပ်နေကြတယ်။

ကျုပ်လည်း ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေတုန်း-

"ဟေ့လူ ဘာလုပ်နေတာလဲ၊ ဘေးကပ်လေ"

"ဟင်... ဘာ... ဘာဖြစ်လို့လဲ"

နီးစပ်ရာ လူတစ်ယောက်က လှမ်းအော်သောကြောင့် ကျုပ်လည်း ဒွိဟ ဖြစ်ပြီး ပြန်မေးမိတယ်။

"ဟာ... လာ... နောက်မှမေး၊ အခုတော့ ဘေးကပ် လိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ကျုပ်ကို အတင်းလာဆွဲတော့ ကျုပ်လည်း ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

"ဒူ. . . ဟူ. . . ဟူ"

ဘေးကပ်ပြီး ကြည့်လိုက်တော့ လူတန်းတစ်တန်းကို တွေ့ရတယ်။

ရှေ့မှာ 'ဒူ. . . ဟူ. . . ဟူ'ထုတဲ့မောင်းတီးနှစ်ယောက်နဲ့ အနောက်က မြင်းပေါ်မှာစီးလာတဲ့ လူနှစ်ယောက်. . .။

အဝတ်အစားတွေကလည်း ချွန်ချွန်တက်တက်တွေနဲ့ဆိုတော့ ဘယ်သူတွေလည်းဆိုတာ ကျုပ် ရုတ်တရက် စဉ်းစားလို့မရဘူး ဖြစ်နေတယ်။

သူတို့နောက်မှာက ဝေါယာဉ်ကိုထမ်းလာတဲ့ လူတစ်စု. . .။ ဝေါယာဉ်ပေါ်မှာတော့ ဘယ်သူပါလာလဲ ကျုပ်မသိဘူး။ ဝေါယာဉ်အတွင်းထဲကို ပိတ်စတစ်ခုနဲ့ ကာထားတာတွေ့ရတယ်။

သေချာတာကတော့ ဒီတိုင်းပြည်ရဲ့ ဘုရင်တို့၊ အုပ်ချုပ်တဲ့ ဝန်ကြီးတို့ စတဲ့ဟာတွေတော့ မဖြစ်နိုင်ဘူး။

ဘာကြောင့်ဆို လမ်းဘေးကို ကပ်ရပ်ပေးနေတဲ့ တိုင်းသူပြည်သားတွေက ဖြတ်သွားတဲ့လူတန်းကို အရိုအသေမပေးတဲ့အပြင် တချို့က မျက်မှောင်ကြုတ်ပြီး ကြည့်နေကြတယ်။

ကျုပ်လည်း စိတ်ဝင်စားလာတာနဲ့ ခုနက 'ဘေးကပ်လေ' လို့ပြောတဲ့ တစ်ယောက်ကို လှမ်းမေးလိုက်တယ်။



"အဲဒါ ဘယ်သူတွေလဲဗျ"

"လာဘ်ကြီးတွေလေ"

"ဟင်. . . ဘာကြီး"

"လာဘ်ကြီး"

'လာဘ်ကြီး'. . .။ ကျုပ်ဖြင့် ကြားကြားဖူးပေါင်။

ဒါကြောင့်-

"ဘာတုန်းဗျ လာဘ်ကြီးဆိုတာ"

"အင်း. . . သူတို့က ကျုပ်တို့ရဲ့ အိမ်နီးချင်းတိုင်းပြည်က လူတွေရဲ့ ကိုယ်စားလွှတ်တဲ့ လူတွေဆိုပါတော့"

"သြော်. . . သံတမန်တွေပေါ့"

"ဟင်. . . ဘာ"

'သံတမန်'ဆိုတဲ့ အသုံးအနှုန်းကို အူကြောင်ကြောင်ဖြစ်နေသောကြောင့် ကျုပ်လည်း ဆက်မပြောတော့ပဲ အခြားတစ်ခု ပြောင်းသုံးလိုက်ရတယ်။

"ကိုယ်စားလာတော့ ကိုယ်စားလှယ်တွေလို့ပြောတာ"

"အင်း. . . ဟုတ်တယ်၊ သူတို့တွေက ဒီနိုင်ငံကို ခဏခဏ လာလွန်းလို့ ကျုပ်တို့တိုင်းပြည်က လာဘ်ကြီးတွေလို့ ခေါ်တာ"

"သြော်"

အခုမှပဲ သဘောပေါက်တော့တယ်။ သူတို့နဲ့ လာလွန်းလို့ လာဘ်ကြီးတွေတဲ့။ ထားလိုက်ပါတော့။ ကျုပ်လည်း ထပ်စပ်စုမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သူတို့က ချစ်ကြည်ရေးအတွက် လာတာလား"

ထိုသူက နှုတ်ခမ်းတွန့်ပြီး-

"ဘယ်ကသာ ချစ်ကြည်ရေးရမှာလဲ"

"ဒါဆို စီးပွားရေးတို့၊ ဘာတို့ကိစ္စပေါ့"

"ဒါလည်းမဟုတ်ဘူး"

"ဟင်. . . ဒါဆို ဘာကိစ္စလဲ"

"မိန်းမကိစ္စ"

"အာ"

ကျုပ်တွေဝေသွားတာကို သူကရိပ်မိပုံရတယ်။

ဒါကြောင့်-

"ခင်ဗျားက ဒီတိုင်းပြည်က ဟုတ်ပုံမရဘူး၊ ဒီတော့ အဲ့ဒီ အကြောင်းတွေသိမှာ မဟုတ်ဘူး"

"ပြောပြစမ်းပါဦး၊ ကျုပ်စိတ်ဝင်စားလို့"

သူက ကောင်းကင်ကို တစ်ချက်မော့ကြည့်တယ်။

ကျုပ်လည်း သူကြည့်သလို လိုက်ကြည့်ရင်း ဘာမှ မတွေ့ တာနဲ့-

"ဘာကြည့်တာလဲဗျ"

"သြော်. . . နေကိုကြည့်တာ၊ ကျုပ်သွားစရာရှိသေးတယ်၊ ဒီတော့ ခင်ဗျားသိချင်ရင် ညကျ အိမ်လာခဲ့ပါလား"

ကျုပ်လည်း ညကျရင် ဘာအလုပ်မှ လုပ်စရာမရှိတာနဲ့



လာခဲ့မယ်လို့ပြောလိုက်တယ်။

"နေပါဦး ကျုပ်က ဘယ်ကိုလာရမှာလဲ"

"ခင်ဗျားလမ်းမှာတွေ့တဲ့ ဘယ်သူ့ကိုမဆို 'တော်တော်ရှိ'ရဲ့ အိမ် ဘယ်မှာလဲလို့သာ မေးလိုက်၊ သူတို့ပြောပြလိမ့်မယ်"

"အံမယ်. . . 'တော်တော်ရှိ'ဆိုတာ ခင်ဗျားနာမည်လား"

"အဟီး. . . ဟုတ်တယ်"

နာမည်ကတော့ ခပ်မိုက်မိုက်ပါပဲ။

အဲ့ဒီလိုနဲ့ ကျုပ်လည်း ညဘက် သူ့အိမ်ရောက်သွားတယ်။ ပြောရဦးမယ်။ 'တော်တော်ရှိ'က စကားပြောကောင်းတယ်ဗျ။

ဒီတိုင်းပြည်က အကြောင်းကိုလည်း စီကာပတ်ကုံးနဲ့ စိတ်ဝင်စားအောင် ပြောပြတတ်တယ်။

■

www.burmeseclassic.com

www.burmeseclassic.com



ယက္ခတိုင်းပြည်မှာ ဘုရင်ကြီးတစ်ပါး အုပ်ချုပ်တယ်။ သူ့နာမည်ကတော့ သပ်သပ်ရှိပါတယ်။

ဒါပေမယ့် တိုင်းသူပြည်သားတွေက အဲ့ဒီနာမည်ကို မခေါ်တဲ့အပြင် မှတ်တောင်မမှတ်မိကြဘူး။

သူတို့အားလုံး တစ်ညီတစ်ညွတ်ထဲ ခေါ်တဲ့နာမည်ပဲ သိတယ်။ ဘုရင်ကြီးကို တိုင်းသူပြည်သားအားလုံးက 'ဘုရင်ကြီး ထောင်မောင်း'လို့ ခေါ်ကြတယ်။

ဘာကြောင့်ဆို ဘုရင်ကြီးက 'ထောင်ထောင်မောင်းမောင်း' ခန္ဓာကိုယ်ရှိလို့ဆိုပြီး ဘာရယ်မဟုတ်၊ တစ်ယောက်ခေါ်ရာကနေ အားလုံးခေါ်ကြတော့တာပါပဲ။

ဘာ. . . အဲ့ဒီနာမည်ကြီးတော့ သူ့ရှေ့ဘယ်ခေါ်မတုံး။ ဘယ့်နှယ့်. . . ခေါ်လိုက်ရင် 'ကွိ'သွားမှာပေါ့။ သူ့ရှေ့ရောက်ရင် တော့ 'ဘုရင်ပဒေသာ ဘာညာခေါ်တာပေါ့'။

ဆက်ပြောရဦးမယ်။

သူ့မှာ မိဖုရားတွေကလည်း တော်တော်များများရှိတယ်။ အဲ. . . ဒါပေမယ့် သူ အချစ်ဆုံးကတော့ မိဖုရားတစ်ပါးပဲ ရှိတယ်။

ဘယ်လောက်တောင် ချစ်လဲဆိုရင် အဲ့ဒီမိဖုရားအတွက် 'ဥယျာဉ်ပျံ့'တောင် ဆောက်ပေးထားရတယ်။

ဥယျာဉ်ပျံ့ဆိုတာ ကျောက်အုတ်တွေနဲ့ အဆင့်ဆင့်ပြုလုပ်ထားတဲ့ ဥယျာဉ်တစ်ခုပါ။



အမြင့်ပေ ၇၅ ပေမှ ပေ ၃၀၀ ခန့်အထိရှိတယ်။ ရေပေါ များတဲ့ အရပ်ကနေ ရေတွေကို သွယ်တန်းပြီး ဥယျာဉ်ကို သွန်း ဆလောင်း စိုက်ပျိုးထားတဲ့ ပုံစံပါ။

ဘာကြောင့်ဆို မိဖုရားကြီးက တောင်ကုန်းဒေသက လာတာလေ။ ဒီယက္ခတိုင်းပြည်က ခြောက်သွေ့တဲ့တိုင်းပြည်ဆိုတော့ မိဖုရားကြီးမှာ မပျော်နိုင်ရှာဘူး။ အဲ့ဒီတော့လည်း ဘုရင်ကြီးက သူ့ချစ်ချစ်လေး မပျော်တော့ သူလည်းမပျော်ဘူးပေါ့။

ဒီတော့ သူ့ဝန်ကြီးတွေနဲ့တိုင်ပင်ပြီး အဲ့ဒီဥယျာဉ်ပျံ့ ဆောက်ပေးထားတာပါ။

(မှတ်ချက်။ ။ ဘေဘီလုံး(ဗက်ဗီလုံ)မင်း နေဗူးခနက်ဇာ၏ မိဖုရားမှာလည်း အထက်ပါဥယျာဉ်ပျံ့ (The Hanging Garden Baby Loon)မျိုး တစ်ခုရှိခဲ့ဖူးပါသည်။)

ထားပါတော့ သူ့မိန်းမအကြောင်း။ အခု အဓိကအကြောင်း ပြောတော့မယ်။ အားလုံးလည်း သိမှာပါ။ သူ့မှာ သမီးတော်တစ်ပါး ရှိတယ်။ သိပ်ချောသိပ်လှပြီး ကြွေရုပ်လေးလိုပဲတဲ့။ အားလုံးကတော့ သူ့ကို ဒေဒေလို့ ခေါ်ကြတယ်။

တိုင်းသူပြည်သားတွေအပြင် အခြားတိုင်းပြည်က ဘုရင်တွေ၊ မင်းညီမင်းသားတွေကလည်း ဘုရင်ကြီးထောင်မောင်းရဲ့ သမီးတော်ကို သိပ်လိုချင်ကြတာပေါ့။

အဲ. . . အဆိုးဆုံးကတော့ ယက္ခတိုင်းပြည်ရဲ့ အိမ်နီးချင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီး 'ကေတို'ပဲ။

ဘုရင်ကြီးကေတိုဟာ စစ်တိုက်ချင်စိတ် ပြင်းထန်သည့် စစ်ဘီလူး ဘုရင်ကြီးတစ်ပါးပါ။

သူ့ရဲ့ အခြားအိမ်နီးချင်းတိုင်းပြည်အချို့ကိုလည်း တိုက်ခိုက်သိမ်းပိုက်ထားတယ်။

ကြောက်မက်ဖွယ်အကောင်းဆုံး ဘုရင်အဖြစ် တိုင်းပြည်တော်တော်များများက လက်ခံထားကြတယ်။

(မှတ်ချက်။ ။ ဘီစီ ၂၃၄-၁၄၉ အတွင်းက ထင်ရှားခဲ့သော စစ်ဝါဒီ (Cato)မဟုတ်ပါ။ ထိုစစ်ဝါဒီ ကေတို၏နာမည်အရင်းမှာ မားကပ်ပေါ်ဆီးယပ်စ်ကေတို ဖြစ်သည်။ အခုဘုရင်ကြီး ကေတိုရဲ့ နာမည်အရင်းကိုတော့ ဘယ်သူမှမသိပါ။)

အဲ့ဒီလိုနဲ့ ဘုရင်ကြီးကေတိုက ယက္ခတိုင်းပြည်ရဲ့ မင်းသမီးလေး ဒေဒေကို အသည်းအသန် ချစ်မိကြိုက်မိလေရဲ့။

ဘုရင်ကြီးထောင်မောင်းကိုလည်း အနုနည်းနဲ့ရော အကြမ်းနဲ့ပါ အမျိုးမျိုးချည်းကပ်ပြီး သူနဲ့လက်ဆက်ပေးဖို့ တောင်းဆိုတယ်။

ဘုရင်ကြီးထောင်မောင်းကလည်း 'ကေတိုနဲ့ဆိုရင် ဒေဒေကို လုံးဝသဘောမတူဘူး'ဆိုပြီး ကြွေးကြော်ထားလေရဲ့။ ယက္ခတိုင်းသူပြည်သားတွေကလည်း သူတို့မင်းသမီးလေး ဒေဒေကို ကေတိုနဲ့ ဘယ်လိုမှ သဘောမတူကြပါဘူး။



ဒါပေမယ့် ကေတိုရဲ့ ရန်ကလည်းရှိသေးတယ်။ သူက စစ်ဘီလူးကြီးဆိုတော့ တိုင်းပြည်အခြေအနေကိုလည်း ကြည့်ရသေးတယ်။

နောက်ဆုံးဘုရင်ကြီးက သူ့သမီးလေးက အခြားတစ်ယောက်နဲ့ ရသွားရင် ဘုရင်ကြီးကေတို စိတ်လျှော့သွားလောက်ရဲ့လို့တွေးပြီး အခြားတိုင်းပြည်က မင်းညီမင်းသားတစ်ပါးနဲ့ လက်ဆက်ဖို့ စီစဉ်ကြတယ်။

အဲ့ဒီလိုစီစဉ်နေတုန်းမှာပဲ လက်ဆက်ပေးမယ့် မင်းညီမင်းသား အသတ်ခံရတယ်။

ချက်ချင်းဆိုသလိုပဲ ဘုရင်ကြီးကေတိုရဲ့ လက်ချက်ဆိုပြီး အားလုံးရိပ်မိလိုက်ကြတယ်။

အဲ့ဒီတစ်ယောက်သေဆုံးပြီး မကြာခင်မှာပဲ အခြားတိုင်းပြည်က ဘုရင်တစ်ပါးက မင်းသမီးဒေဒေကို လက်ဆက်ခယ်လို့ ကြေညာလိုက်ပြီး နောက်တစ်နေ့မှာပဲ အဲ့ဒီတိုင်းပြည်ကို ဘုရင်ကြီးကေတိုက ဝင်သိမ်းပြန်တယ်။

ဒါနဲ့ လျှို့ဝှက်လက်ထပ်ပေးမယ်ဆိုတဲ့ အစီအစဉ်နဲ့ မင်းသားတစ်ပါးကို ယက္ခတိုင်းပြည်ကို ဖိတ်လိုက်တယ်။

ဒါပေမယ့် ဘုရင်ကြီးကေတိုက ဘယ်လို သိသွားလည်း မသိဘူး၊ အဲ့ဒီမင်းသားခမျာမှာလည်း လမ်းတစ်ဝက်မှာ အသတ်ခံလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်ကစပြီး မင်းညီမင်းသားတွေ၊ ဘုရင်တွေဟာ မင်းသမီးဒေဒေကို လက်ဆက်ဖို့ ဘယ်သူမှ မစဉ်းစားရဲကြတော့ဘူး။

အဲ့ဒီလိုဖြစ်တဲ့အချိန်မှ ဘုရင်ကြီးကေတိုက ဘုရင်ကြီး ထောင်မောင်းဆီကို ကိုယ်စားလှယ်လွှတ်ပြီး ရာဇသံပေးတယ်။

ရာဇသံကတော့-

'မင်းသမီး ဒေဒေကို သုံးလအတွင်း သူနှင့်လက်ဆက်ပေးရန်၊ လက်မဆက်ပေးပါက ယက္ခတိုင်းပြည်ကို ဝင်ရောက်သိမ်းယူမည်'

တစ်တိုင်းပြည်လုံးက စိတ်ဆိုးဒေါသ ထွက်ကြပေမယ့် စစ်ဘီလူးကြီး ကေတို့ရဲ့ ရန်ကိုလည်း ကြောက်ရတာကြောင့် ဘာလုပ်ရမှန်းမသိဖြစ်နေကြတယ်။

ဘုရင်ကြီးထောင်မောင်းကလည်း ဝန်ကြီးတွေ၊ အတိုင်ပင်ခံတွေနဲ့ အချိန်တော်ကြာတဲ့အထိ ဆွေးနွေးကြသော်လည်း အဖြေမတွေ့ခဲ့ပေ။

အဲ့ဒီလိုနဲ့ ဘုရင်ကြီးကေတိုကို အချိန်ဆွဲလာခဲ့တာ ရာဇသံပြည့်ဖို့ ရက်အနည်းငယ်သာလိုတဲ့အချိန်ကို ရောက်လာခဲ့တယ်။

ဘုရင်ကြီးဟာ နောက်ဆုံး ဘယ်လိုမှစဉ်းစားလို့ မရတဲ့အဆုံး တိုင်းသူပြည်သားတွေရဲ့ အကျိုးကိုကြည့်ပြီး သူ့သမီးလေးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒါပေမယ့် အဲ့ဒီလိုဆုံးဖြတ်ကြောင်းကိုတော့ ဘုရင်ကြီး



တောတိုကို အသိမပေးသေးပဲ ရာဇသံပြည့်ခါနီးမှ အသိပေးဖို့ စဉ်းစားခဲ့ကြတယ်။

ဒီကြားထဲမှာ နည်းလမ်းတွေ့လိုတွေ့ငြား စောင့်နေကြတာပါ။ အဲ့ဒီလိုနဲ့ တစ်တိုင်းပြည်လုံးဟာ မင်းသမီးဒေဒေကို စွန့်လွှတ်ရမယ်ဆိုတာကြောင့် ဝမ်းနည်းနေခဲ့ကြတယ်။

တိုင်းသူပြည်သားတွေရဲ့အကျိုးကိုသာကြည့်တဲ့ ဘုရင်ကြီးကိုလည်း ကြည်ညိုမဆုံးဖြစ်ခဲ့ကြတာပေါ့။

ဘာလိုလိုနဲ့ ရာဇသံကို အကြောင်းပြန်ဖို့ ရက်ကသိပ်မကျန်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

'တော်တော်ရှိ'က သူ့စကားကို အဆုံးသတ်လိုက်တော့ ကျုပ်လည်း တော်တော်လေး နွမ်းလျသွားတယ်။

ပြီးတော့ မင်းသမီးလေးကို တွေ့ချင်စိတ်လည်း ဖြစ်ပေါ်လာတယ်။

"ခင်ဗျားတို့ရဲ့ မင်းသမီးလေးက အတော်ချောလား"

"မမေးနဲ့ ကျုပ်လှတယ်လို့ပြောတာဟာ ခင်ဗျားမင်းသမီးကို မြင်ရင် ကျုပ်ပြောခဲ့တာလိုသေးပါလားလို့ သိသွားမယ့်အလှဗျ"

"အလဲ့"

အညွှန်းကိုတော့ တော်တော်သဘောကျသွားတယ်။

"ဒါနဲ့ တစ်ခုမေးပါရစေ"

"မေးလေ"

"အဲ့ဒီ ဘုရင်ကြီးကေတိုကို ပြန်မတိုက်ဘူးလားဗျ"



"အင်း. . . ဘယ်လိုပြောရမလဲ၊ စစ်အင်အားမမျှတာရယ်၊ ကျုပ်တို့တိုင်းပြည်တော်တော်များများက လူတွေဟာ အေးအေးချမ်းချမ်း နေချင်တာရယ်ကြောင့်လည်း ပြန်မတိုက်ဖြစ်ဘူးပေါ့ဗျာ"

"ဟာဗျာ. . . သူချမှတော့ ကိုယ်ချရမှာပေါ့"

ကျုပ်စကားကို 'တော်တော်ရှိ'က သိပ်လက်ခံချင်ပုံ မပေါ်သေမယ့် ဘာမှတော့ မပြောပါဘူး။

"ဘုရင်ကြီးကေတိုက ရုပ်ဆိုးလားဗျ"

"ကျုပ်ခင်ဗျားကို ပြောပြလို့ရတာထက် တော်တော်ဆိုးတဲ့ရုပ်ပါဗျာ"

"ဟင်း"

သက်ပြင်းတစ်ချက် ချမိတယ်။

မင်းသမီးလေးအတွက် စိတ်မကောင်းဖြစ်သွားတာလား၊ ဘာလားတော့ မသိဘူး။

ရင်ထဲမှာ မတင်မကျဖြစ်သွားတာတော့ အမှန်ပဲဗျို့။ ညတာတော့ တော်တော်နက်လာတယ်။ ကျေးငှက်သံအချို့လည်း ကြားနေရတယ်။

"အတော်မှောင်နေပြီဗျ၊ ပြန်တော့မယ်"

"အင်း"

တော်တော်ရှိက ကျုပ်အကြောင်းကို မစပ်စုပါဘူး။ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com



လာလည်း၊ ဘာညာလည်း မမေးပါဘူး။ မေးလည်း ကျုပ်မှ မသိပဲ။ သူကတော့ အိမ်နီးချင်းတိုင်းပြည်များကို လှည့်လည်ပြီး ကုန်စည်ကူးသန်းနေတဲ့ ကုန်သည်တစ်ယောက်ဆိုပြီး သူ့အကြောင်းသူပြောပြတယ်။

တော်တော်ခင်ဖို့ကောင်းတဲ့ တော်တော်ရှိပါ။ နှုတ်ဆက်ပြီး ထွက်ဖို့ပြင်တုန်း သိချင်တဲ့မေးခွန်းကို အလျှင်စလို မေးလိုက်တယ်။

"မင်းသမီးလေးကို မြင်ဘူးလို့ရလားဗျ"

သူက ရုတ်တရက် ကြောင်သွားပြီးနောက်မှ တစ်ချက်ပြုံးကာ-

"ရတာပေါ့၊ မင်းသမီးလေးဒေဒေက နေ့စဉ်နေ့တိုင်း တိုင်းပြည်အလယ်က ဆုတောင်းတဲ့နေရာကို လာလေ့ရှိတယ်"

"ဟင်. ... ကျုပ်လည်း အဲ့ဒီမှာ နေ့တိုင်းလိုလိုရှိနေတာပဲ မတွေ့မိပါလား"

"သူက နေအောက်ကျလောက်မှ လာတာ"

"သြော်. . . ကျုပ်က နေအလယ်လောက်ဆို ပြန်နေကျဗျ"

"မြင်ဘူးချင်တယ်ဆိုရင် နေအောက်ကျချိန်လောက်ထိ စောင့်ပေါ့ဗျာ"

"အေးဗျာ. . . မင်းသမီးလေး သနားပါတယ်၊ မြင်းဖူးတယ် ရှိအောင်တော့ စောင့်ကြည့်ဦးမယ်၊ ပြီးတော့ ခင်ဗျားပြောတဲ့အလှ ဟုတ်မဟုတ်လည်း ကြည့်ရဦးမယ်ဗျ"



"အဟင်း"

သူ့အပြုံးက တစ်မျိုးဖြစ်နေတာကြောင့်-

"အံမယ်၊ ခင်ဗျား အပြုံးက တစ်မျိုးပါလား"

တော်တော်ရှိက ဘာမှမပြောပဲ ထိုင်နေရာမှထကာ စင်တစ်ခုပေါ်ရှိ ပြားပြားချပ်ချပ် အရာပေါ်တွင် အတံတစ်တံဖြင့် တစ်ခုခုရေးနေတာကို တွေ့ရတယ်။ ပြီးနောက် ကျုပ်ဘက် ပြန်လှည့်ပြီး-

"မင်းသမီးလေးကို မြင်ဘူးပြီးသွားရင် ခင်ဗျားလည်း ချစ်သွားဦးမှာလို့ တွေးပြီးပြုံးမိတာပါဗျာ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

'ဂွ'အတွက် ဆုတောင်းပေးရတဲ့အလုပ် မရှိတော့တာကြောင့် တစ်နေကုန်အားနေတယ်။

ဒါကြောင့် မင်းသမီးလေးကို နေ့အတက်ကနေ စောင့်နေလိုက်တာ၊ အခုဆိုရင် နေတောင်စောင်းလို့ အောက်ကိုပင် ကျတော့မယ်။

မင်းသမီးလေးရဲ့ အရိပ်အရောင်ကိုပင် မတွေ့ရသေးပေ။ ကျုပ်စောင့်နေတဲ့နေရာက ဆုတောင်းတဲ့နေရာနဲ့ နည်းနည်းလှမ်းပါတယ်။

ဒါပေမယ့် မင်းသမီးလေးကိုတော့ ကောင်းကောင်းမြင်နိုင်တဲ့နေရာပါ။ ဘာကြောင့်ဆို ဆုတောင်းတဲ့နေရာရဲ့ ခပ်လှမ်းလှမ်းမှာ



ရှိတဲ့ အကာအကွယ်တစ်ခုကနေ ကျုပ်က ချောင်းကြည့်နေတာကိုး။

အခြားဆုတောင်းတဲ့လူတွေကို ကောင်းကောင်းမြင်ရတော့ မင်းသမီးလေး လာရင်လည်း ကောင်းကောင်းမြင်ရမှာပါ။

အဲ့ဒီလို စောင့်ပြီး သိပ်မကြာခင်မှာပဲ-

"ဒူ. . . ဟူး. . . ဟူ"

"ဟင်. . ."

လာပြီ ထင်တယ်။

ရှေ့ပြေးအသံကို ကြားရသောကြောင့် ခေါင်းကို ဆတ်ခနဲ ထကြည့်လိုက်တယ်။ ဟုတ်တယ်။ ဟုတ်တယ်ဗျို့. . .။

ဒူ. . . ဟူ. . . ဟူ ထုတဲ့ လူနှစ်ယောက်. . .။ နောက်မှာ မြင်းနှစ်စီးနဲ့ ဓားလိုလို၊ ဘာလိုလို ကိုင်ထားတဲ့ နှစ်ယောက်လည်း ပါသေးတယ်။ အဲ့ဒီနောက်မှ အခြွေအရံတွေ. . .။ အခြွေအရံတွေ နောက်မှာမှ ဝေါယာဉ်တစ်စီး. . .။

အဲ့ဒီဝေါယာဉ်က မင်းသမီးလေးဒေဒေပါတဲ့ ဝေါယာဉ်ဖြစ်ရမယ်။ ဆုတောင်းတဲ့နေရာမှာ ဝေါယာဉ်ရပ်သွားပြီး ရဲမက်အချို့က ထိုနေရာကို ကင်းစောင့်တာဝန်ယူကြတာကို တွေ့ရတယ်။

ဆုတောင်းတဲ့ လူအချို့ကတော့ မင်းသမီး ဆုတောင်းမှာဖြစ်တာကြောင့် ခပ်မြန်မြန်ဆုတောင်းပြီး ဖယ်ပေးနေကြတယ်။

ဝေါယာဉ်ထမ်း လူလေးယောက်က ဝေါယာဉ်ကို မြေပြင်ပေါ်သို့ ချလိုက်ကြတယ်။ လေကတော့ ပုံမှန်တိုက်နေတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ်ထဲကို ကာထားတဲ့ ပိတ်စလေးက တစ်ဖျတ်ဖျတ် လှုပ်နေတယ်။

ချောင်းကြည့်နေရတဲ့ ကျုပ်ရင်ထဲမှာလည်း ပိတ်စနဲ့အတူ တစ်ဖျတ်ဖျတ်လှုပ်နေတယ်။

ကျုပ်စိတ်ထဲ အသက်ရှူဖို့ မေ့နေတယ်လို့တောင် ထင်နေမိတယ်။

"ဟင်. . ."

ဆင်းလာပြီ. . .။ ခြေထောက်လေး. . .။

အဝတ်ဖိနပ်အနီရောင်လေးနဲ့ ခြေထောက်လေး. . .။ ဘာကြောင့်ရယ်မသိ ပုန်းနေတဲ့အကာကို ခပ်တင်းတင်း ဆုပ်ကိုင်ထားနေမိတယ်။

ခြေထောက်လေးက ဖြူဖွေးနေတာပဲ. . .။

"အို"

လက်တစ်ဖက်က ဝေါယာဉ်ထဲ ကာထားတဲ့ ပိတ်စလေးကို ဖယ်လိုက်တာ တွေ့ရတယ်။

မင်းသမီးလေးအကူတွေကလည်း ဝေါယာဉ်နားမှာ ရပ်နေကြပြီး မင်းသမီးလေးကို ဦးညွှတ်နေကြတာကို တွေ့ရတယ်။

ကျုပ်လည်း မင်းသမီးလေးမျက်နှာကို တွေ့ချင်စိတ်ကလောနေမိတယ်။ ဟုတ်တယ်။ ရှေ့တိုးလို့ကလည်း မဖြစ်ဘူး။



ကျုပ်တွေးနေတုန်းမှာပဲ ဝေါယာဉ်ပေါ်ကနေ မင်းသမီးလေးဆင်းလာတယ်။ ရင်ထဲ ဟာသွားတယ်။

မင်းသမီးလေးက သူ့ရဲ့အဝတ်စရှည်ကြီးကို မပြီး ဝေါယာဉ်ပေါ်က ဆင်းလိုက်တယ်။

အောက်ရောက်တော့ မျက်နှာကို မော့လိုက်ပြီး ဘေးလူများကို တစ်ချက်ပြုံးပြတာကို တွေ့လိုက်ရတယ်။

"အို"

ကျုပ်စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ 'တော်တော်ရှိ' ပြောလိုက်တဲ့စကားတွေ ကျုပ်စိတ်ထဲမှာမေ့သွားပြီး ခဏတော့ လွင့်မျောသွားသလို ဖြစ်သွားတယ်။

လှလိုက်တာ။ ဒီစကားတစ်ခွန်းပဲတတ်လို့ ဒီစကားပဲ ပြောဖြစ်တာပါ။ ဒီထက်လှတဲ့ စကားရှိရင် ဒီလောက်သုံးရမယ့် အလှပါ။

သေချာတာက မင်းသမီးရဲ့အလှဟာ ကြည်နူးပြီး နှစ်လိုဖွယ်ခဲဆောင်မှုရှိတဲ့ အလှဆိုတာ သေချာပါတယ်။

"ဟော့လူ ခင်ဗျား ဘာလုပ်နေတာလဲ"

အော်သံကြောင့် ကျုပ်လန့်သွားပြီး နောက်ကို ဆတ်ခနဲ လှည့်ကြည့်မိလိုက်တယ်။

"ဟင်. . ."

ရဲမက်နှစ်ယောက်က ကျုပ်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလုပ်နေတာလဲ"

ကျုပ်ကို မသင်္ကာသလိုမေးနေတာကြောင့် ကျုပ်လည်း ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ ဖြစ်သွားတယ်။

"မေးနေတယ်လေ ဒီမှာ ဘာလုပ်နေတာလဲ"

"ဟို... မင်းသမီးကို ...လာ... လာကြည့်တာပါ"

"ဘာ"

ရဲမက်နှစ်ယောက်မှာ ပိုပြီးမသင်္ကာဖြစ်သွားကာ-

"သူလျှိုတစ်ယောက် ရောက်နေတယ်၊ သူလျှို တစ်ယောက် ရောက်နေတယ်...၊ သူလျှို တစ် ယောက်... ရောက်နေတယ်"

သူ့အော်သံကြောင့် ကျုပ်လည်း ထိတ်လန့်သွားပြီး-

"မဟုတ်ဘူး၊ ကျုပ်သူလျှို မဟုတ်ဘူး"

"မင်းသမီးလေးကို အခုလို ခိုးကြောင်ခိုးဝှက်ကြည့်နေတော့ ခင်ဗျားက ကျုပ်တို့မင်းသမီးလေးကို စောင့်ကြည့်ဖို့ခိုင်းထားတဲ့ ဘုရင်ကြီးကေတိုရဲ့လူမဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ၊ ပြီးတော့ ခင်ဗျားက ဒီတိုင်းပြည်ကမဟုတ်ဘူးလေ... ခင်ဗျားက သူလျှို မဟုတ်ဘူးဆိုရင် ဘယ်တိုင်းပြည်ကလည်း ပြော"



ဒုက္ခပဲ...။ ကျုပ်ဘယ်လို လုပ်ရမှန်းမသိဘူး။

"ကျုပ်... ကျုပ်က... ဘယ်ကလာမှန်းကို မသိတာပါ၊ ဒါ... ဒါပေမယ့် ဘုရင်ကြီးကေတိုရဲ့ သူလျှိုမဟုတ်တာတော့ သေချာတယ်"

ကျုပ်ဘယ်လိုပြောပြော ရဲမက်နှစ်ယောက်က မယုံကြည်တော့ချေ။

ရဲမက်တစ်ယောက်က အခြားရဲမက်များကို လှမ်းခေါ်နေတာ တွေ့ရတယ်။ မဖြစ်ဘူး...။

မဖြစ်ဘူး...။ ထွက်ပြေးမှ ရမယ်။

"ကျုပ်... ကျုပ်က ဘုရင်ကြီးကေတိုရဲ့သူ့... သူလျှိုမဟုတ်ဘူးနော်"

ပြောလည်းပြော ခြေလှမ်းကိုလည်း နောက်ကိုဆုတ်ပြီး ပြေးရမယ့်လမ်းကို ကြည့်နေမိတယ်။

"ကျုပ်.. ကေ... တို... လူ မဟုတ်ဘူး"

ပြေးမယ့်လမ်းကိုတွေ့ရသောကြောင့် ပြေးမလို့ပြင်စဉ်တွင်-

"ခွပ်"

"အား"

နောက်မှရောက်လာသော ရဲမက်က တစ်စုံတစ်ခုနဲ့ လှမ်းပစ်လိုက်သောကြောင့် မြင်ကွင်းတစ်ခုလုံး အမှောင်တိကျကာ မြေကြီးပေါ်ကို လဲကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ရဲမက်များရဲ့ အော်ဟစ်သံကိုသာ ကြားလိုက်ရတော့တယ်။

■

ဘုရင်ကြီး 'ထောင်မောင်း'

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

နန်းတွင်းရှိ လျှို့ဝှက်ခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ပုလ္လင်ပေါ်တွင် ဘုရင်ကြီးထောင်မောင်းက ထိုင်နေပြီး ပုလ္လင်အောက်တွင်တော့ ဝန်ကြီးများဖြစ်ပုံရသော အဝတ်အစားတောက်တောက်ပြောင်ပြောင်နှင့် လူသုံးဦးက ထိုင်နေသည်။

ဤနေရာသည် ယက္ခတိုင်းပြည်၏ နန်းတွင်းထဲက လျှို့ဝှက်အစည်းအဝေးများ ပြုလုပ်လေ့ရှိတဲ့ နေရာဖြစ်သည်။

ထိုသို့သော အစည်းအဝေးတွင် အခြားလူ မည်သူမှ မတက်ရပဲ ဘုရင်နှင့်အတူ ဘုရင်၏လူယုံ ဝန်ကြီးသုံးပါးသာ တက်ရောက်ရသည်။

ယခုနန်းတွင်းလျှို့ဝှက်ဆောင်တွင်ရှိနေသော သူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဘုရင်ကြီးထောင်မောင်း



(၂) တိုင်းရေးဝန်ကြီး (တိုင်းပြည်ရေးရာကို ကိုင်တဲ့ဝန်ကြီးဖြစ်ပုံရ)

(၃) လထဝန်ကြီး (လျှို့ဝှက်ကိစ္စများပြုလုပ်ရသည့် ဝန်ကြီးဖြစ်ပုံရ)

(၄) စမဝန်ကြီး (စစ်မက်ရေးရာနဲ့ပတ်သက်တဲ့ဝန်ကြီးဖြစ်ပုံရ)

"အခြေအနေ ဘယ်လိုလဲဟေ့"

ဘုရင်ကြီးထောင်မောင်းက စတင်မေးမြန်းသည်။

ဝန်ကြီးသုံးဦးထဲမှ လထဝန်ကြီးက-

"မှန်လှပါ. . . ဘုရင်ကြီးကေတိုရဲ့ သူလျှိုတစ်ဦးကိုတော့ မိထားပါတယ်ဘုရား"

"ဟေ. . . သူ. . . သူ. . . တို့ကိစ္စတွေကို အကုန်သိသွားပြီလား"

ဘုရင်ကြီးထောင်မောင်းမှာ အတော်လေးစိုးရိမ်ထိတ်လန့်သွားလေသည်။

"စစ်ဆေးမေးမြန်းနေတုန်းပါဘုရား"

တိုင်းရေးဝန်ကြီးက ဝင်ဖြေသည်။

"သူက ဘယ်အချိန်ကတည်းက၊ ကျုပ်တို့တိုင်းပြည်ကို ရောက်နေတာလဲ. . . သူ့နာမည်က ဘယ်သူလဲ"

"သူ့နာမည်က မောင်နှစ်တဲ့ ဘုရား. . . ရောက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သိပ်ကြာပုံ မရသေးပါဘူး"

"သူရောက်နေတာကို လထဝန်ကြီးက မသိဘူးလား"

ဘုရင်ကြီးထောင်မောင်းက လထဝန်ကြီးကို ဆူမဲနေလေ၏။

လထဝန်ကြီးမှာ ဘာမှပြန်မပြောနိုင်ပဲ ငြိမ်နေရသည်။ ဘုရင်ကြီးက အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး-

"သူ ဒီတိုင်းပြည်မှာ ဘယ်မှာနေလဲ. . . ဘယ်သူတွေနဲ့ တွေ့ပြီးပြီလဲ. . . သတင်းတွေ ဘယ်လောက်တောင် ရနေပြီလဲ"

"နေတာကတော့ မောင်တာရဲ့ အိမ်မှာနေပါတယ်၊ သူ့ကို သိသိချင်း ကလေးတစ်ယောက်က သူနဲ့စတွေ့တယ်လို့ ပြောထားပါတယ်။ ပြီးတော့ အရုပ်လုပ်တဲ့ 'ဂွ'ဆီမှာ အလုပ်လုပ်တယ်၊ နောက်ဆုံးသူနဲ့တွေ့တယ်လို့ ပြောထားတဲ့လူကတော့ 'တော်တော်ရှိ' လို့ ဆိုထားပါတယ်။ အားလုံးကိုတော့ စစ်ဆေးပြီးသွားပါပြီ"

"သူဘယ်လောက်တောင် သိထားပြီလဲ"

"စစ်ဆေးချက်အရတော့ သိပ်မသိသေးပါဘူး၊ ပြီးတော့ ကျွန်တော်မျိုးတို့စီစဉ်ထားတဲ့ ကိစ္စကလည်း တိုင်းသူပြည်သားတွေ ဘယ်သူမှမသိသေးတဲ့အတွက် သူဘယ်လိုမှ သတင်းမရနိုင်ပါဘူး ဘုရား"

"အိမ်း. . . ပေါ့တော့ မပေါ့ဆနဲ့. . .၊ ပြီးတော့ မောင်းမင်းတို့တွေလည်း ကျုပ်တို့ရဲ့လျှို့ဝှက်ချက်ကို ဘယ်သူမှ မပြောမိစေနဲ့. . . ကျုပ်ကိုယ်တိုင်တောင် ကျုပ်မိဖုရားကို မပြော



ပြဘူး"

"မှန်လှပါဘုရား"

"ကဲ. . . အခု. . . ဘုရင်ကြီးကေတိုကို အကြောင်းပြန်ဖို့ အတွက် ရက်သိပ်မလိုတော့ဘူး၊ ဒီတော့. . . ကျုပ်တို့ဆွေးနွေးထားတဲ့ကိစ္စတွေကို ပြန်စစ်လို့ရအောင် နောက်တစ်ခေါက်လျှောက်တင်စမ်း"

ဘုရင်ကြီးက အမိန့်ပေးလိုက်၏။

ဤတွင် စမဝန်ကြီးက အသင့်ယူလာသော ပြားပြားလိပ်လိပ် အရာများကို ထုတ်လိုက်ပြီးနောက်-

"နောက်ဆုံး ဆွေးနွေးချက်အရ ဘုရင်ကြီးကေတိုကို သမီးတော်လေးဒေဒေနဲ့ လက်ဆက်ပေးမယ်ဆိုပြီး သတင်းပို့ရပါမယ် ဘုရား"

"အိမ်း. . . ဟုတ်ပြီ"

"ကျွန်တော်မျိုးတို့ တိုင်းပြည်ရဲ့ဥပဒေအရ နိုင်ငံဥသျှောင်တစ်ယောက်ရဲ့သမီးတော်ကို လက်ထပ်ထိမ်းမြားမည်ဆိုပါက လက်ထပ်ထိမ်းမြားလိုသည့် ဘုရင်(သို့)မင်းညီမင်းသားသည် လက်ဆောင်ပဏ္ဏာနှင့်အတူ နောက်လိုက်နောက်ပါ အနည်းငယ်ဖြင့် နိုင်ငံဥသျှောင်နန်းတွင်းဝင်ကာ နန်းတွင်းဥပဒေအရ အဆင့်ဆင့်ပြုလုပ်ရသည်"

"အင်း. . . ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအခါမှာ ဘုရင်ကြီးကေတို့ဟာ နောက်လိုက်နောက်ပါ အနည်းငယ်ဖြင့် မြို့တွင်းဝင်လာပါမယ်ဘုရား"

"ဟုတ်ပြီ"

"အဲ့ဒီလိုဝင်လာတဲ့အခါမှာ ဘုရင်ကြီးကေတို့ကို ဝေါယာဉ်အတွင်း ဝင်ရောက်လုပ်ကြံဖို့ စီစဉ်ထားပါတယ်ဘုရား"

"ကောင်းတယ်. . . ဟာကွက်မရှိသေးဘူး"

ဤတွင် လထဝန်ကြီးက-

"အရှင်ဘုရား"

"အိမ်း. . . ဘာတုံး"

"ကျွန်တော်မျိုးတို့တိုင်းပြည်က လွှတ်ထားတဲ့သူလျှိုရဲ့ သတင်းပေးချက်အရ နည်းနည်းလေးတော့ စိုးရိမ်ထိတ်လန့်ဖို့တော့ ရှိပါတယ်ဘုရား"

ဘုရင်ကြီးအပြင် အခြားဝန်ကြီးများပါ ရုတ်တရက်စိုးရိမ်စိတ်ဖြစ်သွားပြီး-

"ဘာများလဲ"

"ဒီလိုပါဘုရား"

လထဝန်ကြီးက အသင့်ယူလာသော ပြားပြားလိပ်လိပ်အရာများကို ထုတ်လိုက်ပြီးနောက်-

"တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း အစဉ်အလာအရ. . .



ဘုရင်(သို့)အရာရှိတစ်ဦးကြွတဲ့အခါမှာ. . . ရှေ့ကနေ 'ဒူ. . . ဘူ. . . ဟူ'ထုတဲ့ လူရှိပါတယ်ဘုရား"

"အိမ်း. . . ဟုတ်တယ်လေ"

"အဲ့ဒီ 'ဒူဟူဟူ'နောက်မှာ မြင်းစီးရဲမက်နှစ်ဦး ပါရပါတယ်"

"အင်း"

"အဲ့ဒီမြင်းစီးနှစ်ယောက်ရဲ့နောက်မှာ အခြွေအရံအချို့ပါရတယ်၊ အဲ့ဒီနောက်မှာ ဘုရင်ရဲ့ဝေါယာဉ် (သို့) အရာရှိရဲ့ ဝေါယာဉ် ပါရတယ်၊ ဝေါယာဉ်နောက်မှာမှ အခြွေအရံ. . . အခြွေအရံနောက်မှာမှ ရဲမက်အချို့ပါရပါတယ်. . . ဒီလိုပါဘုရား"

လထဝန်ကြီးက ပြားပြားလိပ်လိပ်အရာများကို ဘုရင်ကြီးထောင်မောင်းဆီသို့ ဆက်သလိုက်၏။

ဘုရင်ကြီးထောင်မောင်းက လထဝန်ကြီးလက်ထဲက အရာကို ဆွဲယူကြည့်လိုက်၏

ပြားပြားလိပ်လိပ်များပေါ်တွင် ပုံဆွဲထားခြင်းဖြစ်သည်။

"အိမ်းလေ. . . အဲ့ဒါ ကျုပ်သိတာပဲ ဘာဖြစ်လို့လဲ"

လထဝန်ကြီးက ပြားပြားလိပ်လိပ်နောက်တစ်ခု ထုတ်ပေးသည်။

"အခု ဘုရင်ကြီးကေတို့က ဘယ်ကိုသွားသွား သူ့ကိုလုပ်ကြံမှာစိုးလို့ဆိုပြီး ဝေါယာဉ်သုံးလေးခုနဲ့ သွားပါတယ်ဘုရား"

"ဟေ. . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ဘယ်ဝေါယာဉ်ဟာ သူပါတဲ့ဝေါယာဉ်ဆိုတာ မသိတော့ပါဘူးဘုရား"

ဘုရင်ကြီးထောင်မောင်းက လထာဝန်ကြီးလက်ထဲက အရာကိုခပ်မြန်မြန်ဆွဲယူလိုက်သည်။

ရှေ့ကပုံလိုပဲ ဝေါယာဉ်များ ထပ်ထည့်ထားခြင်းဖြစ်သည်။

"အဲ့ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

ဘုရင်ကြီးထောင်မောင်းက ဝန်ကြီးသုံးပါးကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

တိုင်းရေးဝန်ကြီးက ဦးမော့လိုက်ပြီး-

"ပထမစီစဉ်ထားတာက ဘုရင်ကြီးကေတိုပါလာတဲ့ ဝေါယာဉ်ပေါ်ကို အခြားလူတွေမသိအောင် တက်ပြီး တိတ်တဆိတ် လုပ်ကြံဖို့ပါ၊ ပြီးမှ မသိသလိုပြန်ဆင်းပြီး ကျွန်တော်မျိုးတို့ရဲ့ တိုင်းပြည်ပြင်ပမှာပဲ လုပ်ကြံခံရသလိုလို ဘာလိုလို ဖန်တီးဖို့ပါ။ သူ့ဆီကနေပါလာတဲ့ အခြွေအရံ၊ ရဲမက်တွေပါလာတဲ့အတွက် အဆင်ပြေနိုင်ပါတယ်၊ သက်သေတွေပေါ့၊ ဒါပေမယ့် အခုဟာက ဝေါယာဉ်က သုံးလေးခုတောင်ဆိုတော့ တိတ်တဆိတ်တက်ရောက် လုပ်ကြံဖို့က အဆင်မပြေနိုင်ပါဘူး၊ နည်းနည်းတော့ ခက်ခဲမယ့် သဘောရှိပါတယ်ဘုရား၊ ပိုဆိုးတာက ဘုရင်ကြီးကေတို တကယ် ပါလာတဲ့ ဝေါယာဉ်ကို သိရင်တော့ အဆင်ပြေနိုင်ပါတယ်၊ အဲ. . . သူပါလာတဲ့ဝေါယာဉ်ကို မသိဘူးဆိုရင်တော့ မလွယ်ပါဘူး၊ အကယ်၍



ဝေါယာဉ်မှားပြီး လုပ်ကြံခံရမယ်ဆိုရင် ဘုရင်ကြီးကေတိုရဲ့ ဝေါယာဉ်အမှန်ဟာ ကျွန်တော်မျိုးတို့ရဲ့နန်းတွင်းထဲရောက်လာပြီး နိုင်ငံ့ဥသျှောင်ရဲ့ ကတိစကားအရ သမီးတော်လေးနဲ့လက်ဆက်ပေးရ ပါတော့မယ်ဘုရား"

ဘုရင်ကြီးထောင်မောင်းမှာကြားရသော စကားများကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။

သူ့ရဲ့သမီးတော်လေးကိုလည်း ကေတိုနဲ့မပေးစားလို၊ ဒါပေမယ့်လည်း ကေတိုရဲ့စစ်အင်အားကိုလည်း မလွန်ဆန်နိုင် သည်တို့က လွှန်ဆွဲနေလေသည်။

အခုလုပ်ကြံမယ့် အစီအစဉ်ကလေး အနှောက်အယှက် လေးတွေ ရှိနေတော့ ဒုက္ခတွေ့နေပြီဖြစ်သည်။

"အဲ့ဒီတော့ ကျုပ်တို့ဟာ ကေတိုပါတယ်လို့ ထင်ရတဲ့ ဝေါယာဉ်သုံးခု(သို့)လေးခုလုံးအတွင်းက ရှိတဲ့လူတွေကို လုပ်ကြံမှ ဖြစ်မယ်၊ ဘယ်လိုနည်းနဲ့မဆို ကေတိုဟာ ကျုပ်နန်းတွင်းထဲ မရောက်မှဖြစ်မယ်"

"မှန်လှပါ ဘုရား. . . ဝေါယာဉ်သုံးလေးခုထဲက ဘယ်တစ် ခုဟာ ဘုရင်ကြီးကေတိုရဲ့ဝေါယာဉ်ဖြစ်လဲဆိုတာက စုံစမ်းဖို့ ခက်နေပါတယ်"

"ကျုပ်တို့လွှတ်ထားတဲ့ သူလျှိုဆီကရော အဲ့ဒီသတင်း

www.burmeseclassic.com

www.burmeseclassic.com



မရဘူးလား"

"ကြိုးတော့ ကြိုးစားကြည့်ပါမယ်ဘုရား. . . အကယ်၍ အဲ့ဒီသတင်းသာ အချိန်မှီ မရခဲ့ဘူးဆိုရင်. . ."

"ဝေါယာဉ်အားလုံးထဲမှာပါတဲ့ လူတွေကို လုပ်ကြံကွာ"

ဘုရင်ကြီးထောင်မောင်းက ဒေါသတကြီး ထပြောသည်။ ဝန်ကြီးသုံးပါးမှာလည်း တစ်ဦးမျက်နှာ တစ်ဦးကြည့်မိကြပြီး-

"အကယ်၍ ကျွန်တော်မျိုးတို့သာ လုပ်ကြံမှုမအောင်မြင်ခဲ့ရင်(သို့) ကျွန်တော်မျိုးတို့ လုပ်ကြံတယ်ဆိုတာ သူတို့သိသွားရင် နှစ်နိုင်ငံစစ်မက်ဖြစ်သွားနိုင်ပါတယ်ဘုရာ့"

"ဟင်း"

ဘုရင်ကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

ဘုရင်ကြီးအပြင် အားလုံးကလည်း စိတ်နှလုံးမကြည်မသာ ဖြစ်နေကြလေသည်။

"ဒါဆို. . . ကျုပ်က ကျုပ်သမီးတော်လေးကို ကေတို လက်ထဲကို ထည့်ပေးလိုက်ရတော့မှာလား"

ဝန်ကြီးသုံးပါးမှာ ဘာမှ ပြန်မဖြေနိုင်ပဲ ငြိမ်နေကြလေသည်။

တိတ်ဆိတ်မှုမှာ အချိန်အတော်ကြာသွားလေသည်။ ခဏ အကြာတွင် ဘုရင်ကြီးက အမိန့်တစ်ခု ချမှတ်လိုက်လေသည်။

"ကျုပ်တို့လွှတ်ထားတဲ့ သူလျှိုဆီက ဘယ်ဝေါယာဉ်မှာ ကေတိုပါမလဲဆိုတာ သိအောင်လုပ်၊ အကယ်၍ မသိခဲ့ရင်. . .



ဝေါယာဉ်အားလုံးပေါ်မှာပါလာတဲ့ လူတွေကို တိတ်တဆိတ် လုပ်ကြံလို့ ရအောင်လုပ်၊ ပြီးရင် သူတို့ရဲ့သူလျှိုမောင်နှစ်ဆီက ဘာအတွက် လွှတ်လိုက်တယ်ဆိုတာကို စုံစမ်း"

"မှန်လှပါဘုရား"

"ပြီးရင် ကေတိုကို သမီးတော်နဲ့ လက်ဆက်ပေးမယ်ဆိုတဲ့ သတင်းကို အခုရောက်နေတဲ့ ကိုယ်စားလှယ်နဲ့ သတင်းပို့ပေး လိုက်. . . ပြီးတော့ သူတို့သူလျှို မောင်နှစ်ကို ဖမ်းစီးထားကြောင်း သူတို့ မသိစေနဲ့"

■

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ဘုရင်ကြီးကေတိုသည် ကိုယ်စားလှယ်အဖွဲ့၏ ပြောစကားများကို နားထောင်ပြီး ကြည်နူးနေလေ၏။

ဘုရင်ကြီးကြည်နူး၊ ပျော်ရွှင်နေကြောင်းကိုလည်း ခစားနေကြသော ဝန်ကြီး၊ မှူးမတ်များကလည်း ရိပ်မိပြီး ဝမ်းသာနေကြလေသည်။

ထိုသို့ ဘုရင်ကြီး ဝမ်းသာနေတာကိုပဲ အားလုံးက မြင်လိုကြသည်။ မည်သို့ဆိုသော် ဘုရင်ကြီးကေတိုသည် အမြဲတမ်းဒေါသထွက်နေတတ်သူဖြစ်ပြီး ရန်လိုတတ်သူတစ်ဦးဖြစ်ကာ သူဒေါသထွက်ပြီဆိုပါက အနီးအနားရှိ လူများသည် အမြဲလိုလို ဒုက္ခတွေ့တတ်သောကြောင့်ဖြစ်သည်။

"ကဲ. . . ကဲ ထောင်မောင်းက သူ့သမီးတော်နဲ့ သဘောတူပြီဆိုတော့ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား. . . သို့သော်လည်း ထည့်စဉ်းစားသင့်တာတွေကိုတော့ စဉ်းစားရပါမယ်ဘုရား"

"ဟေ. . . ဘာများတုန်း"

"ဒီလိုပါဘုရား. . . သူတို့ရဲ့ဥပဒေအရ. . . နိုင်ငံဥသျှောင်ရဲ့သမီးတော်ကို လက်ဆက်ဖို့အတွက် နန်းတွင်းကို ဘုရင်ကြီးရဲ့စစ်တပ်နဲ့ဝင်လို့မရပါဘူးဘုရား"

"ဒါဆို ကျုပ်ကဘယ်လို ဝင်ရမှာလဲ"

"ဘုရင်ကြီးရဲ့ကိုယ်ရံတော်အနည်းငယ်နဲ့ပဲ မြို့တွင်းကို ဝင်လို့ရပါမယ်ဘုရား"

"အင်း. . . ဟုတ်ပြီ. . . ဝန်မင်းဆိုလိုတာက"

"ကျွန်တော်မျိုးဆိုလိုတာက. . . ထိုသို့သော အချိန်မျိုးမှာ ဘုရင်ကြီးထောင်မောင်းက လုပ်ကြံဖို့ကြံစည်နိုင်ပါတယ်ဘုရား"

ဘုရင်ကြီးကေတိုမှာ ထိုစကားကြောင့် နည်းနည်းတွေဝေသွားလေသည်။

ထို့နောက်-

"ကျုပ်တို့ လွှတ်ထားတဲ့သူလျှိုဆီကရော ဘာသတင်းတွေကြားသေးလဲ"

"အခုထိ ဘာသတင်းမှ မရသေးပါဘူးဘုရား"

ဘုရင်ကြီးမျက်နှာမှာ အနည်းငယ်ပြန်တည်သွားလေသည်။



"ကျုပ်တို့ သူလျှိုတစ်ခုခုများ ဖြစ်နေလို့လား"

ဘုရင်ကြီးကေတိုရဲ့ အမေးကို ဘယ်သူမှ ပြန်မဖြေနိုင်ကြချေ။

ခေါင်းကိုသာ တွင်တွင် ငုံ့ထားကြ၏။ ဘုရင်ကြီးကေတိုတလည်း အားလုံးကို တစ်ချက်ကြည့်လိုက်၏။ သူ့အမေးကို ပြန်မဖြေကြတာကို တွေ့ရသောကြောင့် နည်းနည်းစိတ်ပျက်သွားလေသည်။

သို့သော်လည်း သူ့ရဲ့ဝန်မင်းတွေ လျှောက်တင်ချက်ကလည်း စဉ်းစားစရာဖြစ်သောကြောင့် စိတ်ကိုလျှော့ချလိုက်ပြီး-

"ကောင်းပြီလေ. . . ကျုပ်ကိုလုပ်ကြံမယ်ဆိုရင် ဘယ်လိုလုပ်ကြံဖို့ဖြစ်နိုင်လဲ"

"ပထမဆုံးအနေနဲ့ ဘုရင်ကြီးရဲ့ဝေါယာဉ်ထဲကို တိတ်တဆိတ်ဝင်ပြီး လုပ်ကြံနိုင်ပါတယ်၊ ဒါမှသာ သူတို့နဲ့မဆိုင်သလို လုပ်လို့ရမှာပါ"

"ဘာပဲဖြစ်ဖြစ် ယက္ခတိုင်းပြည်ရဲ့ အပြင်မှာ ကျုပ်တို့စစ်တပ်တွေရှိနေမှာပဲ မဟုတ်ဘူးလား"

"ဘယ်လိုပဲဖြစ်ဖြစ်. . . ဘုရင်ကြီးက အရင်ထိခိုက်မှာပါပဲ"

ဘုရင်ကြီးကေတိုက ခေါင်းတညိတ်ညိတ်ငြိမ်နေလေသည်။

"အေးလေ. . . ဒါက ကျုပ်တို့စိုးရိမ်ပူပန်ပြီး တွေးမိတာပဲ၊ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ပြီးတော့ ကျုပ်တို့လွှတ်ထားတဲ့ သူလျှို

www.burmeseclassic.com

www.burmeseclassic.com



ဆီကလည်း ဘာသတင်းမှ မကြားရသေးဘူးပဲ. . . ပြီးတော့ ထောင်မောင်းက ကျုပ်နဲ့ကျုပ်ရဲ့တပ်အင်အားကို ကြောက်ပါတယ်၊ ဒင်း အဲ့ဒီလိုတော့ မလုပ်နိုင်ပါဘူး"

"မှန်လှပါ. . . ဘုရင်ကြီးရဲ့ဘုန်းတန်ခိုးကိုတော့ ကြောက်ကြပါတယ်ဘုရာ့"

ဘုရင်ကြီးကေတိုမှာ ထိုအပြောကို ကျေနပ်သွားလေ၏။ သူ၏မျက်နှာအမဲကြီးကို ပေါ်လွင်အောင် အားရပါးရ ရယ်မောလိုက်ပြီး-

"ဘာပဲပြောပြော ထောင်မောင်းက ကျုပ်တို့ရဲ့ အစီအစဉ်ကို မသိသေးပါဘူး. . . ဟုတ်တယ်မှတ်လား. . . ဝန်မင်း"

"မှန်လှပါ"

ဘုရင်ကြီးကေတိုသည် ခန်းမဆောင်ထဲရှိ ခစားနေသော သူများကို တစ်ချက်ကြည့်ပြီးနောက်-

"ကဲ. . . ဝန်မင်းနှစ်ပါးပဲနေခဲ့. . . ကျန်တဲ့လူတွေ ခန်းမ ဆောင်ထဲက ထွက်မယ်"

ဘုရင်ကြီးကေတိုရဲ့ အမိန့်ကြောင့် အားလုံးမှာ အရိုအသေ ပေးပြီး နန်းဆောင်ခန်းမထဲမှ ထွက်ခွာသွားကြလေသည်။

ခဏကြာတွင် နန်းဆောင်ထဲ၌ ဘုရင်ကြီးကေတိုနဲ့ ဝန်ကြီး နှစ်ပါးသာ ကျန်ခဲ့လေတော့သည်။

"ဝန်မင်းတို့ စီစဉ်သင့်တာတွေသာ စီစဉ်ထားကြပါ. . . ထောင်မောင်း ကျုပ်ကိုမလုပ်ကြံရဲပါဘူး"



"မှန်ပါ့ဘုရား၊ စီစဉ်ထားပါ့မယ်"

"ပြီးတော့. . . ထောင်မောင်းသမီးကိုရပြီးတာနဲ့ ယက္ခ တိုင်းပြည်ကို ဝင်ရောက်သိမ်းပိုက်ဖို့ စီစဉ်မှုတွေရော ဘယ်လိုလဲ"

"ဆွေးနွေးထားတဲ့အတိုင်း အဆင်သင့်ပါပဲဘုရာ့"

"ထောင်မောင်း. . . ထောင်မောင်း. . . ဒင်းကတော့ ဒင်းသမီးကို ပေးလိုက်ရင် တိုင်းပြည်တော့ ရင်အေး ရမယ်လို့ ထင်နေပုံရတယ်. . . ဟုတ်လား ဝန်မင်း"

"မှန်ပါ့ဘုရား"

"ကဲ. . . ကျုပ်လည်း အနားယူလိုက်ဦးမယ်. . . ဝန်မင်း တို့လည်း ကျုပ်တို့လွှတ်ထားတဲ့ သူလျှိုနဲ့ အဆက်အသွယ်ရအောင် လုပ်ကြ"

"မှန်ပါ့ဘုရား"

"အိမ်း. . . ဘာများလျှောက်တင်စရာရှိသေးလဲ"

"တစ်ခုတော့ရှိပါတယ်ဘုရာ့"

"ဘာများတုန်း မြန်မြန်လျှောက်တင်စမ်း"

"ယက္ခတိုင်းပြည်ကိုဝင်တဲ့အခါမှာ ဘုရင်ကြီးက ဘယ် ဝေါယာဉ်မှာ စီးမယ်ဆိုတာ အမိန့်မချရသေးပါဘူးဘုရာ့"

"အိမ်း. . . ဟုတ်ပေသားပဲ. . . ဒီတစ်ခါဝေါယာဉ် ဘယ်နှစ်ခုပါမှာလဲ"

"ငါးခုစီစဉ်ထားပါတယ်ဘုရာ့"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးကေတိုသည် အတော်ကြာသည်အထိ စဉ်းစားနေလေသည်။

■

မောင်နှစ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"ကျွတ်. . . ကျွတ်. . . ကျွတ်"

သတိပြန်ရချင်း ခေါင်းကနာနေတယ်။ သူလျှိုဆိုပြီး ဝိုင်းစစ်လိုက်ကြတာ သေလုမျောပါးပဲ။

ဟုတ်ပါဘူးဆိုတာလည်း မရဘူး။ ရှေ့မှာပြောခဲ့တဲ့အတိုင်းပဲ ကျုပ်ကိုယ်ကျုပ်တောင် ဘယ်ကလာတဲ့ သူမှန်းမသိဘူး။

မိတ်ဆွေကိုယ်လည်း ပြောပြီးပါရော. . .။ ကျုပ်သူလျှိုမဟုတ်ဘူးလို့။

ကျုပ်အခုရောက်နေတဲ့နေရာက ဘယ်နေရာမှန်းတော့ မသိဘူး။ မှောင်တော့မှောင်နေတယ်။

အခန်းတစ်ခုထဲမှာ ဖြစ်ပုံရတယ်။ နန်းတွင်းထောင်များလား. . .။ ကြမ်းပြင်ကတော့ စိုထိုင်းထိုင်းနဲ့။ နံရံကိုကိုင်ကြည့်တော့လည်း နည်းနည်းစိုနေတာကြောင့် မြေနဲ့လုပ်ထားတဲ့ အခန်းပဲ။



ကျုပ်အသံတိတ်ပြီး နားစွင့်လိုက်တော့ အပြင်မှာ အစောင့်နှစ်ယောက်ရှိနေကြောင်း သိရတယ်။

မြင်တော့ မမြင်ရဘူးပေါ့. . .။

အဲ့ဒါအကြောင်းမဟုတ်ဘူး။ အခု ကျုပ်ဒုက္ခရောက်နေပြီ။ ခင်းသမီးကြောင့် ကျုပ်မှာဒုက္ခရောက်နေရပြီ။

"ဂျိမ်း"

စူးရှသော အလင်းတန်းကြောင့် မျက်နှာကို ကမန်းကတန်းသတ်နဲ့ ကာထားလိုက်ရတယ်။

တံခါးပွင့်သွားပြီး မှောင်နေတဲ့အခန်းထဲကို အပြင်က အလင်းတွေ ဝင်လာတာပါ။

အလင်းတွေနဲ့အတူ လူတစ်စုလည်း ပါလာသေးတယ်။

"ဟင်း"

သက်ပြင်းချမိတယ်။

ဘာကြောင့်ဆို မနေ့က သူ့ကိုစစ်တဲ့လူတွေ ဖြစ်နေတာကိုး. .။ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ လူကြီးတစ်ယောက်လည်း ပြန်ပါလာတယ်။

မနေ့ကတော့ သူ့ကိုယ်သူ 'လထဝန်ကြီး'လို့ ပြောတာပဲ။

"ပော့ကောင် ထစမ်း"

တွေ့တွေ့ခြင်း ဝန်ကြီးက ကြမ်းတော့တာပဲ။

ကျုပ်လည်း အလူးအလဲထပြီး ထိုင်နေလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဘေးနားမှာလည်း 'ဗလကြီး'သုံးလေးယောက်က ဝန်းရံထားတယ်။

"မင်းက သူလျှိုဆိုတော့ ဒီကိုဘာကိစ္စတွေ လာပြီးစုံစမ်းရတာလည်း ပြောစမ်း"

"ပြောပြီးပါရော... ကျုပ် သူလျှိုမဟုတ်ပါဘူးလို့"

"ဖျန်း"

ဘေးနားမှာရှိတဲ့ ဗလကြီးတစ်ယောက်က ကျုပ်ကို ရိုက်လိုက်တာပါ။

"မယုံရင်... ဒီတိုင်းပြည်မှာ ကျုပ်နဲ့တွေ့ခဲ့တဲ့ လူတွေကို မေးကြည့်ပါ၊ ကျုပ် သူတို့ဆီက ဘာမှ မမေးခဲ့ပါဘူး"

"အေး... သူတို့ကိုလည်း အကုန်စစ်ပြီးပြီ"

"ကျုပ် သူသျှိုမဟုတ်ဘူးဆိုတာ ယုံပြီမှတ်လား"

"ဘာ... သူသျှိုမဟုတ်ရမှာလဲ... မင်း... တော်တော်ရှိဆီကနေ မင်းသမီးအကြောင်းတွေ၊ တိုင်းပြည်အကြောင်းတွေ မေးတယ်ဆို"

"အာ... အဲ့ဒါက..."

စိတ်ပျက်လိုက်တာ။ ကျုပ် ဘာကြောင့် သိချင်တယ်ဆိုတာ ပြောပြလည်း သူတို့က ယုံမှာမှမဟုတ်တာ။

"ဖျောင်း"

"ခွပ်"



"အား"

"ဖျောင်း"

ဗလကြီးတွေ တစ်ယောက်တစ်ချက် ရိုက်တာကြောင့် ကျုပ် ပျော့ခွေပြီး လဲကျသွားတယ်။

နာကျင်ခြင်းအပြင် ကျုပ်စိတ်ထဲ တော်တော်လေး ခံပြင်းသွားတယ်။

ဒီလိုအသုံးမကျတဲ့ ဝန်ကြီးရှိနေတာ ဘုရင်အဖို့ စိတ်ပျက်စရာပဲ။

ကျုပ်ဆီက တစ်ခုခုအဖြေမရမခြင်း သူတို့က ဒီလိုပဲ နှိပ်စက်နေဦးမှာပဲ။

အမှန်ပြောတော့လည်း မယုံကြဘူး...။

ဒီတော့...

ဘာလုပ်ရမလဲ...။

"ခွပ်"

"အ"

"ပြောလေကွာ"

ဘယ်လိုပြောရမလဲ...။

"ဖျောင်း"

"အား"

"ဒီကောင်မာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်တွေ အပြင်းအထန် လှုပ်ရှားနေတယ်။ နာတာတွေရော၊ ဘာလုပ်လို့လုပ်ရမှန်း မသိတာတွေရော ရောနေပုံရတယ်။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး-

"ကောင်းပြီ. . . ကျုပ် ပြောပြမယ်"

ရွယ်နေတဲ့ ဗလကြီးလက်က လေထဲမှာ ရပ်သွားတယ်။ လထဝန်ကြီးရဲ့ မထီမဲ့မြင် အပြုံးကို တွေ့လိုက်ရတယ်။

"ပြော. . . ဘာလဲ"

"ဒါပေမယ့်. . . ကျုပ်ပြောမယ်ဆိုတာ ဒီမှာမဟုတ်ဘူး"

"အံမယ်. . . မင်းက ဒီမှာမပြောချင်ရင် ဘယ်မှာ ပြောမှာလဲ"

"ဘုရင်ကြီးထောင်မောင်းရှေ့မှာ"

"ဘာ"

"ခွပ်"

သတိထပ်မေ့သွားတယ်။

■

(၁၅)

"ဂျိန်း"

တံခါးပွင့်သွားပြန်တယ်။ အလင်းရောင်နဲ့အတူ လူတစ်စုလည်း ထပ်ပါလာပြန်တယ်။ ဒီတစ်ခါ ဟိုလထဝန်ကြီး မပါလာပဲ ဗလကြီးအုပ်စုက လူတစ်ယောက်ကို တရွတ်တိုက် ဆွဲခေါ်လာကြတယ်။

ဘယ်သူပါလိမ့်. . .။

"ဘုရင်ကြီးထောင်မောင်းနဲ့ တွေ့ချင်တယ်. . . ဘုရင်ကြီးထောင်မောင်းနဲ့ တွေ့မှ ဖြစ်မယ်"

တရွတ်တိုက်ဆွဲခေါ်ခံရတဲ့သူက ပါးစပ်က တရစပ်အော်ပြီး ဗလကြီးနှစ်ယောက်လက်ထဲမှာ ပါလာတယ်။

နည်းနည်းလည်း နှိပ်စက်ခံထားရပုံရတယ်။ လူက ခေါင်းတောင် သိပ်မဖော်နိုင်တော့ဘူး။

အသံကတော့ မာဆဲပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်ကြီးထောင်မောင်းနဲ့ တွေ့မှဖြစ်မယ်"

"ဟာကွာ. . . ဒီကောင်တော့"

"ခွပ်"

လက်သီးချက်က ပြင်းသွားပုံရတယ်။

ဆွဲခေါ်ခံရသူမှာ အသံပင် မထွက်နိုင်တော့ပဲ ခေါင်းငိုက်စိုက်ကျသွားတော့တယ်။

ကျုပ်လည်း အခန်းထောင့်လေးကပ်ပြီး တိတ်တဆိတ်ကြည့်နေမိတယ်။ တော်ကြာ မင်းလာဦး. . ခွပ်. . . ခွပ်နဲ့ ကစ်နေမှဖြင့်. . .။

ဆွဲခေါ်လာတဲ့လူကို ကျုပ်ထိုင်နေတဲ့နေရာနဲ့ ခပ်လှမ်းလှမ်းကို လှမ်းပစ်လိုက်ကြတယ်။

ထိုလူမှာလည်း ထိုနေရာလေးမှာပဲ ပုံရက်သားလဲကျသွားတယ်။

"ဂျိန်း"

ဗလကြီးတို့အုပ်စုက သူ့ကိုတစ်ချက်ကြည့်ပြီး တံခါးကိုပြန်ပိတ်ကာ အခန်းထဲကနေ ပြန်ထွက်သွားတယ်။

ကျုပ်လည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး ခုနက လူကိုမမှိတ်မသုန် စိုက်ကြည့်နေမိတယ်။

တုပ်တုပ်မျှ မလှုပ်တာကြောင့် သေများသေနေပြီလားမသိ. . .။



"အင်း. . . အင်း"

အဲ. . . အသံကြားတယ်။ သေသေးဘူး ထင်တယ်။

ကျုပ်လည်း ထိုလူရှိတဲ့နေရာကို တရွတ်တိုက် ရွှေ့သွားလိုက်တယ်။

"အင်း. . . အင်း"

အခန်းက အလင်းနည်းနည်းပဲရတာကြောင့် ထိုလူမျက်နှာကိုသဲသဲကွဲကွဲ မမြင်ရဘူး ဖြစ်နေတယ်။

"ဟေ့လူ. . . ဟေ့လူ"

"အင်း"

တော်တော်လေးနှိပ်စက်ခံထားရပြီး နဂိုကတည်းကမှခံနိုင်ရည်ရှိတဲ့လူ ဟုတ်ပုံမရပေ. . .။

ထိုလူ့ကို ပွေ့လိုက်ပြီး အခန်းထောင့် နွေးထွေးတဲ့နေရာကိုတဖြည်းဖြည်း မယူလိုက်တယ်။

"ဟေ့လူ. . . ဟေ့လူ"

သတိများ မေ့နေပြီလားဆိုပြီး လှုပ်နှိုးကြည့်ရတယ်။

"အင်း"

သတိတော့ ကောင်းကောင်းရနေသေးတယ်။

ဒါပေမယ့် မျက်နှာကြီးတွေက ဖူးရောင်နေတယ်။ စကားတောင်ကောင်းကောင်းပြောနိုင်ပါ့မလား မသိ။

"အင်း. . . ဘယ်. . . ဘယ်. . . သူ. . . လဲ"

www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲတိုးတိုးလေးအသံကြောင့် သူ့ပါးစပ်နားကပ်ပြီး နားထောင်ရတယ်။

ကျုပ်ကို မေးနေတာပဲ။

"ကျုပ်လည်း ခင်ဗျားလိုပဲ ဖမ်းခံထားရတာ"

နည်းနည်းမှောင်နေတာကြောင့် ထိုလူဘာဖြစ်သွားလည်းဆိုတာတော့ ကျုပ်မရိပ်မိလိုက်ပါ။

သူက ကျုပ်ပခုံးကိုကိုင်ပြီး အားယူကာ ထဖို့ပြင်တယ်။

"ကျွတ်. . . ကျွတ်"

ကျုပ်လည်း သူ့ကိုထူမပေးပြီး နံရံမှာ မှီထိုင်ဖို့အတွက် ကပ်ပေးလိုက်တယ်။

ထိုအခါမှပဲ သူ့မျက်နှာကို ခပ်ရှင်းရှင်းမြင်ရတယ်။ ရုပ်ရည် သန့်သူ တစ်ဦးဖြစ်ပုံရတယ်။ ဖူးယောင်နေတာဆိုတော့ ကျုပ်လည်း သိပ်မခန့်မှန်းတတ်ဘူး။

"ကျုပ်. . . ကျုပ်. . . နေရတော့မယ် မထင်ဘူး"

"ဟာဗျာ. . . ခင်ဗျားကလည်း အခုမှ ရောက်တဲ့ဟာကို"

တကယ်တော့ သူ့စကားကို ကျုပ်ကြောက်သွားတယ်။

ဘယ်နှယ့် သူသေသွားမှဖြင့်. . .။ အမလေး. . . ကျုပ်က သူရဲတော့ကြောက်တယ်။

ဒါပေမယ့် သူ့ပုံစံကြည့်ရတာတော့ သိပ်ခံမယ့်ပုံ မပေါ်ဘူး။

"နေပါဦး. . . ခင်ဗျားက ဘာဖြစ်ပြီး ဒီအထဲရောက်လာတာလဲ"



ကျုပ်က သူ့ကို စပ်စုလိုက်တယ်။

သူက ကျုပ်ကိုမကြည့်ဘဲ-

"ကျုပ်က ကုန်သည်တစ်ယောက်ပါ"

"အင်း"

"ဒီတိုင်းပြည်အတွက် သူတို့မှာထားတဲ့ ကုန်ပစ္စည်းအချို့ သူလာပေးမယ်ဆိုပြီး ကတိပေးထားခဲ့တယ်၊ ဒါပေမယ့် ဒီတစ်ခေါက်မှာ သူတို့မှာထားတဲ့ ကုန်ပစ္စည်းတွေ မပါလာဘူး ဖြစ်သွားတယ်။ ဒါနဲ့ ကျုပ်ကို ကတိဖောက်ဖျက်တဲ့အတွက် ဖမ်းလာတာပဲ"

"ဟာဗျာ. . . ဒါလေးနဲ့များ ဒီလောက်မနှိပ်စက်သင့်ပါဘူးဗျာ"

"မဟုတ်ဘူးဗျ. . . ဒီတိုင်းပြည်မှာက ကတိဖောက်ဖျက်မှုဟာ လူသတ်မှုနီးနီး အပြစ်ရှိတယ်"

"ဟင်"

"ပြီးတော့ ကတိပျက်တဲ့လူဟာ ဒီတိုင်းပြည်မှာ ဘာမှ အသုံးမဝင်တော့ဘူးဗျ"

ရင်ထဲမှာ တစ်မျိုးကြီး ခံစားသွားရတယ်။

"နေပါဦး. . . ခင်ဗျားက အဲ့ဒါနဲ့မဆိုင်ပဲ ဘာကြောင့် အရှင်ကြီးထောင်မောင်းကို တွေ့ခွင့်တောင်းနေရတာလဲ. . . ဘာလဲ. . . ကတိပျက်တာကို အသနားခံဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဆွဲခေါ်လာတဲ့ ဗလကြီးတွေကလည်း အဲ့ဒီလိုပဲ ထင်ကြတယ်. . . အား"

ထိုလူ့ပါးစပ်ထဲက သွေးတွေထွက်ကျလာတယ်။

"ဟင်"

"အဟွတ်. . . အဟွတ်"

ချောင်းအဆက်မပြတ်ဆိုးလာပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတယ်။

"ခဏ လှဲနေဦးဗျ"

ထိုလူက ကျုပ်လက်မောင်းကိုမှီပြီး ခဏအမောဖြေနေတယ်။ ခဏအကြာမှာ ကျုပ်ပခုံးကို ဆွဲချလိုက်ပြီး ကျုပ်နားနားကို ကပ်ကာ လေသံတိုးတိုးလေးဖြင့်-

"ကျုပ်. . . ဒီတစ်ခေါက်မှာတဲ့ ကုန်တွေမပါလာဘူးဆိုတာ လမ်းမှာ. . .

--------------------------------

--------------------------------

--------------------------------

--------------------------------"

သိပ်မကြာတဲ့အချိန်မှာ ထိုလူရဲ့အသံက တိုးတိတ်ပြီး ပျောက်ကွယ်သွားတယ်။ လက်ထဲမှာ လဲလျောင်းနေတဲ့ ထိုလူရဲ့



နှာခေါင်းနားကို လက်ကပ်ကြည့်တဲ့အခါ ထိုလူရဲ့ဝင်သက်ထွက်သက်တွေ ပျောက်ဆုံးသွားတာကို တွေ့ရတယ်။

"ဟင်"

ရုတ်တရက် ထိတ်လန့်သွားပြီး-

သေချာအောင် ရင်ဘတ်ကို စမ်းကြည့်လိုက်တယ်။

"သေသွားပြီ. . . ကုန်သည်. . . ကုန်သည်ကြီး သေသွားပြီ"

သူသေသွားတာ အကြောင်းမဟုတ်ဘူး။ သူပြောသွားတဲ့ စကားတွေက သေခါနီးလူတစ်ယောက် ပေါက်ကရ ပြောသွားတဲ့ စကားတွေလား။

ကျုပ်ရင်ထဲ တဒိန်းဒိန်း ခုန်နေတယ်။ သူပြောသွားတဲ့ စကားတွေက တကယ်ပဲဆိုပါက. . .။

မဖြစ်ဘူး. . . မဖြစ်ဘူး။

တံခါးနားကို ကမန်းကတန်း ပြေးသွားလိုက်ပြီး-

**"ဘုရင်ကြီးထောင်မောင်းနဲ့ တွေ့ချင်တယ်၊ ဒီတစ်ခါ တစ်ကယ်ပြောစရာရှိလို့"**

■

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီးထောင်မောင်း

(၁၆)

နန်းတွင်းလျှို့ဝှက်ဆောင်တွင် ထုံးစံအတိုင်း ဘုရင်ကြီး ထောင်မောင်းနဲ့ ဝန်ကြီးသုံးပါးရှိနေကြသည်။

"ကေတိုရဲ့ သူလျှိုအခြေအနေ ဘယ်လိုရှိလဲဟေ့"

"ဖွင့်မပြောသေးပါဘူး ဘုရား"

လထဝန်ကြီးက ပြန်ဖြေသည်။

"မြန်မြန်ဖွင့်ပြောလာအောင် လုပ်ရမယ်"

"မှန်ပါ့ဘုရား"

"ကေတိုကိုရော အကြောင်းကြားပြီးပြီလား"

"အကြောင်းကြားပြီးပါပြီ ဘုရား"

"သူက ဘာတွေများ အကြောင်းပြန်လဲ"

တိုင်းရေးဝန်ကြီးက-

"မှန်လှပါ... ကေတိုဘုရင်ကြီးက သူ့ရဲ့ စစ်တပ်တို့ အပြင်မှာ ချန်ထားပြီး မိမိတို့တိုင်းပြည်ရဲ့ ဓလေ့အတိုင်း အခြွေအရံ အနည်းငယ်နဲ့ မြို့တွင်းဝင်ပါမယ်တဲ့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း. . . ဆင်ထားတဲ့အကွက်ထဲတော့ ဝင်ပြီ. . . သေချာရော စီစဉ်ထားကြရဲ့လား"

"စီစဉ်ထားပါတယ်ဘုရား"

"အသေးစိတ်လျှောက်တင်စမ်း"

လထဝန်ကြီးကို ဘုရင်ကြီးက ကြည့်ပြီးမေးလိုက်ခြင်း ဖြစ်သည်။

"ကေတိုဘုရင်ကြီးရဲ့ ဝေါယာဉ်ဟာ မဖြစ်မနေ အဆောက်အဦးသုံးခုကို ဝင်ရောက်ဖြတ်ကျော်ရပါမယ်ဘုရား. . . အဲ့ဒီအဆောက်အဦးသုံးခုအောက်က မှောင်တဲ့အတွက် လုပ်ကြံဖို့ အသင့်ပြင်ဆင်ထားပါတယ် ဘုရား"

"ကောင်းတယ်၊ ကေတို ဘုရင်ကြီးလာဖို့ ဘယ်နှစ်ရက်ကျန်သေးလဲ"

"သုံးရက်ပဲ ကျန်ပါတော့တယ် ဘုရား"

"ကောင်းပြီ. . . ကျုပ်တို့လွှတ်ထားတဲ့ သူလျှိုဆီကရော ဘာသတင်းတွေရပြီလဲ"

ဘုရင်ကြီးအမေးကြောင့် အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာပျက်နေကြလေသည်။

"ဟဲ့. . . . တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာဖြစ်နေကြတာလဲ"

"ဟို. . ."



သူဖြေနိုး ကိုယ်ဖြေနိုးနဲ့ တစ်ယောက်ကိုတစ်ယောက် မျက်နှာလွှဲနေကြသည်။

"တယ်. . . ဖြေကြစမ်း"

ဘုရင်ကြီး ဒေါသထွက်လာသည်။

"ဟို. . . ကျွန်တော်မျိုးတို့ သူလျှို အသတ်ခံရပါတယ် ဘုရား"

"ဘာ"

ဘုရင်ကြီးထောင်မောင်းမှာ ဒေါသထွက်လွန်းသောကြောင့် ရှူလှိုင်ကနေ ရုတ်တရက် ထရပ်မိလေသည်။

အားလုံးမှာထိန်လန့်သွားပြီး မျက်နှာမဖော်ရဲအောင် ဖြစ်နေကြလေသည်။

"တောက်. . . ရှိင်းစိုင်းလိုက်တာ. . . ကျုပ်တို့သူလျှိုကို သတ်သလို. . . ဒင်းတို့ သူသျှိုလည်း သေစေရမယ်. . . ကဲ. . . မောင်းမင်းတို့"

"ဘုရား"

"ကေတိုသူသျှို. . . မောင်နှစ်ကို ချက်ချင်း ကြိုးကွင်းစွပ် သတ်စေ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ကေတိုသူလျှိုမောင်နှစ်ကို သတ်မယ့်သတင်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားလေ၏။

တချို့က သူတို့ရန်သူရဲ့ သူလျှိုသတ်ပွဲသို့ တပျော်တပါးကြီး သွားကြည့်ရန် စီစဉ်ထားကြလေသည်။

တစ်ယောက်တစ်ပေါက်ပြောဆိုကြရင်း သူလျှိုသတ်ပွဲကြည့်ရန် လူဦးရေမှာ အပြောနဲ့တင် တစ်ကွင်းလုံး ပြည့်နေပြီဖြစ်သည်။

ကလေးလည်းပါသည်။ လူကြီးလည်း ပါသည်။ အမျိုးသမီး အဖွားကြီးရော အစုံပါပဲ။ တချို့က မောင်နှစ်သည် သူလျှိုမဖြစ်နိုင်ဟု ငြင်းခုန်ကြ၏။

တချို့က ဘယ်ကလာမှန်းမသိတဲ့ လူတစ်ယောက်ဟာ သူလျှိုဖြစ်နိုင်ကြောင်း ငြင်းခုန်ကြလေ၏။

ငြင်းခုန်မှုသည် ငြင်းခုန်မှုသာ ဖြစ်၏။ နောက်ဆုံးတော့ ဘယ်သူမှ ရေရေရာရာမပြောနိုင်ကြချေ။



နောက်ဆုံးတော့ ထိုငြင်းခုန်နေတဲ့ လူအားလုံးသည် သူလျှိုသတ်ကွင်းသို့ ဦးတည်သွားနေကြရင်း လမ်းတစ်လျှောက် ဆက်လက်ငြင်းခုန်နေကြလေသည်။

သွားသည့်လူတန်းမှာ ရှည်လျားလှသည်။ မကြာမီအချိန်မှာ သူလျှိုသတ်ကွင်းသို့ ရောက်လာကြ၏။

သူလျှိုသတ်ကွင်းမှာ ဒီတိုင်းပြည်၏ အလယ်အလတ် အဆင့်ရှိ လူသတ်ကွင်းဖြစ်သည်။

တိုင်းပြည်တွင် ရာဇဝတ်မှုဖြစ်ရာတွင် နမူနာအားဖြင့် လာဘ်စားသော၊ အကျင့်ပျက်သော မှုးမတ်အရာရှိသတ်ကွင်း (အဆင့်မြင့်သတ်ကွင်း)၊ အစေခံနန်းတွင်းအမှုထမ်း ဖြစ်မှုရှိသူ သတ်ကွင်း(အလယ်အလတ်သတ်ကွင်း)၊ တိုင်းသူပြည်သား အပြစ်ရှိသူသတ်ကွင်း စသည်ဖြင့် အမျိုးမျိုးရှိလေသည်။

ယခု သူလျှိုသတ်ကွင်းမှာလည်း အလယ်အလတ် အဆင့်အတန်းရှိသည့် သတ်ကွင်းတစ်ခုဖြစ်သည်။

သတ်ကွင်းအလယ်တွင် စင်တစ်ခုဆောက်ထားပြီး ထိုစင်ပေါ်တွင် သူလျှိုကို သတ်ရန်အတွက် ကြိုးစင်တစ်ခုရှိသည်။

ထိုစင်သို့ သူလျှိုအားခေါ်လာသည့် လမ်းတစ်ခုရှိသည်။ မြေနီလမ်း ပုံစံမျိုးဖြစ်သည်။

"ဟော. . . လာပြီ"

လူတစ်ယောက်ရဲ့အော်ကြီးဟစ်ကျယ် အော်သံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စုရုံးနေသော လူစုလူဝေးကြီးမှာ တစ်နေရာသို့ ဝိုင်းကြည့်လိုက်ကြသည်။

ဗလကြီးလေးယောက်က ယိုင်နဲ့နဲ့ဖြစ်နေသော လူငယ်တစ်ယောက်ကို ဆွဲခေါ်လာကြသည်။

ထိုလူငယ်၏ မျက်နှာကိုကြည့်ပြီး အားလုံးမှာ ခဏတော့ မှင်သက်သွားကြသည်။

ငြင်းခုံနေတဲ့လူများလည်း တိတ်ဆိတ်သွားလေ၏။ ဗလကြီးလေးယောက်သည် လူငယ်လေးကို တွဲခေါ်လာကာ စင်ရှိရာသို့ ပုံမှန်အတိုင်း လျှောက်လာခဲ့၏။

မြေနီလမ်းပေါ် ရပ်နေတဲ့ လူတချို့က လမ်းဖယ်ပေးကြသည်။

"ဘုရင်ကြီးနဲ့ တွေ့ချင်တယ်၊ ဒီတစ်ခါ တကယ်ပြောစရာရှိလို့"

"ဘုရင်ကြီးနဲ့ တွေ့ချင်တယ်၊ ဒီတစ်ခါ တကယ်ပြောစရာရှိလို့"

ပါးစပ်ကလည်း အော်ဟစ်မြည်တမ်းနေရင်း ဗလကြီးဆွဲခေါ်ရာသို့ ပါလာလေ၏။

အားလုံးမှာ တိုးတိုးဝေ့ဝေ့ကြည့်ကြရင်း တဖြည်းဖြည်းဆူညံလာကြလေသည်။

"ဘာဖြစ်လို့တိုးတာလဲ"

"မမြင်ရလို့ပေါ့၊ တမင်သက်သက်တိုးမလား"



"မမြင်ရတာပဲ အဲ့ဒီလောက်တောင် တိုးစရာလိုလို့လား"

တစ်ယောက်တစ်ခွန်း စကားများနေတဲ့ လူများလည်းရှိနေကြသည်။

ထိုစဉ်-

"ဦးရေးကြီး"

ကလေးတစ်ယောက်က မြေနီလမ်းရှေ့တွင် ပိတ်ရပ်လိုက်ပြီး သူလျှိုအဖြစ် ဖမ်းလာသောလူငယ်ကို မပီကလာပီကလာ ခေါ်လိုက်ခြင်းဖြစ်သည်။

ဗလကြီးများကလည်း ကလေးတစ်ယောက်က လမ်းတွင် ပိတ်ရပ်နေသောကြောင့် ခဏရပ်လိုက်ကြသည်။

"ဟေ့ကောင်လေး လမ်းရှေ့ကဖယ်စမ်း"

ဗလကြီးတစ်ယောက်က ကလေးကို လှမ်းဟောက်သည်။

ဒါကို ကလေးက ဂရုမစိုက်ပဲ သူလျှိုအဖြစ် ဖမ်းလာသောလူငယ်ကိုသာကြည့်ပြီး-

"ဦးရေးကြီး အဝိုင်းပြားရှိသေးလား"

သူလျှိုအဖြစ် ဖမ်းခံထားရသောလူငယ်က ခေါင်းငိုက်စိုက်ကျနေရာမှ အပေါ်ကိုမော့ကြည့်လိုက်ရာ ကလေးတစ်ယောက်ကိုတွေ့ရလေ၏။

ချက်ချင်းဆိုသလိုပင် ထိုကလေးကို မှတ်မိသွားပြီး-

"ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေးခွန်းလေးဘာလေး မေးလေဗျာ... သား အဝိုင်းပြား လိုလို"

သူလျှိုအဖြစ် ဖမ်းခံထားရသောလူငယ်က လက်နှစ်ဖက် စလုံးဖြင့် သူ၏ရှိသမျှ အိတ်တွေကိုနှိုက်ကာ ရှာတွေ့သည့် ပိုက်ဆံများကို ထုတ်လိုက်၏။

"ကိုးဝိုင်းတော့ရှိတယ် မင်းအကုန်ယူလိုက်"

လူငယ်ကလေးကို လှမ်းမေးလိုက်သည်။

ကလေးကလည်း လက်ထဲရောက်လာသော အဝိုင်းပြားများကို ကြည့်ပြီး ဝမ်းသာအားရဖြစ်သွားကာ-

"ကဲ... စတော့/ဒီတစ်ခါ ဘာဖြေရမှာလဲ"

လူငယ်ကနည်းနည်းပြုံးလိုက်သည်။

ကျန်လူများကလည်း ကလေးနဲ့လူငယ်ကို ဝိုင်းကြည့်နေကြလေ၏။

"မမေးတော့ပါဘူးကွာ... ဒီတစ်ခါ ဘာမှမမေးပဲ မင်းကို ပေးတာပါ၊ ငါက နောက်ဆို ရှိမှာမှ မဟုတ်တာ"

"ဟာဗျာ... အဲ့ဒီလိုတော့ အလကားမယူပါဘူး"

ကလေးက စိတ်မကောင်းဖြစ်သွားပြီး ပြန်ပေးမလို့ ပြင်စဉ်တွင်-

"ယူထားပါကွ"

လူငယ်က အတင်းပြန်ပေးလေသည်။



"ကဲ... ကလေး မင်းလမ်းပေါ်က ဖယ်တော့"

ဗလကြီးက ကလေးကို တွန်းဖယ်မလို့ပြင်စဉ်တွင် ကလေးက လူငယ်ကို ပြေးဖက်လိုက်လေ၏။

အချိန်အတော်ကြာသည်အထိ ဖက်ပြီးသွားသောအခါ လူငယ်ကို ကလေးက ခေါင်းတစ်ချက် ငြိမ့်ပြလိုက်ပြီး လူအုပ်ကြားထဲမှ ပြေးထွက်ပျောက်ကွယ်သွားလေသည်။

ဗလကြီးများကလည်း လူငယ်ကို ကြိုးစင်သို့ ဆက်လက်ခေါ်ဆောင်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

သူလျှိုဟု စွပ်စွဲခံရသော လူငယ်ကလေးကို ဗလကြီးများက ကြိုးကွင်းစွပ်နေပြီဖြစ်သည်။ ခေါင်းကိုလည်း အဝတ်နက်ကြီး အုပ်ပေးလေ၏။

သူလျှိုဟု စွပ်စွဲခံရသောလူငယ်မှာ ယခုအခါတွင် စိတ်လျှော့လိုက်ပုံရသည်။

အဝတ်နက်ကြီးမအုပ်ခင်လည်း သူ့ကို ဝိုင်းကြည့်နေသော သူများကို တစ်ချက်ကြည့်လိုက်သေး၏။

အားလုံးကလည်း တိတ်ဆိတ်နေကြလေသည်။ အဝတ်နက်ကြီး အုပ်အပြီးတွင် ဗလကြီးတစ်ဦးက လူငယ်၏လည်ပင်းတွင် စွပ်ထားသော ကြိုးကို ခိုင်မခိုင် စစ်ဆေး၏။

ခိုင်ပြီဟုယုံကြည်မှသာလျှင် အနောက်ကို ခြေလှမ်းငါးလှမ်းခန့် ပြန်ဆုတ်လိုက်၏။



အောက်ဘက်က လူများကိုကြည့်လိုက်ရာ သူတို့မှာ အသက်ရှူဖို့ပင် မေ့နေကြပုံရသည်။

ခေါင်းစွပ်စွပ်ထားသော လူငယ်လေးကိုပဲ မျက်တောင်ခတ်ပဲ ငေးကြည့်နေကြလေသည်။

ဗလကြီးက စင်နားရှိလူတစ်ဦးကို အချက်ပြလိုက်သည်။ ထိုလူကလည်း ဗလကြီး၏ အချက်ပြမှုကို တွေ့ရသောအခါတွင် စင်ဘေးတွင် တပ်ထားသော မောင်းတံကို ဖြုတ်ချ လိုက်သည်။

"ဂျိမ်း"

■



www.burmeseclassic.com

www.burmeseclassic.com




“သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်”






“သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်”




“သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်”



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေကိုဘုရင်ကြီး
ပျော်တဲ့ရက်"

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"


"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"

အဲ့ဒီလိုနဲ့ တစ်တိုင်းပြည်လုံးမှာ ကလေးတွေရဲ့အော်သံများနှင့် ဆူညံနေတော့သည်။

(၁၉)

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"



ကလေးများသည် အထက်ပါစကားများကို အော် ဟစ်ရင်း လမ်းမများ၌ ပြေးလွှားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်"

"အင့်"

ကလေးတစ်ယောက်သည် ပြေးရင်းလွှားရင်း ရှေ့က လာနေတဲ့ လူကြီးနှစ်ယောက်ကို ဝင်တိုက်မိသည်။

ဝင်တိုက်မိသော်လည်း အော်ဟစ်နေတာကိုတော့ မရပ်လိုက်ချေ။

"သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်"

"ဟေ့ကောင်လေး ဘာတွေအော်နေတာလဲ"

တိုက်မိခံရသော လူနှစ်ယောက်က ကလေးအား ပြန်လည်မေးမြန်းလိုက်ရာ ကလေးက လှည့်ပင်မကြည့်ဘဲ အော်မြဲတိုင်းအော်ပြီး ပြေးထွက်သွားလေသည်။

"ဒီကောင်လေးတွေ ဘာတွေ အော်သွားတာလဲ"



အဖော်ပါလာသော လူကြီးတစ်ယောက်ကို မေးလိုက်လေသည်။

"သမီးလည်းဆက်. . . တိုင်းလည်းပျက်. . . ကေတိုဘုရင်ကြီးပျော်တဲ့ရက်လို့ အော်သွားတာမှတ်လား"

"ဟင်. . . ဒါဆို"

ရုတ်တရက် တအံ့တဩဖြစ်နေတုန်းမှာပဲ လမ်းမကြီးပေါ်တွင် ကလေးများ ပြေးလွှားနေတာကို မြင်ကြရပြီး အော်ဟစ်သံများကိုလည်း တူညီစွာ ကြားနေရလေသည်။

"သမီးလည်းဆက်

တိုင်းလည်းပျက်

ကေတိုဘုရင်ကြီး

ပျော်တဲ့ရက်"

တစ်ဦးမှတစ်ဦးဆိုသလို ကလေးတွေရဲ့ ရွတ်ဆိုမှုသည် တစ်တိုင်းပြည်လုံးသို့ ချက်ချင်းပျံ့နှံ့သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"ဟဲ့. . . နင် ဟိုတဘောင် ကြားပြီးပြီလား"

"ဘယ် တစ်ဘောင်လဲ"

"ငါတို့ဘုရင်ကြီးသမီးတော် ဆက်ရင်ဖြစ်မယ့် တဘောင်လေ"

"ဟင်. . . ကလေးတွေ အော်နေတဲ့ဟာလား"

"ဟုတ်တယ်လေ. . . အဲ့ဒါပေါ့"

"အရှုံးနဲ့ကလေးစကားကို တဘောင်အဖြစ် လက်ခံကြတာပဲလေ၊ မှန်တတ်လို့"

"ဟုတ်ပါ့မလားဟဲ့"

"အဲ့ဒါတော့ မသိဘူး. . . ကလေးတွေအော်နေပုံအရတော့ ငါတို့တိုင်းပြည်က သမီးလည်းဆုံး တိုင်းပြည်လည်းဆုံး ဖြစ်မယ့်ပုံပဲ"

"ဟုတ်ပါ့မလား. . . ကေတိုဘုရင်ကြီးက သမီးတော်



ဆက်ရင် ငါတို့တိုင်းပြည်ကို အေးအေးချမ်းချမ်းဖြစ်အောင် ဘာမှ မလုပ်ဘူးဆို"

"အေး. . . အဲ့ဒါတော့ သိဖူးအေ"

အမျိုးသမီးနှစ်ယောက်က ဟိုပြောဒီပြောပြောပြီး ဖြတ်သွားရာတွင် အခြားအမျိုးသမီးတစ်ယောက်ကလည်း နားစွန်နားဖျားကြားမိသည်များကို မှတ်ထားပြီး အိမ်ပြန်ရောက်သောအခါတွင်-

"ကိုရေ. . . တိုင်းပြည်မှာ တဘောင်ထွက်နေတယ်တဲ့"

"ဟင်. . . ဟုတ်လား. . . ဘာတဲ့လဲ"

အပြင်ထွက်ခါနီး သူ့ယောက်ျားကို ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"တိုင်းပြည်ပျက်မယ့် တဘောင်"

"ဘာ. . . ဟုတ်လို့လား"

"သိဘူးလေ. . . ကလေးတွေဆိုနေတာပဲ"

"ဘာဆိုနေတာလဲ"

"အဲ. . . အဲ့ဒါတော့ သေသေချာချာမသိဘူး"

ယောက်ျားသည် သူ့မိန်းမကို ဘာမှ ပြန်မပြောတော့ပဲ အိမ်ထဲမှ ထွက်လာခဲ့လိုက်သည်။

တိုင်းပြည်၏ ဈေးနားတွင်ရှိသော လူစုံသည့်နေရာတွင် ရပ်တာ လူများပြောနေသည့်စကားကို ဝင်ရောက်နားထောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



တဘောင်သတင်းအမှန်ကို ရယူလိုက်လေသည်။

ပိုဆိုးသည်က ထိုတဘောင်သတင်းကြောင့် တတိုင်းပြည်လုံးမှာ ပို၍ ထိတ်လန့်နေပြီး တချို့က ကြောက်ကြောက်လန့်လန့်နဲ့ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်နေကြသည်။

တချို့ကတော့ နန်းတွင်းထိရောက်အောင် ပြောပြဖို့ ပြင်ဆင်နေကြလေသည်။

"နေပါဦး တဘောင်တွေက တစ်ခါတလေ မမှန်တတ်ပါဘူး"

"ဟ... ဒါက မှန်သွားရင် ဘယ်လိုလုပ်မလဲ၊ ဒို့တိုင်းပြည်ပျက်မှာကွ၊ ကေတိုဘုရင်ကြီးကလည်း ပြောလို့ရတာ မဟုတ်ဘူး"

"နေပါဦး... ဒီတဘောင်က ဘယ်ကလာတာလဲ"

"ကလေးတွေဆီက လာတာလေ"

"ကလေးတွေက အဲ့ဒီစာသားကို ဘယ်ကရတာလဲ"

"အာ... ဘယ်က ရရပေါ့၊ တဘောင်ဆိုတာ သူတို့မြင်တာလေးတွေ၊ ကြားတာလေးတွေကို ဆက်စပ်ပြီး ဆိုတာဖြစ်မှာပေါ့"

"ကဲ... ကဲ... ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ကိုတော့ အရင်လုံခြုံအောင် လုပ်ထားကြပေ့"

အဖွဲ့အတွင်းမှာ နားထောင်နေသော လူတစ်ယောက်က ဝင်ပြောလိုက်၍ အားလုံးငြိမ်သွားကြလေသည်။



"ဟုတ်တယ်... သူပြောတာမှန်တယ်၊ အိမ်ပြန်လိုက်ဦးမယ်၊ အိမ်မှာ ကလေးတွေ ရှိသေးတယ်"

"မကြောက်ပါနဲ့ဦး၊ ကေတိုဘုရင်ကြီး သမီးတော် လာတောင်းမှာ နှစ်ရက်တောင် လိုပါသေးတယ်"

"အာ... နှစ်ရက်ဆိုတာ မြန်မြန်ရောက်လာမှာ ပြန်တော့မယ်"

ပြောပြောပြီးချင်း ထိုလူမှာ သုတ်ကနဲ ပြန်သွားလေသည်။

လူတချို့ကလည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ရအောင် ဆိုပြီး အိမ်ကိုအသီးသီးပြန်ကြလေသည်။

ထိုသို့ဖြင့် လူစုကွဲသွားကြလေသည်။ နေတော်တော်စောင်းသွားသောအချိန်တွင် တိုင်းပြည်တစ်ခုလုံးတွင် ကလေးတွေရဲ့ အော်သံမှအပ ထူးထူးဆန်းဆန်း တိတ်ဆိတ်သွားလေ၏။

"သမီးလည်းဆက်
တိုင်းလည်းပျက်
ကေတိုဘုရင်ကြီး
ပျော်တဲ့ရက်"

ထိုသတင်းသည် နန်းတွင်းသို့ အလျှင်အမြန်ရောက်ရှိသွားကာ ဘုရင်နှင့် ဝန်ကြီးသုံးပါးတို့ အရေးပေါ်တိုင်ပင်ရန် လျှို့ဝှက်အဆောင်တွင် တွေ့ဆုံကြရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

"ဒီတဘောင် ဘယ်ကထွက်လဲ မောင်မင်း"

"ကလေးတွေဆီက ထွက်ပါတယ်ဘုရား"

"အဲ့ဒါတော့ ကျုပ်သိတာပေါ့. . . အဲ့ဒီတစ်ဘောင်စကား ဘယ်ကရလဲလို့ပြောတာ"

ဝန်ကြီးသုံးပါးမှာ ဘာပြောရမှန်းမသိဘဲ ခေါင်းငုံ့နေကြလေသည်။

". . . . . . . . . ."

"မေးနေတယ်လေ"

"မ. . . မသိသေးပါဘူး ဘုရား"

"ဘာလုပ်နေကြလဲ"

"စုံ. . . စုံတော့ စုံစမ်းနေပါတယ် ဘုရား"

လထဝန်ကြီးက မဝံ့မရဲလေး ပြန်ဖြေသည်။



"အခုထိစုံစမ်းတုန်း ဟုတ်လား. . . မောင်မင်းရဲ့ အလုပ်က နိုင်ငံတစ်ဝန်းဖြစ်နေတဲ့ အကြောင်းအရာတွေကို နေဝင်နေထွက်နဲ့အညီ သိရှိနေဖို့ပဲလေ၊ အခုမသိဘူးဆိုတော့ မောင်မင်းဘာလုပ်နေလဲ"

"မှန်ပါ့ဘုရား ကြိုးစားပြီး စုံစမ်းနေပါတယ် ဘုရား"

"ကျန်တဲ့ ဝန်မင်းတွေရော ဘာလုပ်နေကြလဲ"

ကျန်တဲ့ဝန်ကြီးနှစ်ပါးမှာ သူတို့ဘက်ကို လှည့်လာသောကြောင့် ပြာပြာသလဲ ဖြစ်သွားပြီး-

"စုံ. . . စုံစမ်းတုန်းပါဘုရား"

ဘုရင်ကြီးထောင်မောင်းမှာ တော်တော်လေး စိတ်ပျက်သွားပုံရသည်။

ထို့နောက်-

"ကေတိုက နောက်နှစ်ရက်ဆို ရောက်တော့မယ်၊ အခုဒီတဘောင်ထွက်လာတယ်၊ ပြီးတော့ မောင်မင်းတို့က အခုမှ စုံစမ်းတုန်း. . . ကောင်းရော. . . ကျုပ်တိုင်းပြည်တော့ ဝန်ကြီးသုံးပါးလက်ထဲမှာ ရေစုန်မျောတော့မှာပဲ"

ဝန်ကြီးသုံးပါးမှာလည်း ခေါင်းငုံ့ပြီး ဘုရင်ကြီးထောင်မောင်းရဲ့ ဆူပူမှုကိုပဲ လိုမ့်ခံနေရလေသည်။

ထိုစဉ် လျှို့ဝှက်နန်းဆောင်အပြင်ဘက်ကနေ လှမ်းအော်ပြောသော မှူးမတ်တစ်ယောက်ရဲ့အသံကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... အရှင်ဘုရား"

"ဘာလဲဟေ့... လျှို့ဝှက်တိုင်ပင်ခန်းနားကို မလာရဘူး ဆိုတာ နားမလည်ဘူးလား"

"မှန်... မှန်ပါ့ဘုရား... အခုဟာက အရေးကြီးလို့ပါ ဘုရား"

အရေးကြီးကိစ္စဆိုသောကြောင့် ဘုရင်ကြီးမှာ စိတ်ဝင်စား သွားပြီး-

"ဘာကိစ္စလဲ ဝင်ခဲ့စမ်း"

မှူးမတ်တစ်ယောက်မှာ အရိုအသေပေးရင်း ခေါင်းငုံ့ဦးချ ကာ ဘုရင်ကြီးရှေ့သို့ ဝင်ရောက်လိုက်လေ၏။

"ဘာအကြောင်းထူးလို့တုန်း"

"ဟို... ကလေးတွေ ရွှတ်ဆိုတဲ့တဘောင် ပြောင်းသွား လို့ပါဘုရား"

"ဟင်... ဟုတ်လား၊ ဘယ်လိုပြောင်းသွားတာလဲ"

ဘုရင်ကြီးအပြင် ဝန်ကြီးသုံးပါးမှာလည်း စိတ်ဝင်စားနေ သောကြောင့် နားစွင့်နေကြလေသည်။

"ဟို... ဟို"

မှူးမတ်မှာ မျက်စိမျက်နှာပျက်နေပြီး မပြောရဲမဆိုရဲ ဖြစ်နေပုံရသည်။

"ဘာတဘောင်လဲ... မြန်မြန်လျှောက်တင်စမ်း"



"ဟို... ဟိုဟာ"

"ပြောမှာဖြင့် ပြောစမ်း"

ဘုရင်ကြီးက ဆူပူကြိမ်းမောင်းမှသာ မှူးမတ်မှာ ကြောက် ကြောက်လန့်လန့်ဖြင့်-

www.burmeseclassic.com

www.burmeseclassic.com

"ထောင်မောင်းသေ


ကေတိုရောက်

ယတ္တပြည်ကြီး ပျောက်"

# "ဘဘ"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၂၂)

"အဲ့ဒီစကားကို ဘယ်ကကြားခဲ့တာလဲ ကလေးလေး"

ရဲမက်တစ်ဦးက လမ်းပေါ်တွင်အော်နေသော ကလေးတစ်ဦးကို မေးနေခြင်းဖြစ်သည်။

"ဝွတိုဆီက သိတာ"

"ဘယ်က ဝွတိုလဲ"

"ဟိုဘက်လမ်းက"

ရဲမက်များမှာ ကလေးညွှန်ပြရာဆီသို့ သွားကြပြန်သည်။ ခဏအကြာတွင် ဝွတိုဆိုသော ကလေးကို တွေ့ရလေ၏။

"ကလေး. . . မင်းဟိုဘက်လမ်းက ကောင်လေးကို ဘာတွေ သင်ပေးလိုက်တာလဲ"

"မောင်ဝဆီက သိတဲ့ဟာလေး ပြောပြလိုက်တာပါ"

ထိုသို့ဖြင့် မောင်ဝဆီရောက်သွားကြပြန်သည်။



မောင်ဝကလည်း-

"လမ်းမှာ ကလေးတွေအော်နေလို့ လိုက်အော်တာပဲ မသိဘူး"

မောင်ဝဆီမှာပဲလမ်းက ဆုံးမလိုဖြစ်နေသည်။

"အဲ့ဒီအော်နေတဲ့ ကလေးတွေထဲက တစ်ယောက်ယောက်ကို ပြောကွာ"

"သူငယ်ချင်းကို ပြောတာလား"

"အေး. . . ဟုတ်တယ်"

"အင်း"

အရေးထဲ မောင်ဝက စဉ်းစားနေသေးသည်။

"မြန်မြန်စဉ်းစားကွာ"

မေးတဲ့လူများမှာ စိတ်မရှည်တော့ပေ။

"နီဆေး. . . ဟုတ်တယ်၊ အော်နေတဲ့သူတွေထဲမှာ နီဆေးလည်းပါတယ်"

"နီဆေး. . . ဟုတ်လား"

"ဟုတ်တယ်. . . ဒေါ်နီနီနန်းနွယ်ရဲ့သားလေ သိဘူးလား"

"အာ. . . ရှည်လိုက်တာ. . . သိပါတယ်"

မေးမြန်းနေတဲ့ ရဲမက်တစ်အုပ်စုလုံးမှာ တစ်နေရာသို့ သူးပြောင်းရပြီး-

နီဆေးဆိုတဲ့ကလေးကို လိုက်ရှာရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နီဆေးကို တွေ့ပြန်တော့လည်း နီဆေးက နောက်တစ်ယောက်ကို ညွှန်ပြန်၏။

ဤသို့ဖြင့် တဆင့်တဆင့်စုံစမ်းရင်း နောက်ဆုံးတွင် သူလျှိုဟု စွပ်စွဲခံရသော လူငယ်လေး၏ ဖမ်းခေါ်လာရာလမ်းတွင် ပိတ်ရပ်သော 'ဒိုး'ဆိုသည့် ကလေးဆီကို ရောက်သွားကြလေသည်။

■

(၂၃)

"မင်းသူငယ်ချင်းတွေ အော်နေတဲ့ဟာတွေကို မင်းသင်ပေးခဲ့တာဆို"

ရဲမက်က ကလေးကို မေးလိုက်လေသည်။

ကလေးကဘာမှ ပြန်မဖြေပဲ ရဲမက်ကို ကြည့်နေလေ၏။ ကြာလာတော့ ရဲမက်က စိတ်မရှည်တော့ပဲ-

"ဟေ့ကောင်. . . မေးနေတာ ဖြေလေ"

"ဖြေရင် ဘာရမှာလဲ"

"ဟင်. . . ဘာကို"

ရဲမက်မှာ ကလေးစကားကို ကြောင်တောင်တောင်ဖြစ်သွားလေသည်။

"ဦးတို့မေးတာ သားဖြေရင် ဘာရမှာလဲလို့ မေးတာ"

"အာ. . . ဒီကောင်"

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတော့လည်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြလေသည်။

"မုန့်ဝယ်ကျွေးမယ်ကွာ"

ရဲမက်တစ်ယောက်က ချော့မော့ပြီး ပြောသည်။

"ဗိုက်ပြည့်နေပြီ"

"ဒါဆို. . . နောက်နေ့ ဗိုက်ဆာရင်စားဖို့ ဝယ်ပေးမယ်ကွာ"

ကလေးက ခေါင်းခါသည်။

ပြီးနောက်-

"မုန့်မဝယ်ကျွေးနဲ့. . . အဝိုင်းပြားပေးရင် သားဖြေမယ်"

"ဘာ. . . ရာရာစစ ကလေးက အဝိုင်းပြားတောင်းတယ်၊ မုန့်စားရ တော်ရောပေါ့"

ကလေးက ဘာမှပြန်မပြောပဲ ငြိမ်နေကာ သူတို့ရှေ့က ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုအခါမှ ရဲမက်များမှာ ပြာပြာသလဲလဲ ဖြစ်သွားပြီး-

"နေ. . . နေပါဦးကွ၊ ကဲ. . . မင်းက အဝိုင်းပြား လိုချင်တယ်ဆိုလည်း ပေးမယ်. . . ပြောတော့"

"ပြောင်းသွားပြီ"

"ဟင်. . . ဘာပြောင်းသွားတာလဲ"

"ဦးတို့က ဈေးဆစ်နေတော့ စိတ်ပြောင်းသွားပြီ"

"ဘာစိတ်ပြောင်းသွားတာလဲ"



"ဘုရင်ကြီးထောင်မောင်းဆီ သားကို ခေါ်သွားမှ ဖြေတော့မယ်လို့ စိတ်ပြောင်းသွားတာ"

"ဘာ. . ."

■

www.burmeseclassic.com

www.burmeseclassic.com

သူတို့က
ပြောတောင်းလွန်းတယ်
တော်တော့
ငါတို့က
ငါတို့အိပ်မက်ကို
ထုဆစ်ပေးမယ့် သူပဲ
အလိုရှိတာ

(၂၄)

ဖုန်တထောင်းထောင်းထနေသည်။ ကွင်းပြင်ကြီးတစ်ခုလုံး ဝိတ်မှောင်ကာ တစ်ယောက်နှင့်တစ်ယောက် မမြင်ရအောင် ဖြစ်နေလေသည်။

ဆူညံသံများ. . . အော်ဟစ်သံများသည် ဖုန်များအတွင်းမှ ထွက်ပေါ်ကာ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးနေလေသည်။

ထိုဖုန်တထောင်းထောင်းထနေခြင်းသည် အနောက်ဖက်အထိရှိနေပြီး မျက်စိတဆုံး မဆုံးနိုင်အောင် ဖြစ်နေလေသည်။

ထိုဖုန်တွေက ဘာတွေလဲ။

ဘယ်သူတွေကြောင့် ဖုန်တွေ၊ ဒီလောက်တောင် ထနေတာလဲ။

ခဏအကြာတွင် ထိုဖုန်များသည် အနည်းငယ်ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ထိုဖုန်များအတွင်းရှိ အရာများမှာ ရုပ်လုံးပေါ်လာလေ၏။

စစ်သည်တော်များ. . .။ များပြားလှသည့် စစ်သည်များသည် လက်နက်များကိုင်ဆောင်ကာ ချီတက်လာနေခြင်း ဖြစ်သည်။

ပစ္စည်းသယ်တဲ့သူ၊ ရိက္ခာသယ်တဲ့သူ၊ ရေသယ်သူ၊ လက်နက်စသည့် များပြားလှသည့် လူများကိုကြည့်ပြီး ထိုစစ်တပ်သည် စစ်သည်ဦးရေ တော်တော်များမည်ဟု ခန့်မှန်းရသည်။

တချို့က ယာယီစခန်းများဆောက်ရန်အတွက် အမိုးအကာများကို သယ်လာသည့်အဖွဲ့ရှိသည်။

တချို့ကတော့ လက်နက်များ ပြုပြင်ရန်အတွက် ပန်းပဲဖိုမှုံစံများကို သယ်လာသည့်အဖွဲ့လည်း ပါဝင်သည်။

သူတို့ကိုကြည့်ခြင်းအားဖြင့် အတွေ့အကြုံရှိ စစ်သည်များဖြစ်ပြီး တစ်နေရာတွင် တပ်စခန်းချကာ မနိုင်မချင်းတိုက်ခိုက်မည့်ပုံစံများဖြစ်သည်။

ထိုစစ်သည်များရှေ့တွင် မြင်းများနှင့် စစ်မှူးများဖြစ်ပုံရသည့် သူများက မြင်းပေါ်မှနေ၍ တဖြည်းဖြည်းချင်း ခရီးနှင်နေကြသည်။

သူတို့ပုံစံများမှာ ကြောက်စရာကောင်းပြီး မျက်နှာများမှာလည်း ခက်ထန်နေကြသည်။ ကြောက်စရာ စစ်မှူးများ အသွင်ပင်ဖြစ်သည်။

သူတို့ရှေ့တွင် ဝေါယာဉ်ကို ထမ်းရသည့် စစ်သည်များက



ဝေါယာဉ်များကို ထမ်းပြီးလိုက်ပါလာရလေ၏။

ထိုဝေါယာဉ်များထဲတွင် မည်သူတစ်ဦးတစ်ယောက်မှ မပါချေ။ စစ်တိုက်သည့် နယ်မြေအတွင်း (သို့) တစ်နေရာရာ၌ အသုံးပြုရန်အတွက် ယူလာခြင်းဖြစ်ပုံရသည်။

ထိုဝေါယာဉ်များရှေ့တွင်တော့ မြင်းတပ်များရှိပြီး တပ်မှူးကြီးများက လိုက်ပါစီမံနေသည်ကို တွေ့ရသည်။

စစ်တပ်ကြီးတစ်ခုလုံးကို ထိုတပ်မှူးကြီးများက သူ့အပိုင်းနှင့်သူ စီမံခန့်ခွဲနေကြခြင်းဖြစ်သည်။

ထိုတပ်မှူးကြီးများက တပ်မှူးငယ်များကို အော်ဟစ်အမိန့်ပေးရင်း လိုက်ပါလာနေလေသည်။

သူတို့ရှေ့တွင်တော့ စစ်သည်တော်များမဟုတ်သည့် အခြွေအရံများကို တွေ့ရသည်။

အခြွေအရံများသည် သူတို့နှင့်သက်ဆိုင်ရာပစ္စည်းများကို သယ်ပိုးလာကြပြီး တစ်ဖက်ကလည်း တာဝန်များမလစ်ဟင်းအောင် ဝရှုတစိုက် လုပ်နေကြပုံရသည်။

သူတို့၏ရှေ့တွင်တော့ ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ စစ်တပ်ကြီးတစ်ခုလုံး၏ အကြီးအမှူးများ၊ ဝန်ကြီးများက လိုက်ပါလာကြပြီး ထိုသူများအလယ်တွင် ရုပ်ဆိုးခက်ထန်မာကျောသည့် အသွင်အပြင်ဖြင့် စစ်ချီနေသော သူတစ်ဦးကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် တိုင်းပြည်နိုင်ငံများက ဖိနပ်ဖိနပ်တုန်အောင် ကြောက်ရွံ့ရသော ဘုရင်ကြီးကေတိုပင်ဖြစ်သည်။

■

## (၂၅)

"ရပ်"

ဘုရင်ကြီးကေတိုက လက်ကိုမြှောက်ပြီး အမိန့်ပေးရာ သူ့နောက်ကလိုက်လာသော ဝန်ကြီး၊ တပ်မှူးကြီး၊ တပ်မှူးငယ်များက အဆင့်ဆင့် အမိန့်ပြန်ပေးရသောကြောင့်-

"ရပ်"

"ရပ်"

"ရပ်"

"ရပ်"

"ရပ်"

"ရပ်"

"ရပ်"

"ရပ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးတစ်ခုတည်းကိုပဲ ကွင်းပြင်တစ်ခုလုံး အော်ဟစ်မှုများဖြင့် လွှမ်းခြုံသွားလေသည်။

စနစ်တကျလေ့ကျင့်ထားသောကြောင့် စစ်တပ်ကြီးတစ်ခုလုံးသည် စစ်ချီနေရာမှ ရပ်တန့်သွားကြလေသည်။

ဘုရင်ကြီးကေတိုသည် သူ့ရဲ့အကြံပေးဝန်ကြီး (၁)ကို လှမ်းခေါ်လိုက်လေသည်။

"ရှေ့က ယက္ခတိုင်းပြည်မှတ်လား"

အကြံပေးဝန်ကြီး (၁)က မဆိုင်းမတွပင်-

"မှန်ပါ့ဘုရား"

ဟု ဖြေလေ၏။

ဘုရင်ကြီးကေတိုသည် မြင်နေရသော ယက္ခတိုင်းပြည်ကို တစ်ချက်ကြည့်လိုက်၏။

ယက္ခတိုင်းပြည်နဲ့ မနီးမဝေးမှာ ရောက်နေပြီ ဖြစ်သည်။ ထို့ကြောင့်-

"ဒီမှာ စခန်းချမယ်"

ဘုရင်ကြီးက အမိန့်ချလိုက်သောကြောင့်-

"ဒီမှာ စခန်းချမယ်"

"ဒီမှာ စခန်းချမယ်"

"ဒီမှာ စခန်းချမယ်"

"ဒီမှာ စခန်းချမယ်"



"ဒီမှာ စခန်းချမယ်"

ဘုရင်ကြီးအမိန့်အတိုင်း စစ်တပ်ကြီးတစ်ခုလုံးကို အဆင့်ဆင့် ပျံ့နှံ့သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"ဟင်"

အိပ်ငိုက်နေသော မြို့ရိုးအစောင့်လေးသည် အိပ်ငိုက်ပြီး ပြန်နိုးအလာတွင် တွေ့လိုက်ရသောမြင်ကွင်းကြောင့် မိမိကိုယ်ကို မယုံကြည်နိုင်ပဲ ဖြစ်နေလေသည်။

အိပ်မက်များ မက်တာလား။ ဒါမှမဟုတ် မိမိအမြင်ပဲ မှားတာလားဆိုပြီး မျက်လုံးကို အတင်းပွတ်ကြည့်နေသည်။

ဟုတ်သည်။ သူ့မြင်သည့်မြင်ကွင်းသည် မှန်နေလေပြီ။ များပြားလှသော စစ်သည်များသည် သူတို့တိုင်းပြည်နှင့် ခပ်လှမ်းလှမ်းတွင် တပ်စခန်းချနေခြင်းဖြစ်သည်။

မြို့စောင့်တပ်သားလေးမှာ ဤလောက်ကြီးမားသော စစ်တပ်ကို မတွေ့ဘူးသောကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။



ထို့နောက်မှ မိမိတာဝန်ကို တစ်ချက်ချင်းစီ သတိရပြီး ခပ်လှမ်းလှမ်းရှိ တစ်နေရာသို့ ပြေးသွားလိုက်သည်။

တိုင်းပြည်တစ်ခုလုံးကို ကာထားသောမြို့ရိုးပေါ်တွင် ပြေးနေရသော်လည်း တစ်ချက်တစ်ချက် ယိမ်းယိုင်သွားသည်။

ရောက်ရောက်ချင်းပင် သစ်သားပေါ်၌ ထွင်းထုထားသော စာလုံးများကို အပြေးအလွှားဖတ်ရသည်။

မိမိသည် တိုင်းပြည်မြို့ရိုးပေါ်တွင် တာဝန်ကျတာ မကြာသေးသောကြောင့် ယခုကဲ့သို့သော အရေးပေါ်အခြေအနေမျိုးတွင် မည်ကဲ့သို့လုပ်ရမည်ကို အသေးစိတ်မမှတ်မိချေ။

ထို့ကြောင့် အရေးပေါ်ကိစ္စကြုံပါက တာဝန်ထမ်းဆောင်သူသည် သတ်မှတ်ထားသောနေရာသို့သွားကာ ညွှန်ကြားချက်ကို ဖတ်ရှုရမည်ဖြစ်သည်။

ညွှန်ကြားချက်မှာ သူတို့နိုင်ငံ၏ သတင်းပို့သည့် နည်းစနစ် ဖြစ်သည်။



www.burmeseclassic.com



နည်းစနစ်နှစ်ခုကို တွေ့ရသည်။ တစ်ခုမှာ မြို့ရိုးပေါ်ကနေပြီး ခပ်လှမ်းလှမ်းရှိ အဆောက်အဦထဲသို့ လှမ်းအော်ရမည်ဖြစ်သည်။

ထိုသူမှနေ၍ အော်ချက်ကိုမှတ်ပြီး နန်းတွင်းရှိတာဝန်ရှိသူကို ပေးပို့ရမည်ဖြစ်သည်။

နောက်တစ်နည်းမှာ အရေးကြီးကိစ္စများတွင် သုံးသည့်နည်း ဖြစ်သည်။ (အော်) (အော်) (အော်) ဆိုသည့်နည်းဖြစ်သည်။

မြို့ရိုးပေါ်ကနေ ခပ်လှမ်းလှမ်းရှိ အဆောက်အဦထဲကို လှမ်းအော်ရမည်ဖြစ်သည်။

ထိုအဆောက်အဦးထဲမှ တစ်ဆင့်ထပ်အော်လျှင် ကြားနိုင်သည့် နေရာတွင်ရှိသော အဆောက်အဦထဲရှိလူကို ထပ်အော်ပြန်သည်။

ဤသို့ဖြင့် ၄ ဆင့်ဆင့်အော်ရင်း အရေးကြီးသောသတင်းကို အလျှင်အမြန် နန်းတွင်းထဲသို့ ရောက်အောင်ပို့သည့် နည်းစနစ်ဖြစ်သည်။

မြို့ရိုးအစောင့်သည် ယခုကိစ္စက အရေးကြီးသည်ဟု ထင်မြင်သောကြောင့် ဒုတိယနည်းကို အသုံးပြုရန် စဉ်းစားလိုက်သည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းရှိ အဆောက်အဦထဲသို့ ပါးစပ်ကိုလက်ဖြင့် ကန့်တော့ပုံစံကာကာ-



# “ကေတိုဘုရင်ကြီးရောက်နေပြီ”


ဟု အသံကျယ်ကျယ်အော်ဟစ်လိုက်၏။


ထိုအခါ အသံကြားနိုင်သည့်နေရာတွင် တည်ရှိသော အဆောက်အဦရှိ အစောင့်က ကြားပြီး တစ်ဖန်ပြန်အော်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဤသို့ဖြင့် အဆင့်ဆင့်အော်ပြီး နောက်ဆုံးတွင် ထိုအရေး
ကြီးသောသတင်းသည် ဘုရင်ကြီးထောင်မောင်းနန်းတော်အတွင်းသို့
အလျှင်အမြန်ရောက်ရှိသွားလေသည်။

အရေးကြီးသော အော်ဟစ်သတင်းပို့သံကြောင့်လည်း
တတိုင်းပြည်လုံးမှာ လှုပ်လှုပ်ရွရွဖြစ်သွားပြီး တိုင်းပြည်မြို့ရိုးတံခါး
နားသို့ အလုအယက်ပြေးကာ ကြည့်ကြလေ၏။

မိမိတို့၏တိုင်းပြည်ကို မြို့ရိုးအမြင့်များဖြင့် ကာရံထားပြီး
မြို့ရိုးတံခါးမှာလည်း ခိုင်ခန့်လှသည်။

ယခင်အချိန်များဆိုလျှင် မြို့ရိုးတံခါးမှာ အမြဲဖွင့်ထားပြီး
အခု အရေးကြီးအချိန်များဖြစ်သောကြောင့် ပိတ်ထားတတ်သည်။

တချို့က ချောင်းကြည့်ကြပြီး တချို့ကတော့ မြို့ရိုးကို
ကျော်ပြီး မြင်နိုင်တဲ့နေရာကို ကြည့်ကြ၏။

"အိုး"

"စစ်သားတွေအများကြီး"

"အမလေးလုပ်ပါဦး"

"ကလေးတွေပြောတဲ့အတိုင်းပဲ တို့ပြည်ကြီးတော့ ပျက်ပြီ
ထင်တယ်"

တစ်ယောက်တစ်ပေါက်ပြောရင်း တိုင်းပြည်အတွင်းတွင်
ပြောက်ရွံ့မှုများ လွှမ်းမိုးသွားကြလေသည်။

"တို့ဘုရင်ကြီး ဘာလုပ်နေလဲ. . . သမီးမြန်မြန်ပေးလိုက်



တော့လေ"

"ဟ. . . သမီးရော. . . တိုင်းပြည်ရော သိမ်းရင် ဘယ်
လို လုပ်မလဲ"

"ဟူး"

ပြောမယ်သာပြောရသည်။ သူတို့ကိုယ်တိုင်တောင်
ကြောက်ရွံ့နေကြလေသည်။

ထိုသို့ဖြင့် ဘုရင်ကြီးကေတို၏စစ်တပ်မှာ စစ်သားငါးသိန်း
ခန့် ပါလာသည်ဟုလည်းကောင်း၊ စစ်သားခြောက်သိန်းအထိ
ပါလာနိုင်သည်ဟူ၍လည်းကောင်း ထင်မြင်ယူဆချက်များ ပျံ့နှံ့
သွားလေသည်။

ထိုအချိန်တွင် ဘုရင်ကြီးထောင်မောင်းသည် နန်းတွင်း
လျှို့ဝှက်အဆောင်၌ ကလေးလေးတစ်ယောက်ကို သီးသန့်ခေါ်တွေ့
နေသည့် အချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ယက္ခတိုင်းပြည်အနီးတဝိုက်တွင် ချက်ချင်းဆိုသလိုဝင် တဲနန်းများဖြင့် ပြည့်နှက်သွားလေသည်။

ဘုရင်ကြီးကေတို၏ အလံများသည်လည်း နေရာအနှံ့ မြင်တွေ့နေရလေသည်။ ထိုအထဲတွင်မှ တဲနန်းကြီးမှာ ဘုရင်ကြီး ကေတိုအတွက်ဖြစ်ပြီး အခြားတဲနန်းငယ်များမှာ ဝန်ကြီး၊ စစ်မှူးကြီး များအတွက် ဖြစ်သည်။

လက်အောက်ငယ်သားစစ်သည်များကတော့ အပြင်တွင် လည်းကောင်း၊ ကင်းစောင့်ရင်းသော်လည်းကောင်း အိပ်ကြရခြင်း ဖြစ်သည်။

ဘုရင်ကြီးကေတို၏တဲနန်းဆောင်တွင် ဘုရင်ကြီးကေတို၏ အိပ်စက်ရာအခန်းနှင့် စားတော်ခေါ်ရာအခန်းပါဝင်၏။

နောက်တစ်ခန်းကျယ်မှာ မှူးကြီး၊ မတ်ရာ၊ ဝန်ကြီးများနှင့်



အမြဲတစေ စည်းဝေးလေ့ရှိသည့် နေရာပင်ဖြစ်သည်။

ဘုရင်ကြီးကေတိုသည် စစ်တိုက်ထွက်သည့်အခါတိုင်း အိပ်ချိန်စားချိန်မှလွဲ၍ ထိုအခန်းထဲ၌ ရှိနေပြီး တဲနန်းအပြင်ကို ထွက်လေ့မရှိပေ. . .။ မည်သို့ဆိုသော် စစ်တိုက်ချိန်မဟုတ်သည့် အခါ တစ်ဖက်ရန်သူက အဝေးမှ လုပ်ကြံမှာဆိုးသောကြောင့် ဖြစ် သည်။

ယခုလည်း စခန်းချသည့်နေ့မှာပင် ထိုအစည်းအဝေးခန်း ၌ပင် ဝန်ကြီး၊ မှူးကြီး၊ မတ်ရာများဖြင့် စုံညီစွာရှိနေလေ၏။

"ဝန်မင်းတို့"

"ဘုရား"

"ထောင်မောင်းဆီက ဘာတွေများ သတင်းရသေးလဲ"

"သူတို့ဘက်ကတော့ အထွေအထူး သတင်းမပို့သေးပါဘူး ဘုရား"

"အိမ်း. . . ဒါဆို သတ်မှတ်ရက် သမီးတော် တောင်းယုံပေါ့"

"မှန်ပါ့ဘုရား"

ဘုရင်ကြီးကေတိုသည် အစည်းအဝေးတဲနန်းထဲသို့ တစ်ချက်ဝှေ့ကြည့်လိုက်သည်။

မိမိစိတ်ချရသော လူယုံများကိုပဲ တွေ့ရသောကြောင့်-

"ဒါနဲ့ သမီးတော်တောင်းပြီးရင်. . . သူ့တိုင်းပြည် ဝင်သိမ်းမယ့် အစီအစဉ်ရော ထောင်မောင်းကြီး သိနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူးဘုရား. . . သမီးတော် ဆက်သယ့်နဲ့ တိုင်းပြည်ကို အရှင်မင်းကြီးက ချမ်းသာပေးမယ်လို့ ထင်နေပါတယ် ဘုရား"

"အိမ်း. . . ကောင်းတယ်"

ဘုရင်ကြီးကေတုမှာ သူစီစဉ်ထားသည့် အစီအစဉ်ကို အတော်လေး သဘောကျနေလေသည်။

"သို့သော်လည်း ဘုရား. . ."

"ဟေ. . . ဘာများလဲ"

"ကျွန်တော်မျိုးတို့ လွှတ်ထားတဲ့သူလျှိုဆီက သတင်းတစ်ခု ရပါတယ် ဘုရား"

"ဘာများလဲ. . ."

"အရှင်ဘုရားစီးမယ့် ဝေါယာဉ်အတွင်း ဘုရင်ကြီး ထောင်မောင်းက လုပ်ကြံဖို့ စီစဉ်ထားတယ်ဆိုတာပါ ဘုရား"

"ဘာ. . . ထောင်မောင်းက ငါ့ကိုဒီလိုပဲ စီစဉ်ထားလား။ ဒီသတင်းက ဟုတ်ရောဟုတ်ရဲ့လား"

"ဒီသတင်းက စစ်မထွက်ခင်ထဲက ရတာပါဘုရား၊ မှန်လည်း မှန်ပါလိမ့်မယ်ဘုရား"

"ငါ ဘာဖြစ်လို့ အခုမှပြောလဲ"

ဘုရင်ကြီးကေတုက ပြစ်တင်ကြိမ်းမောင်းလိုက်သောကြောင့် အားလုံးငြိမ်နေကြလေသည်။



"ထားပါတော့. . . အခုမှ သိရတယ်ဆိုတော့လည်း အချိန်မီသေးတယ်. . . ကဲ. . . အစီအစဉ်ပြောင်းရအောင်"

"မှန်ပါ့ဘုရား. . . ဘယ်လိုမျိုး အစီအစဉ်ပြောင်းရပါမလဲ ဘုရား"

"ကျုပ်ဝေါယာဉ်ထဲ မလိုက်တော့ဘူး"

"မှန်ပါ့"

"ဝေါယာဉ်ထဲမှာ ကျုပ်ပါလာသလိုလို ဘာလိုလိုပဲ စီစဉ်ကြ"

"မှန်ပါ့"

"ပြီးတော့မှ ကျုပ်က ဝေါယာဉ်ရှေ့က ကိုယ်ရံတော်မှူး နေရာမှာ ကျုပ်ကို ရုပ်ဖျက်အစားသွင်းပေး၊ ဒါမှ ဒင်းတို့ကို လှည့်နိုင်မှာ၊ ဒီအပြောင်းအလဲအကြောင်း မောင်မင်းတို့ပဲ သိစေ"

"စိတ်ချပါ့ဘုရား"

"ဒုတိယအနေနဲ့ ကျုပ်ချစ်ရတဲ့သမီးတော်လေး ရပြီဆိုတော့ ထောင်မောင်းတိုင်းပြည်ကို တရစပ် ဝင်ရောက်ဖျက်ဆီးရမယ်၊ ဒင်းတို့ရဲ့ စစ်တပ်က ဘာရှိတာမို့လို့လဲ. . . ဟုတ်တယ်မှတ်လား ဝန်မင်း"

"မှန်ပါတယ် ဘုရား၊ ယက္ခတိုင်းပြည်ဟာ ကျွန်တော်မျိုးတို့ တိုင်းပြည်ထက် အစစအရာရာ နိမ့်ကျပါတယ် ဘုရား၊ စစ်တပ်ရေး၊ အခြားရေးရာတွေမှာပါဘုရား၊ ဒါကြောင့် အလွယ်တကူ ဝင်ရောက် သိမ်းပိုက်နိုင်မှာပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးကေတိုသည် ပြုံးပြုံးနှင့် နားထောင်နေရင်း-

"ကောင်းပြီ၊ သမီးတော်ကို မနက်ဖြန် နေအလယ်မှာ ဝင်ရောက် တောင်းရမ်းရမှာဖြစ်သောကြောင့် ယနေ့ည အောင်ပွဲခံတဲ့အနေနဲ့ စားသောက်ပွဲကြီး ကျင်းပမယ် ဝန်မင်းများ"

"မှန်ပါ့ဘုရား"

■

## (၂၈)

ထိုအချိန်တွင် ဘုရင်ကြီးထောင်မောင်း၏ နန်းတော်အတွင်းမှ ကလေးငယ်လေးတစ်ယောက် ပြန်ထွက်လာလေသည်။

သူ၏လက်ထဲတွင်လည်း အထုပ်တစ်ထုပ် ပါလာလေ၏။ နန်းတော်အပြင်ဘက် ရောက်သောအခါ ကလေးသည် အထုပ်ကို ဖြေကြည့်လိုက်ရာ အထုပ်ထဲ၌ အဝိုင်းပြားများကို တွေ့ရလေ၏။

ကလေးမှာ အဝိုင်းပြားများကို တွေ့ရသောကြောင့် ပျော်ရွှင်သွားပြီး-

"ငါ့ကောင်တွေ အော်ဟစ်ပေးတဲ့အတွက် သူတို့ကိုလည်း ပေးရမယ်"

ဟု ဆိုကာ ခုန်ပေါက်ပြေးလွှား ထွက်သွားလေသည်။

ထိုကလေးထွက်သွားချိန်တွင် ဘုရင်ကြီးထောင်မောင်းသည် သို့ဝှက်နန်းဆောင်အတွင်း ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် စိတ်လှုပ်ရှားနေလေသည်။

လူ့ဂုက်နန်းဆောင်အတွင်း ဘုရင်ကြီးထောင်မောင်း တစ်ဦးတည်း ရှိနေခြင်းဖြစ်သည်။

ကလေးလေးနှင့် တစ်ယောက်ချင်းတွေ့ပြီးနောက် ထိုသို့ ဖြစ်နေခြင်းဖြစ်သည်။

"အင်း. . . ဒီကလေး ပြောသွားတာတွေက ဟုတ်ပါ့ မလား"

ပါးစပ်ကရေရွတ်ရင်း ဒွိဟဖြစ်နေလေသည်။

"ငါနဲ့ ဝန်မင်းတွေပဲသိတဲ့ ကေတိုကို ဝေါယာဉ်ထဲမှာ လုပ်ကြံမယ့် ကိစ္စကျတော့ ကလေးပြောနေတာ မှန်နေပြန်ရော"

ဘုရင်ကြီးထောင်မောင်းသည် စိတ်ရှုပ်စွာဖြင့် လမ်းလျှောက် နေပြန်သည်။

"ပြီးတော့ ဒီကလေးက သူလျှိုတွေ သင်ပေးပြီး လွှတ် လိုက်တဲ့ ကလေးရော မဖြစ်နိုင်ဘူးလား. . ."

"မောင်နှစ်က သူလျှိုမဟုတ်ဘူးလို့လည်း ဆိုတယ်. . ."

"ဘာပဲပြောပြော သူပြောတာတွေက ကျိုးကြောင်းဆီလျော် နေတယ်. . .၊ ကျုပ်တိုင်းပြည်နဲ့ ကျုပ်သမီးပါသွားလို့တော့ မဖြစ်ဘူး. . ."

ထို့နောက် ဘုရင်ကြီးထောင်မောင်းသည် ခန်းမဆောင် အပြင်သို့ လှည့်ပြီး-



"ဝန်မင်းသုံးပါး ဝင်ခဲ့တော့"

ဟု လှမ်းအော်လိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

"ဗျာ. . . ဘုရင်ကြီးကေတိုကို ဝေါယာဉ်ထဲမှာ မလုပ်ကြ တော့ဘူး ဟုတ်လား"

"အိမ်း. . . ဟုတ်တယ်"

"ဒါ. . . ဒါဆို ဘယ်လိုလုပ်မှာလဲ ဘုရား. . . ဟိုကလေး ပြောလိုက်တဲ့အတွက်ကြောင့်လား ဘုရား. . . အဲ့ဒီကလေးက သူလျှို တွေလွှတ်ထားတဲ့ ကလေးလည်း ဖြစ်နိုင်ပါတယ်ဘုရား"

လထဝန်ကြီးက လျှောက်တင်လေ၏။

ဘုရင်ကြီးထောင်မောင်းသည် ဘာမှ မှတ်ချက်မပေးသေးဘဲ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်လေ၏။

"တဲ. . . အခုချိန်ကစပြီး ကျုပ်အမိန့်ချတဲ့အတိုင်းပဲ တသွေမတိမ်းလုပ်ပါ"

"မှန်. . . မှန်ပါ့ဘုရား"



ဘုရင်ကြီးရဲ့ပုံစံကိုကြည့်ပြီး အားလုံးမှာ ဆက်မမေးရဲတော့ပဲ ခေါင်းကိုသာငုံ့ထားကြလေ၏။

ထို့နောက်တွင် ဘုရင်ကြီးကေတိုသည်-

(၁) တိုင်းသူပြည်သားတွေကို ခေါ်ယူပြီး သစ်ကိုင်း ခြောက် (သို့) သစ်တိုင်းစို အရှည်အတိုများကို ချက်ချင်း စုဆောင်းခိုင်းပါ။

(၂) 'တော်တော်ရှိ'၊ 'တာ'နဲ့ 'ဂွ'ကို ကျုပ်နဲ့တွေ့ဖို့ ချက်ချင်းလွှတ်ပါ။

(၃) တိုင်းပြည်အတွင်းကနေ ကျုပ်လွှတ်တဲ့ တစ်ယောက်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ တိုင်းပြည် တွင်းက မထွက်ခွာစေရန် ကြပ်မတ်ရမည်။ သူလျှိုအဖြစ် စွပ်စွဲခံထားရတဲ့ မောင်နှစ်တိုလည်း ချက်ချင်းလွှတ်စေ။

"ဟို. . . သူ. . . သူလျှိုမောင်နှစ်ကိုတော့ ဗလကြီးတွေ သက်ထဲ အပ်လိုက်ပြီဆိုတော့ မ. . . မရတော့ပါဘူး ဘုရား"

လထဝန်ကြီးက ကြောက်ကြောက်လန့်လန့်နှင့် ပြန်ဖြေရင်း စိတ်ထဲမှာလည်း ဒွိဟဖြစ်နေလေသည်။

မောင်နှစ်ကို လွှတ်ခိုင်းပြီး မောင်နှစ်နဲ့ ပတ်သက်တဲ့ သူတွေကိုလည်း သူနဲ့လာတွေ့ခိုင်းနေသည်။ ဘာလုပ်ဖို့ပါလိမ့်. . .။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တိုင်းသူပြည်သားတွေကိုလည်း သစ်ကိုင်းခြောက်တွေ ကောက်ခိုင်းသေးသည်။

တို့ဘုရင်ကြီး သမီးစွန့်လွှတ်ရတော့မှာ ဖြစ်တာကြောင့် ရူးသွား ပြီလားဟု တွေးထင်မိလေသည်။

"အိမ်းလေ. . . မောင်နှစ် မရှိတော့လည်း ထားလိုက်ပါတော့၊ ကျန်တဲ့ကိစ္စတွေ အခုချက်ချင်း အမြန်လုပ်စေ"

"မှန်ပါ့ဘုရား"

ဝန်ကြီးသုံးပါးမှာ ခန်းမဆောင်မှ အလျှင်အမြန် ထွက်ခွာသွားလေ၏။ ဘုရင်ကြီးကတော့ သူ့ရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ကို ခေါ်ကာ နန်းတော်ထောင်စခန်းသို့ တိတ်တဆိတ် ထွက်ခွာသွားလေသည်။

ခဏအကြာတွင် တိုင်းပြည်အတွင်း၌ မောင်းသံတဒူဒူဖြင့် အောက်ပါကြေငြာချက်ကို ကြားလိုက်ရတော့သည်။

"တိုင်းသူပြည်သားများ အားလုံး သစ်ကိုင်းအစို၊ သစ်ကိုင်းခြောက်များကို မိမိတို့တတ်နိုင်သလောက် ကောက်ယူပြီး သတ်မှတ်ထားသည့်နေရာ၌ အလျှင်အမြန် စုပုံထားစေရန် ဘုရင်ကြီး အမိန့်ချမှတ်လိုက်သည်"

■

# (၁၀)

ဘုရင်ကြီးထောင်မောင်းသည် နန်းတွင်းထောင်နေရာရှိ တစ်နေရာတွင် ထောင်သားတစ်ဦးနှင့် တွေ့ဆုံနေလေ၏။

"မောင်မင်းပြောတာတွေက တကယ်ပဲလား"

"မှန်ပါတယ်ဘုရာ့"

"ဒါဆို အခု မောင်းမင်းပြောတဲ့အတိုင်း လုပ်ပြီးပြီ၊ ဘာတွေ ဆက်လုပ်ရမှာလဲ"

"ခဏစောင့်ကြည့်ပါဦး ဘုရာ့၊ လိုအပ်မှသာ ထပ်ပြီးလုပ်ရမှာပါဘုရာ့"

"အိမ်း. . . ကောင်းပြီ၊ မောင်မင်းကို အခုချက်ချင်း လွှတ်ပေးရမယ်"

"မလုပ်ပါနဲ့ဦး ဘုရာ့၊ အားလုံးပြီးမှသာ လွှတ်ပေးပါ"

"ကောင်းပြီလေ. . . မောင်မင်းက ဘယ်သူပဲဖြစ်နေဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတော့ ကျုပ်တိုင်းပြည်အတွက် ထောင်ထဲကလူနဲ့ ပေါင်းရလည်း ပေါင်းမှာပဲ မောင်မင်း"

ဘုရင်ကြီးထောင်မောင်းသည် ထိုသို့ပြောပြီးနောက် ပြန်လည်ထွက်ခွာရန်အတွက် ပြင်စဉ်တွင်-

"မောင်မင်း ဘာလိုသေးလဲ"

"စားစရာအချို့နဲ့ အရှင်မင်းကြီးတိုင်းပြည်ကို ကယ်ဖို့ အရှင်မင်းကြီးတို့သုံးနေတဲ့ အရွက်တွေလိုပါတယ်ဘုရား"

"အရွက်. . . ဘယ်အရွက်တုန်း"

"တော်တော်ရှိအိမ်မှာရေးနေတဲ့ အရွက်တွေပါဘုရား"

"ဪ. . . မောင်မင်းက ကျုပ်တို့နိုင်ငံက လုပ်တဲ့ စက္ကူကို ပြောတာထင်တယ်"

"မှန်ပါ့ဘုရား"

"ပြီးတော့ ဘာလိုသေးလဲ"

"လူတော်တော်များများ လိုပါတယ်ဘုရား"

"အိမ်း. . . ရစေရမယ်"

■

ည

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

ညသည် တိတ်ဆိတ်စွာဖြင့် ရှိနေလေသည်။ ဘုရင်ကြီးကောတို တပ်စခန်းချရာနေရာတွင် ကိုယ့်အစုအဖွဲ့ဖြင့်ကိုယ် အနားယူနေကြပြီး အချို့ကတော့ တာဝန်ကျရာနေရာများတွင် ကင်းစောင့် နေကြ၏။

ကင်းတာဝန်ကျသော တပ်သားသည် သူ့တာဝန်ကျရာကိုတော့ မလစ်ဟင်းအောင် ထမ်းဆောင်ရသည်။

မည်သို့ဆိုသော် တပ်မှူးများသည် မကြာခဏဆိုသလို ကင်းလှည့်တာဝန်များကို လိုက်လံစစ်ဆေးတတ်ပြီး တာဝန်မကျေပွန်ပါက အပြစ်ပေးတတ်သောကြောင့်ဖြစ်သည်။

ကင်းတာဝန်မကျသည့် စစ်သည်များကတော့ မိမိတို့ကြိုက်နှစ်သက်ရာ လုပ်နိုင်သည်။ အချို့ကတော့ သီးသန့်ခိုင်းထားသည့် တာဝန်များကို လုပ်ဆောင်နေကြ၏။

သို့သော် ရောက်သည့်နေ့မှာပင် စစ်သားအားလုံးလိုလို ထပ်သည့်ကိစ္စတစ်ခုတော့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကတော့ တပ်ကြီးတစ်ခုလုံးလိုလို စစ်စခန်းချရာနေရာတွင် လုပ်ဆောင်လေ့ရှိသည့်အရာပင် ဖြစ်သည်။

သက်ဆိုင်ရာနယ်ပယ် မမြင်ရသောပုဂ္ဂိုလ်များကို ရှိးရာအစွဲအလမ်း ယုံကြည်မှုများအရ ပူဇော်ပသခြင်း ဖြစ်သည်။

တနည်းအားဖြင့် စစ်အောင်နိုင်ရေးအတွက်ပင် ဖြစ်သည်၊ တကယ်လည်း သူတို့က အောင်မြင်ခဲ့ကြသောကြောင့် ရောက်ရာနေရာတိုင်းတွင် စစ်တပ်တစ်တပ်လုံးလိုလို ယုံယုံကြည်ကြည် လုပ်ဆောင်ကြသည်။

အခုလည်း ၁၀ ယောက်တစ်ဖွဲ့၊ အယောက်နှစ်ဆယ်တစ်ဖွဲ့ဖြင့် အလယ်တွင် မီးပုံဖိုကာ မိမိတို့ဝေစု ရိက္ခာများကို ပူဇော်ပသနေကြလေသည်။ တပ်မှူးနှင့် အရာရှိများကလည်း ကျင်းပကြ၏။

ထိုသို့ဖြင့် ပူဇော်ပသပွဲမှာ စည်စည်ကားကား ဖြစ်နေကြလေသည်။ ထိုအချိန်တွင် ဘုရင်ကြီးကေတိုမှာ တဲနန်းတော်အတွင်း အောင်ပွဲခံ စားသောက်ပွဲကျင်းပနေသည့် အချိန်ဖြစ်သည်။

ဝန်ကြီးများ၊ တပ်မှူးကြီးများနှင့် သူ၏ကိုယ်ရံတော်များအကြံပေးများဖြင့် စည်ကားနေလေသည်။

အလယ်တွင်လည်း စားပွဲအစုံအလင်နှင့် သေရည်သေရက်များကို တွေ့ရလေသည်။

အပြင်တွင်တော့ အစောင့်များထူထပ်စွာ ချထားပြီးတဲနန်းတွင်းသို့ မည်သူမျှ ဝင်လို့မရအောင် လုံခြုံရေး တင်းတင်းကျပ်ကျပ် ချထားလေသည်။



အတွင်းကနေ အော်ဟစ်ဆူညံနေသော ဘုရင်ကြီးကေတိုရဲ့အသံကို အပြင်ကနေ အတိုင်းသားကြားနေရ၏။

“မနက်ဖြန်လည်း ထောင်မောင်းရဲ့သမီးတော်နဲ့ သူ့တိုင်းကို ရရင်လည်း ဒီထက်ပိုပြီး အောင်ပွဲခံမယ်. . . ဘယ်လိုလဲ ဝန်မင်းတို့”

“သင့်မြတ်လှပါတယ် ဘုရား”

“နေကြဦး. . နေကြဦး၊ မနက်ဖြန် ဒီအချိန်တော့ အောင်ပွဲခံရဦးမှာ မဟုတ်သေးဘူး၊ ဘာကြောင့်ဆို သမီးတော်ကို ကျုပ်က ကိုယ်ရံတော်စစ်သား ဟန်ဆောင်ပြီး နန်းထဲဝင်ပြီး လက်ခံ၊ လက်ခံတဲ့ လမ်းတစ်လျှောက်မှာ တိုင်းပြည်အခြေအနေမှတ်ခဲ့ပြီး၊ နောက်တစ်နေ့ညကျမှ ယက္ခတိုင်းပြည်ကို ဝင်တိုက်မှာဆိုတော့. . . မနက်ဖြန်တော့ အောင်ပွဲခံလို့ မရသေးဘူးပေါ့”

“မှန်ပါ့ဘုရား”

“ဘာပဲဖြစ်ဖြစ် ပြီးတဲ့အချိန် အောင်ပွဲခံမယ်”

ဘုရင်ကြီးကေတိုက လက်ထဲကခွက်ကို မြှောက်လိုက်သည်။

ဝန်ကြီးများ၊ တပ်မှူးကြီးများကလည်း မိမိတို့ခွက်ကိုလိုက်ပါ မြှောက်လိုက်ကြ၏။

အစားအသောက်များကလည်း ထပ်ကာထပ်ကာ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာနေ၏။ ရောက်လာသော အစားအသောက်များကို ကိုယ်ရံတော် တပ်သားတစ်ယောက်က အရင်စားသောက်ကြည့်ရ၏။

အဆိပ်ပါ၊ မပါ အရင်စစ်ဆေးရခြင်း ဖြစ်သည်။ သေချာပြီ ဆိုမှသာ ဘုရင်ကြီးကေတိုက စားသောက်လေ့ရှိ၏။

အားလုံးပဲ တပျော်တပါးရှိနေကြစဉ် အပြင်က ကင်းစောင့် တပ်မှူးသည် အထဲသို့ အလောတကြီး ဝင်လာလေ၏။

ကင်းစောင့်တပ်မှူး၏ အရေးတကြီးအမူအယာကြောင့် အားလုံးမှာ စိတ်ဝင်စားသွားကြလေသည်။

ကင်းစောင့်တပ်မှူးက ဘုရင်ကြီးကေတိုနားတွင် ရပ်လိုက်၏။

"ဘာကိစ္စရှိလို့လဲဖော့"

"ဟို. . ."

ကင်းစောင့်တပ်မှူးက ချက်ချင်းမဖြေသေးပဲ ဟိုဟိုနှင့် လုပ်နေသောကြောင့်-

"ဖြေလေ. . . ဘာဖြစ်နေလို့လဲ"

"အရှင်မင်းကြီးနဲ့ မဟာမိတ်ပြုထားတဲ့ ဘုရင်လေးပါးက အရှင်မင်းကြီးကို တွေ့ခွင့်တောင်းနေလို့ပါ"

"ဟင်. . ."

ဘုရင်ကြီးကေတိုက လက်ထဲကကိုင်ထားသော ခွက်ကို ချလိုက်၏။

အံ့သြတွေဝေသော မျက်လုံးများဖြင့် အားလုံးကို တစ်ချက်



ကြည့်လိုက်ရာ အခြားလူများကလည်း သူ့လိုပဲ တအံ့တသြဖြစ်နေသည်ကို တွေ့ရလေ၏။

"သူတို့က အခုဒီကိုရောက်နေပြီး ငါနဲ့တွေ့ဖို့ ခွင့်တောင်းနေတာလား"

"မှန်ပါ့ဘုရား"

"သူတို့က ဘယ်လိုဖြစ်လို့ ရောက်လာကြတာလဲ၊ ပြီးတော့ ဘာကိစ္စရှိလို့လဲ"

ဘုရင်ကြီးက တစ်ယောက်တည်း ရေရွတ်ရင်း-

"ဝင်ခိုင်းလိုက် ဝင်ခိုင်းလိုက်၊ သူတို့အတွက် ဒီစားပွဲမှာ နေရာသီးသန့် လုပ်ပေးလိုက်"

သူ့မဟာမိတ်ဘုရင်လေးပါးက ညကြီးမင်းကြီး ရောက်လာတာ အကြောင်းကိစ္စတစ်စုံတစ်ခုရှိရမယ်ဟု တွေးနေမိသည်။

နှစ်စဉ်ဆက်နေကျ လက်ဆောင်ပဏ္ဏာတွေလည်း သူတို့ ဆက်ပြီးနေပါပြီ။ ဘာကိစ္စပါလိမ့်။ ဘုရင်ကြီးကေတိုမှာ စဉ်းစားလို့ မရပဲ ဖြစ်နေလေ၏။

မကြာမီအချိန်တွင် တဲနန်းအတွင်းသို့ ဘုရင်လေးပါးနှင့် အတူ လူတစ်ယောက်ဝင်လာလေ၏။

သူတို့ရဲ့ ကိုယ်ရံတော်နှင့် အနွေခြံအရံများကိုတော့ တဲနန်း တွင်းသို့ ခေါ်ဆောင်လာခွင့် မရှိချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ဘုရင်ကြီးကေတိုသည် သူ့စားပွဲတွင် ဝင်ထိုင်လိုက်သော ဘုရင်လေးပါးနှင့် လူတစ်ယောက်ကို တစ်ချက်ကြည့်လိုက်၏။

အားလုံးမှာ ကိစ္စတစ်ခုခုရှိလို့ ညကြီးမင်းကြီး ရောက်လာကြပုံရသည်။ ဘုရင်ကြီးကေတိုကပဲ စ၍ မေးမြန်းလိုက်သည်။

"ကဲ. . . ဘာကိစ္စရှိလို့ ဒီလောက်တောင် အလျင်လိုပြီး ရောက်လာကြတာလဲ"

အနီးဆုံးဘုရင်တစ်ပါးက စတင်ပြီး ပြန်ဖြေသည်။

"အရှင်မင်းကြီး မနက်ဖြန်မှာ ယက္ခပြည်ကြီးကို ဝင်ရောက်သိမ်းပိုက်မယ်လို့ သတင်းကြားထားလို့ပါဘုရား"

"ဟင်"

ဘုရင်ကြီးကေတို မျက်နှာတစ်ချက် ပျက်သွားလေသည်။ သူ့ရဲ့ လူများဖြစ်တဲ့ ဝန်ကြီးများ၊ စစ်မှူးကြီးများကလည်း



တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩနေကြလေ၏။

"ဒီသတင်း ဘယ်က ရလဲ"

"ဒီလိုပဲ ကြားရပါတယ် ဘုရား"

"မဟုတ်သေးပါဘူး၊ ကျုပ်က ထောင်မောင်းသမီးတော်ကို ယူပြီး ကျုပ်တိုင်းပြည် ကျုပ်ပြန်မလို့ပဲဟာ"

ဘုရင်ကြီးကေတိုက မဟုတ်ဘူးပြောလိုက်သောကြောင့် ဘုရင်လေးပါးမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။ ဘုရင်ကြီးကေတို လိမ်နေမှန်းလည်း ရိပ်မိကြ၏။

ဘုရင်ကြီးကေတိုသည်လည်း သူ့သတင်းပျံ့နှံ့နေသောကြောင့် အနည်းငယ် စိတ်တိုနေသော်လည်း မသိချင်ယောင်ဆောင် နေ၏။

ထိုပြင် ငါ့ဘာသာငါ တိုင်းပြည်ကို ဝင်သိမ်းမှာကို ဒင်းတို့က ဘာကြောင့် ငါနဲ့ လာတွေ့ရတာလဲ။

ပြီးတော့ သူတို့တိုင်းပြည်နဲ့ကလည်း သူတို့အခွန်ဆက်ရင် ဝင်မသိမ်းဖို့ သဘောတူ တျေလည်နေတာပဲဆိုပြီး စိတ်ထဲတွေးနေမိ၏။

ထို့ကြောင့် ဒေါသလည်း ထွက်လာသောကြောင့်-

"ဒါနဲ့ ကျုပ်မေးစမ်းပါရစေ"

"မှန်ပါ့ အရှင်မင်းကြီး"

"ကျုပ် တိုင်းပြည်ဝင်သိမ်းတာနဲ့ မောင်မင်းတို့က ဒီလာ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဘာဆိုင်လို့လဲ"

ဘုရင်ကြီး ဒေါသထွက်နေမှန်း အားလုံးက ရိပ်မိကြသည်။

ထို့နောက် ဘုရင်တစ်ပါးက ဝင်ရောက်ပြောဆို လေ၏။

"ကျွန်တော်မျိုးတို့ ဒီကိုရောက်လာရတဲ့ အကြောင်းအရင်းက အရှင်မင်းကြီး ယက္ခပြည်ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပါက အချို့အဖိုးတန်ပစ္စည်းများကို မပျက်စီးခင်မှာ ကျွန်တော်မျိုးတို့က လေလံဆွဲချင်လို့ပါဘုရား"

"ဘယ်လို. . . လေလံဆွဲချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား၊ ယက္ခတိုင်းပြည်မှာရှိတဲ့ အရာအချို့ကို အရှင်မင်းကြီးဆီကနေ လေလံဆွဲချင်လို့ပါဘုရား"

"ဟုတ်ပါတယ်ဘုရား"

ကျန်တဲ့မင်းသုံးပါးကလည်း ပြောဆိုလေသည်။

(မှတ်ချက်။ ။ ခရစ်သက္ကရာဇ် ၁၉၃ ခုနှစ်တွင် ရောမမင်းပါတီနက်(စ်) ကွယ်လွန်သွားပြီးသောအခါ ဩဇာအာဏာလက်ကိုင်ကျန်ရစ်ခဲ့သော ကိုယ်ရံတော် ဗိုလ်မှူးချုပ် ပရက်တိုးနီယဉ်ဂါဒ် (Practorian guand) သည် ရောမလူမျိုးများ လွှမ်းမိုးထားသော ကမ္ဘာကြီးတစ်ခုလုံးကို လေလံတင်ရောင်းချ ခဲ့ဖူးလေသည်။ ထိုအခါ နောက်ဆုံးတွင် ဒေါ်လာ ၅၀၀၀၀၀၀ နှင့်ညီမျှသော ဒင်္ဂါးများကို ပေးနိုင်သူ ရောမမြို့သား သူကြွယ်ကြီး ဒီဒီးယပ်(စ်)က ကမ္ဘာကို ရယူသွားဖူးကြောင်း မှတ်သားခဲ့ဖူးပါသည်။)



ဘုရင်ကြီးကေတိုက မျက်မှောင်ကုတ်လိုက်၏။ ထို့နောက်-

"ဒီလောက်တောင် အပြိုင်လေလံဆွဲချင်တယ်ဆိုတော့ ယက္ခပြည်ကြီးမှာ ဘာအဖိုးတန်ပစ္စည်းတွေ ရှိနေလို့လဲ"

"အဖိုးတန်ရယ်လို့တော့ မဟုတ်ပါဘူး၊ ကျွန်တော်မျိုးတို့ လိုချင်တဲ့အရာမို့ပါ. . . ပြီးတော့ အရှင်မင်းကြီးအတွက်လည်း အကျိုးမယုတ်စေရပါဘူး ဘုရား"

ဘုရင်ကြီးကေတိုမှာ အတော်လေးကို စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် လက်ထဲကခွက်ကို ခုံပေါ်သို့အသာအယာ ပြန်ချလိုက်ပြီး-

"ဘာတွေများ လေလံဆွဲချင်လို့လဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ဘုရင်တစ်ပါးက -

"ကျွန်တော်မျိုးတို့ဆွဲချင်တာကတော့ (၇)မျိုးပါဘုရား"

"ဟင်. . . ခုနစ်မျိုးတောင် ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ဘုရင်ကြီးကေတိုမှာ မျက်ခုံးပင့်လိုက်ပြီး အတော်လေးကို စိတ်ဝင်စားနေလေ၏။

"ကဲ. . . ပထမတစ်ခုကို ပြောပါဦး"

"ပထမတစ်မျိုးက လက်နက်လုပ်ရာမှာ ထွက်တဲ့သတ္တုတစ်မျိုး ယက္ခပြည်ကြီးမှာ ထွက်တယ်လို့ ပြောပါတယ်ဘုရား. . .

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက နံပါတ် (၁)ပါ"

"ဒါကတော့ မရဘူး"

ဘုရင်ကြီးကေတိုက ချက်ချင်းပင် ပယ်ချလိုက်သည်။

ဘုရင်များက ဆုံးဖြတ်ချက်ကို လက်ခံလိုက်ကြ၏။ ဤတွင် ဘုရင်ကြီးကေတိုက တစ်စုံတစ်ခုကို သတိရလိုက်ပြီး-

"နေပါဦး ဒါတွေက ယက္ခပြည်ကြီးအတွင်းမှာ ရှိတယ်လို့ ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်မျိုးတို့နိုင်ငံတွေနဲ့ ကုန်သွယ်ဖက်လုပ်နေတဲ့ ကုန်သည်ကြီးက ပြောတာပါ"

သူတို့နဲ့ ပါလာသော လူတစ်ယောက်ကို ညွှန်ပြ၏။

ကုန်သည်ကြီးက မတ်တပ်ရပ်လိုက်ပြီး ဘုရင်ကြီးကေတိုကို ဦးညွှတ်လိုက်ပြီး မိမိကိုယ်ကို မိတ်ဆက်လိုက်သည်။

"ကျွန်တော်မျိုးက နိုင်ငံတိုင်းကို ကူးသန်းရောင်းဝယ်နေတဲ့ ကုန်သည်ကြီးပါ။ နာမည်က 'တော်တော်ရှိ'လို့ ခေါ်ပါတယ် ဘုရား"

■

(၃၃)

ဘုရင်ကြီးထောင်မောင်းသည် လျှို့ဝှက်နန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေ၏။

ဘုရင်ကြီး၏ အရိပ်အကဲကိုကြည့်ပြီး ဝန်ကြီးသုံးပါးမှာ ဘာကိစ္စမှ မလျှောက်တင်ရဲပဲ ငြိမ်နေရလေသည်။

ဘုရင်ကြီး၏ မျက်လုံးများသည်လည်း နန်းဆောင်အဝင်အဝသို့သာ မကြာခဏရောက်နေ၏။

တစ်ခုခုကို မျှော်နေပုံရသည်။ ဝန်ကြီးသုံးပါးမှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြပြီး မျက်စပြစ်ပြနေကြမိသည်။

ခဏအကြာတွင် နန်းဆောင်ထဲသို့ ဘုရင်ကြီး၏ ကိုယ်ရံတော်တပ်မှူးတစ်ပါးမှာ အလျင်စလိုပြေးဝင်လာပြီး ဘုရင်ကြီးကို တီးတိုးတီးတိုး ပြောလေ၏။ ခဏအကြာတွင် ဘုရင်ကြီးက တပ်မှူးကို-

www.burmeseclassic.com

www.burmeseclassic.com



"ဆက်လုပ်တော့"

ဟု အမိန့်ပေးလိုက်သောကြောင့် တပ်မှူးမှာ နန်းဆောင်ထဲမှ ပြန်ထွက်သွားလေသည်။ ထိုအခါမှ ဘုရင်ကြီးသည် ပုလ္လင်ပေါ် ပြန်တက်ကာ-

"ကဲ့. . . ဝန်မင်းတို့လည်း သိတဲ့အတိုင်းပဲ၊ ကျုပ်ဟာ လျှို့ဝှက်ကိစ္စတွေဆိုရင် ကျုပ်မိန်းမတောင် မပြောပြဘူးလို့ ဆိုထားတယ်မှတ်လား"

"မှန်ပါ့ဘုရား"

"အခုတော့ ဝန်မင်းတို့သုံးပါးနဲ့ ကျုပ်နဲ့ပဲ သိတဲ့ကိစ္စဟာ တစ်ဖက်နိုင်ငံက သိနေပြီ"

"ဟင်"

"မ. . . မဖြစ်နိုင်ပါဘူး"

"သေချာလို့လား ဘုရား"

ဝန်ကြီးသုံးပါးမှာ ကြောက်ကြောက်လန့်လန့်နှင့် ငြင်းကြလေသည်။

ဘုရင်ကြီးထောင်မောင်းသည် ဝန်ကြီးသုံးပါးကို တစ်ဦးစီကြည့်လိုက်ပြီး-

"အကုန်လုံးကြောင့်လို့ မဆိုလိုပါဘူး. . . ဝန်မင်းတို့ထဲက တစ်ယောက်ထဲကိုသာ ဆိုလိုတာပါ"

"ဗျာ"



အားလုံး ထိတ်လန့်ကုန်ကြသည်။

ဘုရင်ကြီးထောင်မောင်းမျက်နှာမှာ သာမန်ထက်ပို၍ တည်ငြိမ်နေပြီး ကြောက်ဖို့လည်း ကောင်းနေလေသည်။

တိုင်းရေးဝန်ကြီးက-

"ကျွန်. . . ကျွန်တော်မျိုးတော့ မဟုတ်ပါဘူးဘုရား. . . အခုထိ အဲ့ဒီလျှို့ဝှက်ချက်ကို ဘယ်သူ့မှလည်း မပြောရသေးပါဘူး ဘုရား"

"ကျွန်တော်မျိုးလည်း ဒီအတိုင်းပါပဲဘုရား"

စမဝန်ကြီးကလည်း ပြန်ပြောလေ၏။

လထဝန်ကြီးကလည်း-

"ကျွန်တော်မျိုးလည်း မပြောပါဘူး ဘုရား"

ဘုရင်ကြီးထောင်မောင်းမှာ အတန်ကြာသည်အထိ ဘာမှ ပြန်မပြောပဲ ငြိမ်နေလိုက်သည်။ ထို့နောက် လထဝန်ကြီးဘက် လှည့်ကာ-

"လထဝန်ကြီး"

"ဘုရား"

"မောင်မင်း ညတိုင်းညတိုင်း အပြင်မှာ သွားတွေ့နေတဲ့ အိမ်နီးဆောင်က အပျော်မယ်နာမည်က ဘယ်သူတုန်း"

"ဗျာ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

"စက္ကူဟုတ်လား"

"ဟုတ်ပါတယ်၊ အဲ့ဒါက လေလံဆွဲချင်တဲ့ နောက်တစ်ခုပါ"

"စက္ကူဇာ ကျုပ်တို့နိုင်ငံတိုင်းမှာ ရှိနေတာပဲ"

"ဘာလုပ်ဖို့လဲ"

ဘုရင်ကြီးကေတိုက အတော်လေးစိတ်ဝင်တစားနဲ့ ပြန်မေးနေလေသည်။

"ကျွန်တော်မျိုးတို့နိုင်ငံတိုင်းမှာရှိတဲ့ စက္ကူတွေက ပစ္စည်းထုပ်ပိုးလို့ပဲရတဲ့ စက္ကူကြမ်းတွေပါ။ အေဒီ ၁၀၅ ထဲက ရရှိခဲ့တဲ့ စက္ကူတွေပါ၊ အခု ယကွပြည်မှာရှိနေတဲ့ စက္ကူတွေဟာ စာရေးသားလို့ ရတယ်လို့ ဆိုပါတယ်၊ ဒါဟာ အဆင့်မြင့် စက္ကူဖြစ်ဖို့များပြီး အနာဂတ်အတွက် ကောင်းတဲ့အရာတစ်ခုလို့မြင်ပြီး လေလံ လာဆွဲရခြင်း ဖြစ်ပါတယ်"



"ဟား. . . ဟား. . . ဟား"

ဘုရင်ကြီးကေတို အားရပါးရ ရယ်မောသံကြောင့် အားလုံးမှာ အားလုံးမှာ ကြောင်တောင်တောင်ဖြစ်သွားကြသည်။

"စာရေးလို့ရတဲ့စက္ကူဟုတ်လား. . . ကျုပ်ဖြင့် မကြားဖူးပေါင်. . . ကဲ. . . ရှိတော့လည်း ဘာဖြစ်မှာမို့လို့လဲ၊ ကျုပ်တို့အခုလည်း ဝါးချပ်တွေပေါ်မှာ ရေးနေတာလည်း အဆင်ပြေနေတာပဲ၊ ခင်ဗျားတို့ ရှုံးပြ"

ဘုရင်ကြီးကေတိုက ဒီဘုရင်တွေ ရှုံးနေပြီလို့ ထင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ငါ့အလကား ရတာပဲဟု တွေးလိုက်၏။

"ကောင်းပြီလေ. . . အဲ့ဒီစက္ကူကိုတော့ လေလံတင်မယ်"

"ဘယ်သူအရင်စပေးမလဲ"

"ကျွန်တော်မျိုးကတော့ ရွှေအဝိုင်းပြားတစ်တောင်း ပေးပါမယ်"

ဘုရင်ကြီးကေတို မျက်လုံးပြင့်သွားသည်။

ဘာမဟုတ်တဲ့ စက္ကူလေးကို ရွှေအဝိုင်းပြားတစ်တောင်းတောင် ပေးတယ်ဆိုတော့-

ဤတွင် ကျန်တဲ့ ဘုရင်များကလည်း လိုက်ပေးလေ၏။

"တစ်တောင်းခွဲ"

"နှစ်တောင်း"

"လေးတောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါးတောင်း. . . ပေးမယ်"

နောက်ဆုံး ငါးတောင်းတွင် ရပ်သွားပြီး ကျန်ဘုရင်များက ဆက်လိုက်မပေးသောကြောင့် ယက္ခတိုင်းပြည်စက္ကူများကို ထိုဘုရင်က ရသွားလေသည်။

(မှတ်ချက်။ ။ စက္ကူတီထွင်မှုသည် ကမ္ဘာကြီးအတွက် အကောင်းဆုံးသော တီထွင်မှုများထဲမှ နှစ်လိုဖွယ်အရာဟု စာရေးသူ ထင်မြင်မိပါသည်။ စက္ကူအကြောင်းအနည်းငယ်နှင့် ရှေးခေတ်စက္ကူအချို့ ဓာတ်ပုံကို စာအုပ်နောက်တွင် ဖော်ပြထားပါသည်။)

"ကဲ. . . ကဲ. . . စက္ကူကို မြောက်ပိုင်းဘုရင်က ရွှေအပိုင်းပြား ငါးတောင်းနဲ့ ရသွားပြီ. . . နောက် ဘာတွေ ရှိသေးလဲ"

ဘုရင်ကြီးကေတိုသည် လေလံပွဲကို အားတက်သရော ဖြစ်လာ၏။

တိုင်းပြည်ကို မရသေးပဲနဲ့ မိမိစွမ်းအားကို ယုံကြည်ကြပြီး ဒီလို လေလံဆွဲနေတာကိုက ကြည်နူးပီတိဖြစ်နေမိသည်။

"ကဲ. . . ပြောကြပါဦး၊ နောက်ပစ္စည်းတွေက ဘာတွေလဲ"

ထိုစဉ် ဘုရင်တစ်ပါးက 'တော်တော်ရှိ' ကို တစ်ချက်ကြည့်လိုက်၏။ 'တော်တော်ရှိ'လည်း ထိုဘုရင်ကို ဦးညွှတ်လိုက်ပြီး မတ်တပ်ရပ်ကာ ဘုရင်ကြီးကေတိုကို ထပ်မံဦးညွှတ်လိုက်၏။

"ဘုရင်တွေကိုယ်စား ကျွန်တော်မျိုး ကုန်သည်ကြီး 'တော်တော်ရှိ'ကပဲ ပြောကြားပေးပါရစေ"



"အေး. . . အဲ့ဒါကောင်းတယ်၊ မောင်မင်းက ကုန်သည်ဆိုတော့ ပိုပြောတတ်မှာပေါ့"

"ဘုန်းတော်ကြီးမြတ်သော ဘုရင်ကြီးကေတိုဆီမှာ ဘုန်းအရိပ်ကြောင့် ကျရောက်ပြီးဖြစ်သော ယက္ခတိုင်းပြည်ကြီးဆီမှ လေလံဆွဲချင်သော အရာများမှာ. . ."

ဟု ဆိုလိုက်ပြီး အောက်ပါအရာများကို တစ်ခုချင်း ရွတ်ပြလေ၏။

(၁) အုပ်ချုပ်ရေးစနစ်တစ်ခုအကြောင်း ရေးသားထားသည့် မှတ်တမ်း

အေသင်နီယန်ဟုခေါ်သော လူမျိုးတို့က ပြည်ရေးပြည်ရာ စမ်းသပ်မှုပြုရာတွင် ပေါ်ပေါက်လာသော အုပ်ချုပ်ရေး ပုံစံတစ်မျိုး ဖြစ်သည်။

ဘီစီခြောက်ရာစုမှစ၍ ဤအုပ်ချုပ်ရေးကို အေသင်နီယန်တို့ အသုံးပြုခဲ့သည်။ ထိုအုပ်ချုပ်ရေးပုံစံကို ဒီမိုကရေစီအုပ်ချုပ်ရေး ပုံစံဟု ခေါ်ကြ၏။

ဒီမိုကရေစီ (Democracy) ဆိုသော စကားများမှာ ဂရိစကားဖြစ်၍ အဓိပ္ပာယ်ရင်းမှာ ပြည်သူ့လူထုက အုပ်ချုပ်ခြင်းဟု ဆိုလိုသည်။

လူဦးရေနှစ်သောင်းထက် ပိုမိုနေထိုင်ခြင်းမရှိသော

www.burmeseclassic.com

www.burmeseclassic.com



အေသင်မြို့နိုင်ငံခေတ်တွင် တစ်ဦးတစ်ယောက်က ဓားပိုင်၊ တုတ်ပိုင် အုပ်စိုးပြီး ကိုယ်ကျိုးရှာခြင်းကိုလည်းကောင်း၊ ကြွယ်ဝသူ လူတစ်စုက အာဏာကို သိမ်းယူပြီး ဆင်းရဲသားလူထုအပေါ် ဖိနှိပ်နေခြင်းကို လည်းကောင်း လိုလားနှစ်သက်ခြင်း မရှိသောကြောင့် ဒီမိုကရေစီ ဟုခေါ်သည့် အုပ်ချုပ်ရေးစနစ်ကို တီထွင်လိုက်ခြင်းဖြစ်သည်။

ထိုအုပ်ချုပ်ရေးစနစ်အကြောင်း ရေးသားထားသည့် မှတ်တမ်းသည် ယက္ခတိုင်းပြည်တွင် ရှိနေခြင်းဖြစ်သည်။

'တော်တော်ရှိ'က စကားကို အဆုံးသတ်လိုက်သည်။ ဘုရင်ကြီးကေတိုကလည်း စိတ်ဝင်တစား နားထောင်နေလေ၏။ ထို့နောက်-

"ဘာဖြစ်လို့ မောင်မင်းတို့က ဒီမှတ်တမ်းကို လိုချင်နေရတာလဲ"

"ကျွန်တော်မျိုးတို့လိုချင်နေရတဲ့ အကြောင်းက ကျွန်တော်မျိုးတို့ တိုင်းပြည်တွေဟာ ဘုရင်အုပ်ချုပ်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒီလိုမှတ်တမ်းထဲကလို အုပ်ချုပ်တဲ့နိုင်ငံမဟုတ်ပါဘူး"

"အင်း. . . ဟုတ်တယ်လေ"

"အကယ်၍ ဒီမှတ်တမ်းသာ ကျွန်တော်မျိုးတို့နိုင်ငံတွေမှာ ပျံ့နှံ့သွားရင် ကျွန်တော်မျိုးတို့ဘဝဟာ မလွယ်ပါဘူးဘုရား. . . ပြီးတော့ ယက္ခတိုင်းပြည်မှာ စာရေးလို့ရတဲ့ စက္ကူကလည်း ရှိနေတယ်ဆိုတော့ ပျံ့နှံ့သွားရင်ဆိုတဲ့ အတွေးမျိုးနဲ့ ထိုမှတ်တမ်းကို ဖျက်ဆီးဖို့ လေလံဆွဲရခြင်းဖြစ်ပါတယ်"



ဘုရင်ကြီးကေတိုမှာ ခေါင်းတဆတ်ဆတ် ငြိမ့်နေလေ၏။

"မောင်မင်းမှန်တယ်. . . အဲ့ဒီမှတ်တမ်းရှိလို့ မဖြစ်ဘူး။ ဘာတဲ့ မှတ်တမ်းနာမည်က"

"ဒီမိုကရေစီပါဘုရား"

"အိမ်း. . . အဲ့ဒီ ဒီမိုကရေစီကို လေလံတင်စေ"

ထိုသို့ဖြင့် ဒီမိုကရေစီကို လေလံစတင်ရာ တဖြည်းဖြည်းနဲ့ ကြေးမြင့်လာပြီး နောက်ဆုံးတွင် တောင်ပိုင်းဘုရင်က ရရှိသွားလေ၏။

ဒီမိုကရေစီကို ဖျက်စီးဖို့ ဝယ်ယူကြခြင်းဖြစ်သည်။ ထို့နောက် 'တော်တော်ရှိ'က ဆက်လက်ပြီး လေလံတင်မည့် အရာများကို ဆက်ပြောလေ၏။

## (၂) ခွဲစိတ်သူ

ယက္ခပြည်မှာ ခွဲစိတ်သူတစ်ဦးရှိပါသည်။ ခွဲစိတ်တဲ့အတတ်ပညာကို တတ်တဲ့အတွက် ခွဲစိတ်သူဟု ခေါ်ရခြင်းဖြစ်ပါသည်။

ဘီစီ ၄ ရာစုမှာ ဟစ်ပိုကရေတိစ်ဆိုတဲ့ ပညာရှိတစ်ဦးရှိပါသည်။ ပထမဦးဆုံးသော လူ့ရဲ့ခန္ဓာကိုယ်ကို ခွဲစိတ်ကုသသော ဆရာဝန် (Surgeon) ဖြစ်ပါသည်။

ယခု ယက္ခတိုင်းပြည်မှာရှိသော ခွဲစိတ်ကုသသူသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရဲ့ အမျိုးအနွယ်မှ ဆင်းသက်လာသူများကနေ သင်ကြားထား သော ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။

ထိုသူအား လေလံဆွဲလိုခြင်း ဖြစ်ပါသည်။ စစ်ပွဲမှာလည်း မတိုက်ခိုက်မိအောင်ဖြစ်ပါသည်။

ထိုလူအား ရမည်ဆိုပါက တိုင်းပြည်အတွင်း အနာရောဂါများ အဆင်ပြေသက်သာမည်ဟု ယုံကြည်သောကြောင့် လေလံဆွဲခြင်း ဖြစ်သည်။

ဘုရင်ကြီးကေတိုက ထိုလေလံကို ခွင့်ပြုလိုက်လေ၏။ ဘုရင်တစ်ပါးက ထိုလေလံကို ရရှိသွားလေသည်။

ထို့နောက် နောက်ထပ်နှစ်ခုခန့်ကို ဘုရင်ကြီးကေတို၏ ခွင့်ပြုချက်ဖြင့် လေလံဆွဲကြရာတွင်လည်း တစ်ယောက်တစ်ယောက်စီ အနိုင်ရရှိလေ၏။

ဘုရင်ကြီးကေတိုမှာလည်း စစ်မတိုက်ခင်ရရှိသော ငွေကြေးများကို မြင်ယောင်ရင်း ပျော်မဆုံး ဖြစ်နေလေသည်။

ခွက်များကို ကိုင်မြှောက်ရင်း တစ်ခွက်ပြီးတစ်ခွက် သောက်နေလေသည်။

"အခု နောက်ဆုံးတစ်ခုကို လေလံဆွဲဖို့ တောင်းဆိုပါတော့မယ်"

"ဟေ. . . ဒါက နောက်ဆုံးတစ်ခုလားကွ၊ နောက် မရှိတော့ဘူးလား"



ဘုရင်ကြီးကေတိုမှာ ခပ်မြူးမြူးလေသံဖြင့် ကုန်သည်ကြီး 'တော်တော်ရှိ'ကို ပြောလိုက်လေ၏။

ကုန်သည်ကြီး 'တော်တော်ရှိ'မှာလည်း အရိုအသေ ပေးလိုက်ပြီး-

"မှန်လှပါဘုရား ဒီအရာက နောက်ဆုံးလေလံတင်မယ့် အရာပါဘုရား၊ တန်ဖိုးအရှိဆုံးလို့လည်း ထင်ပါတယ်ဘုရား"

"ဟေ. . . တန်ဖိုးအရှိဆုံးဟုတ်လား"

ဘုရင်ကြီးကေတိုမှာ မျက်လုံးအရောင်လက်သွားပြီး ကိုယ်ကိုလည်း ရှေ့သို့အနည်းငယ် ကိုင်းလိုက်၏။

"မှန်ပါ့ဘုရား. . . ဆွဲခဲ့တဲ့လေလံတွေထဲမှာ ဒီလေလံက ဈေးအကြီးဆုံးရမယ် ထင်ပါတယ်ဘုရား"

"ဟုတ်လား. . . ဒါဆို. . . အဲ့ဒီဈေးအကြီးဆုံးက ဘာလဲကွ"

"လူကောင်ကြီးပါ ဘုရား"

"ဘယ်လို"

ဘုရင်ကြီးကေတိုအပါအဝင် ခန်းမအတွင်းမှာရှိသော သူများမှာ ရုတ်တရက်အံ့ဩသွားကြလေသည်။

ဘာကြီးပါလိမ့်ဟုလည်း တွေးထိုက်ကြ၏။

"ဟုတ်ပါတယ်. . . ဘုရား၊ အခုလေလံတင်မယ့်အရာက ယက္ခတိုင်းပြည် ဘုရင်ကြီးထောင်မောင်းရဲ့ မိဖုရားအတွက် ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထောင်မောင်းကိုယ်တိုင် မိဖုရားရဲ့ ဥယျာဉ်ပျံမှာ အစောင့်ချထား တဲ့ လူကောင်ကြီးပါဘုရား”

“ဟင်”

ဘုရင်ကြီးထောင်မောင်းသည် သူ၏မိဖုရားကို လွန်စွာ ချစ်၏။ ချစ်လွန်း၍ မိဖုရားအတွက် ဥယျာဉ်ပျံတစ်ခုပင် ဆောက် လုပ်ကာ နန်းစံနေစေသည်။

ဤတွင် ဘုရင်ကြီးက အားမရသေးပဲ သူ၏မိဖုရားအတွက် အစောင့်တစ်ယောက် ချထားလေသည်။

ထိုအစောင့်မှာ သာမန်အစောင့်မဟုတ်ပဲ လွန်စွာကြီး သော လူအကောင်ကြီးတစ်ယောက်ဖြစ်၏။

သာမန်လူများထက် အဆတစ်ရာကြီး၏။ လေပေါ်ပျံ နိုင်၏။ ထိုလူကောင်ကြီးအသုံးပြုသော လက်နက်မှာ မိဖုရားကြီး အတွက် သီးသန့်ပုံစံလုပ်ထားသော ဆံထိုးပင်ဖြစ်သည်။

ထိုဆံထိုးဖြင့် ရန်သူများကို ထိမှန်အောင် ပစ်နိုင်၏။ တစ်တိုင်းပြည်လုံးက မိဖုရားကြီးကို အန္တရာယ်မပြုရဲသလို ထို ဥယျာဉ်ပျံနားကိုလည်း မကပ်ရဲကြပေ။

ကပ်မိပါက ထိုလူကောင်ကြီး၏ ဆံထိုးလက်ချက်ဖြင့် သေဆုံးနိုင်ပေသည်။ သို့မဟုတ် ဒဏ်ရာအကြီးအကျယ်ရနိုင် ပေ သည်။

သေချာတာက ဥယျာဉ်ပျံတွင်စောင့်သော လူကောင်ကြီးကို



ဖမ်းမိပါက တိုင်းပြည်အတွက် လွန်စွာအသုံးဝင်ပေလိမ့်မည်။

အတည်မပြုနိုင်သော သတင်းများအရ ထိုသို့ လူကောင် ကြီးမျိုး ဘုရင်ကြီးထောင်မောင်းထံတွင် အများအပြားရှိသည်ဟု သိရပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

တော်တော်ရှိသည် သူ၏စကားကို အဆုံးသတ်လိုက်သည်။ ဘုရင်ကြီးကေတိုနှင့်အတူ အားလုံးမှာ ကြောင်ပြီးနားထောင်နေကြသည်။

ခဏအကြာမှ ဘုရင်ကြီးကေတိုမှာ အသိပြန်ဝင်လာပြီး-

"မဖြစ်နိုင်တာ. . . သာမန်လူထက် အဆတစ်ရာလောက်ကြီးတယ်၊ ပြီးတော့ လေပေါ်လည်း ပျံနိုင်တယ်၊ ဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဟု ပြောလေ၏။

ဘုရင်ကြီးကေတို၏မျက်နှာမှာ ထိုသို့ပင် ပြောဆိုလိုက်ရသော်လည်း ဒွိဟဖြစ်နေပုံရသည်။

တောင်ပိုင်းဘုရင်ကလည်း-

"ယက္ခတိုင်းပြည်မှာ ကျွန်တော်မျိုးတို့တိုင်းပြည်မှာ မရှိတဲ့အရာတွေရှိနေတာပဲ. . . ဒီတော့ အဲ့ဒီလူကောင်ကြီးက ရှိလည်း



ရှိနိုင်တာပဲ. . . ပြီးတော့ ကျွန်တော်မျိုးတို့ တိုင်းပြည်ရဲ့သတင်းပေးတွေအရ ဥယျာဉ်ပျံရှိတဲ့ နေရာကို ဘယ်သူမှမသွားရဲကြဘူးလို့ သိရပါတယ်။ အဲ့ဒါ ခုနပြောတဲ့ လူကောင်ကြီးရှိလို့ ဖြစ်မှာပါ"

ကေတိုဘုရင်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"တကယ်သာရှိမယ်ဆိုရင် အဲ့ဒီကောင်ကြီးနဲ့ကျုပ်စစ်တပ်ကိုတောင် ခြေမှုန်းလို့ရတာပဲ၊ အခုဘာဖြစ်လို့ ထောင်မောင်းက ကျုပ်ကို ကြောက်နေရတာလဲ"

ဘုရင်ကြီးကေတိုရဲ့စကားကလည်း ဆီလျော်နေသည်။ မြောက်ပိုင်းဘုရင်ကလည်း-

"အရှင်မင်းကြီး တစ်ခုသတိထားတော်မူရမှာက ယက္ခတိုင်းပြည်က အေးအေးချမ်းချမ်းနေလိုတဲ့အတွက် စစ်ရေးစစ်ရာတွေ မဖြစ်အောင် ရှောင်တဲ့သဘောတွေ တွေ့ရပါတယ်၊ အကယ်၍ မရှောင်နိုင်လို့ စစ်ဖြစ်ခဲ့ရင် အဲ့ဒီအကောင်ကြီးများ သူ့နိုင်ငံမှာ တကယ်ရှိခဲ့လို့ အသုံးပြုခဲ့မယ်ဆိုရင်. . ."

ထိုစကားကြောင့် ဘုရင်ကြီးကေတိုရဲ့ မျက်နှာမှာ မည်းသထက် မည်းသွားလေသည်။ မသိမသာ တုန်လှုပ်သွားသည်ကို အားလုံး သတိထားမိလိုက်သည်။

"မဖြစ်နိုင်ဘူး. . . ဘယ်လိုမှ မဖြစ်နိုင်ဘူး. . . ဒါကကျုပ်နဲ့ ကျုပ်ရဲ့စစ်တပ်ကို ကြောက်လန့်အောင် လှည့်တဲ့ ကောလာဟလတွေပဲ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကေတိုရဲ့ ဝန်ကြီးတစ်ပါးကလည်း ဝင်ရောက်ပြောဆိုသည်။

"အရှင်မင်းကြီး တွေးတောတာ ဖြစ်နိုင်ပါတယ်ဘုရား၊ သာမန်လူထက် အဆတစ်ရာကြီးတယ်၊ ပျံလည်းပျံနိုင်တယ်ဆိုတာ ဘယ်လိုတွေးတွေး ယုတ္တိမရှိပါဘူးဘုရား၊ ခြောက်လှန့်မှုတစ်ခုသာလို့ ယူဆရပါတယ်ဘုရား"

"အိမ်း. . . ဟုတ်တယ်၊ ကျုပ်လည်း အဲဒီလိုတွေးမိတယ်"

ကေတို၏ တပ်မှူးကြီးများကလည်း ခေါင်းတဆတ်ဆတ်ငြိမ့်ကာ ထောက်ခံလေ၏။ ဤတွင် 'တော်တော်ရှိ'က ဘုရင်ကြီးကေတိုကို ဦးထပ်ညွတ်လိုက်ပြီး-

"ကျွန်တော်မျိုး အကြံတစ်ခုလောက် ပေးပါရစေ အရှင်မင်းကြီး"

"အေး. . . ဘာလဲ"

"ထိုကိစ္စ ဟုတ်မဟုတ် သိရအောင် အရှင်မင်းကြီးတပ်ကကင်းထောက်တချို့ကို မြို့တွင်းကို ခိုးဝင်စေပြီး ဥယျာဉ်ပန်းနားကိုသွားကာ စုံစမ်းစေရင် မသိနိုင်ဘူးလား ဘုရား. . . ဘာဖြစ်လို့လည်းဆိုတော့ အခုအချိန်ဟာ မအေးချမ်းတဲ့ အချိန်ဖြစ်တဲ့အတွက် ထိုလူကောင်ကြီး ညဘက်လည်း ရှိနေမယ်ဆိုတာ သေချာသလောက်ရှိနေပါတယ်ဘုရား"

'တော်တော်ရှိ'စကားကြောင့် ဘုရင်ကြီးကေတိုမှာ တွေဝေ



သွားလေသည်။ ထို့နောက်-

"ကဲ. . . ဘုရင်တွေနဲ့၊ ကုန်သည်ကြီး 'တော်တော်ရှိ'တို့ တဲနန်းအပြင်ကို ခဏထွက်ပေးပါ၊ ကျုပ်ဝန်မင်းတွေ၊ တပ်မှူးကြီးတွေနဲ့ တိုင်ပင်ဦးမယ်"

ဘုရင်များနှင့်အတူ 'တော်တော်ရှိ'လည်း တဲနန်းအပြင်သို့ ထွက်သွားကြလေ၏။

ခဏအကြာတွင် တဲနန်းအတွင်း၌ ဘုရင်ကြီးကေတို၊ သူ၏ ဝန်ကြီးများ၊ စစ်မှူးကြီးများသာ ကျန်ရစ်ခဲ့လေ၏။

"ဘယ်လိုသဘောရလဲ ဝန်မင်းတို့"

ဘုရင်ကြီးကေတိုက ခပ်မြန်မြန်ပဲ မေးချလိုက်သည်။

"တကယ်တော့ မျက်မြင်တွေ့သည်သာ အကောင်းဆုံးပါဘုရား"

"အင်း. . . ကျုပ်လည်း စဉ်းစားမိတယ်၊ ယက္ခတိုင်းပြည်ကသိုသိုသိပ်သိပ်နေတတ်တဲ့ တိုင်းပြည်ပဲ၊ အခုကြည့်လေ၊ စာရေးလို့ရတဲ့ စက္ကူ ခွဲစိတ်တဲ့သူ၊ အုပ်ချုပ်ရေးမှတ်တမ်း၊ ပြီးတော့ အခြားထူးဆန်းတာတွေ. . . တကယ်တမ်းသာဆိုရင် ကျုပ်တို့ဒါတွေရှိမှန်းသိမှာမဟုတ်ဘူး၊ အခုယက္ခတိုင်းပြည်မှာ ရှိနေပြီ. . . သူတို့ပြောတဲ့ လူကောင်ကြီးဆိုတာရော မဖြစ်နိုင်ဘူးလား၊ တကယ်လို့ရှိခဲ့မယ်ဆိုရင်. . ."

"ရှိခဲ့မယ်ဆိုရင် သူတို့တွေ စစ်တိုက်တဲ့အခါမှာ ထည့်သုံး

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်ဘုရား"

"အိမ်း. . . ခက်တာက လူကောင်ကြီး တစ်ယောက်တည်း ဆိုရင် ဘယ်လောက်ပဲကြီးနေ ကြီးနေ ရတယ်၊ အခုဟာက တစ်ယောက် မက ရှိနေနိုင်တယ်လို့လည်း ပြောလို့ရတဲ့ အခြေ အနေပဲ၊ ပြီးတော့ ကောင်းကင်မှာ ပျံလည်းပျံနိုင်တယ်ဆိုတော့"

"အရှင်မင်းကြီးဘုရား"

"အေး. . . ပြော"

"အရင်ဆုံး ကျွန်တော်မျိုးတို့ အဲ့ဒီအကောင်ကြီး ရှိ မရှိ သိအောင် လုပ်ရပါမယ်ဘုရား"

ဘုရင်ကြီးကေတိုမှာ တစ်စုံတစ်ခုကို သတိရသွားပြီး-

"တကယ်တော့ အဲ့ဒီသတင်းတွေဟာ ကျုပ်တို့ သူ့သို့ အပျော်မယ်ဆီက သိရမှာ၊ အပျော်မယ်ဆီက နောက်ပိုင်း သတင်း တွေရော မရဘူးလား"

"ဟို. . . အခု ယက္ခတိုင်းပြည်အတွင်းနဲ့ အဆက် အသွယ်မရသေးပါဘူး ဘုရား၊ အဆက်အသွယ်ရအောင် ကြိုးစားနေ ပါတယ် ဘုရား"

ဘုရင်ကြီးကေတိုမှာ သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ထားလိုက်ပါတော့၊ အခု ကျုပ်တို့ကိုယ်ရံတော်တပ်ထဲက လက်ရွေးစင်သုံးယောက်ကို လွှတ်ပြီး ယက္ခတိုင်းပြည်ထဲ ခိုးဝင်၊ ပြီးတော့ ဉယျာဉ်ပုံ့နားသွားပြီး အဲ့ဒီလူကောင်ကြီး ရှိ မရှိ သိအောင်



စုံစမ်းခိုင်းချေ"

"မှန်ပါ့ဘုရား"

"အဲ့ဒီသုံးယောက်ထဲမှာ တစ်ယောက်ကို သဲပန်းချီဆွဲတတ် တဲ့ တပ်သားတစ်ယောက်ပါပစေ. . . ဒါမှ ကျုပ်တို့မြင်သာအောင် သဲပေါ်မှာ ပုံပြန်ဆွဲပေးလို့ရမှာ"

"မှန်ပါ့ဘုရား"

ဤသို့ဖြင့် ညသည် ညဉ့်နက်သထက် ညဉ့်နက်လာလေ သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

ညဥ့်နက်လာသောကြောင့် ယက္ခတိုင်းပြည်မြို့ရိုး အစောင့်များသည် တစ်ယောက်နှင့်တစ်ယောက် အစောင့်လဲလှယ်ကြ၏။

အနားယူမည့်သူနှင့် အခုမှ တာဝန် ထမ်းဆောင်မည့်သူများ တာဝန် လဲလှယ်ကြခြင်းဖြစ်သည်။

တာဝန်လဲလှယ်ချိန်ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် စကားသံများ ဆူညံနေပြီး တာဝန်နည်းနည်း လစ်ဟင်းသည့် အချိန်ဟုလည်း ဆိုရပေမည်။

ထိုအချိန်ကို အခွင့်ကောင်းယူပြီး မြောက်ဘက်မြို့ရိုးဘက် အခြမ်း မြို့ပြင်ကနေပြီး အမှောင်ထုကို အားယူကာ မြို့ရိုးနားသို့ ချည်းကပ်လာလေ၏။

ထိုလူသုံးယောက်မှာ နယ်မြေကို ကျွမ်းကျင်ပုံရပြီး သွားလာလှုပ်ရှားမှုများကလည်း စနစ်တကျရှိသည်။



မြောက်ဘက်မြို့ရိုးကျော်ပြီးနောက် နေရာတစ်ခုသို့ ရောက်သောအခါ ခဏရပ်ကြပြီး မြို့ရိုးအပေါ်သို့ အခြေအနေကို တစ်ချက်လှမ်းကြည့်ကြ၏။

အစောင့်တစ်ယောက်မှ မတွေ့သောအခါတွင် လူတစ်ယောက်က ကြိုးတစ်ချောင်းထုတ်ကာ မြို့ရိုးပေါ်သို့ ခပ်မြန်မြန် ပစ်လိုက်၏။

ကျွမ်းကျွမ်းကျင်ကျင် ပစ်လိုက်မှုကြောင့် မြို့ရိုးပေါ်ရှိ အချွန်းတစ်ခုတွင် ကြိုးသည် သွားချိတ်သည်။

ထို့နောက် ထိုကြိုးမှတဆင့် မြို့ရိုးပေါ်သို့ အလျှင်အမြန် တက်ကာ အစောင့်များ သတိပြုမိမှု အားနည်းချိန်တွင် ယက္ခတိုင်းပြည်တွင်းသို့ ဝင်ရောက်ကြလေ၏။

ယက္ခတိုင်းပြည်အတွင်းသို့ ခြေချမိသည်နှင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ တစ်တိုင်းပြည်လုံး ထူးထူးဆန်းဆန်း တိတ်ဆိတ်နေသည်။

ကြောက်လို့ပုန်းနေကြတာ ဖြစ်လိမ့်မည်ဟုဆိုပြီး သုံးယောက်သား တိုးတိုးတိုးတိုးပြောကာ ရယ်လိုက်ကြ၏။

"ဥယျာဉ်ပုံကို ဘယ်လိုသွားရမှာလဲ"

"ဒါက ဈေးလမ်းတည့်တည့်သွားရင် နန်းတော်ကို ရောက်လိမ့်မယ်၊ ပြီးမှ ဥယျာဉ်ပုံကို ရောက်မှာ၊ သူက သီးသီးသန့်သန့် ရှိနေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"လမ်းတစ်လျှောက် အစောင့်တွေချထားရင် ဘယ်လို လုပ်မလဲ"

တစ်ယောက်က စိုးရိမ်တကြီး ဝင်မေးသည်။

"တစ်မြို့လုံးမှာ မီးတိုင် အနည်းငယ်လေးပဲ ရှိနေတာပဲ၊ အမှောင်ကွယ်ပြီး သွားရမှာပေါ့၊ ငါတို့ ဝတ်စုံကလည်း အနက်ရောင် ဝတ်ထားတာပဲ၊ ပြီးတော့ ငါတို့က တိုက်ခိုက်ဖို့ မဟုတ်ဘူးလေ၊ ကြည့်ရှုဖို့ပဲဟာကို ရပါတယ်"

ထိုသို့ ပြောပြီးနောက် ထိုသူသည် အမှောင်ကို ကွယ်ကာ အရင်ထွက်သွားလေ၏။

အနောက်ကနှစ်ယောက်ကလည်း သူ့နောက်ကနေ အမြန် လိုက်ရလေသည်။ သွားရင်းလာရင်းနှင့်ပင် သူတို့သုံးယောက်မှာ ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြသည်။

ဘယ်အချိန် ရန်သူတွေများ တွေ့သွားမလဲဆိုပြီးတော့ပေါ့။ ကံကောင်းစွာနဲ့ပဲ လမ်းတစ်လျှောက်လုံး ရန်သူတစ်ယောက်မှ မတွေ့ဘဲနဲ့ နန်းတော်နားသို့ ရောက်သွားလေ၏။

နန်းတော်နားတွင်တော့ အစောင့်တွေရှိသည်။ မီးတွေ လည်း ထိန်ထိန်လင်းအောင် ထွန်းထား၏။

ထိုနန်းတော်ကို ဖြတ်ပြီးမှပင် ဥယျာဉ်ပျံကို ရောက်ပေလိမ့် မည်။ အနည်းငယ် စောင့်ဆိုင်းပြီးသောအခါတွင် နန်းတော်ကို ဖြတ်ကျော်သွားနိုင်မည့် အခြေအနေတစ်ခုကို တွေ့လိုက်ရလေ၏။



ဤသည်မှာ ထွန်းထားသောမီးတိုင်တစ်ခုမှာ လေတိုက် သောကြောင့် အောက်ပြုတ်ကျပြီး အောက်ဖက်တွင်ရှိသော မြက်ပင် ခြောက်များ မီးစွဲလောင်သောကြောင့် အစောင့်များ မီးငြိမ်း သတ်ရင်း အလုပ်ရှုပ်သွားကြခြင်းဖြစ်သည်။

ထိုအရာကို အခွင့်ကောင်းယူပြီး ဝင်လာသောလူသုံးဦးမှာ နန်းတော်နားမှ အလျှင်အမြန် ဖြတ်ကျော်သွားကြလေ၏။

မကြာမီတွင် 'ဥယျာဉ်ပျံ'ဟု ရေးထားသည့် နေရာ တစ်နေရာကို ရောက်လာကြ၏။

"ဘာမှလည်း မရှိပါလားကွ"

"အေး. . . အစောင့်တွေလည်း မရှိဘူး"

နောက်တစ်ယောက်က ဝင်ပြော၏။

"အစောင့်တွေမရှိဘူးလေ. . . ဟိုလူကောင်ကြီးပဲ ရှိမှာ မှတ်လား"

"အခု အဲ့ဒီလူကောင်ကြီးလည်း မရှိဘူးလေ"

"မဟုတ်သေးဘူးထင်တယ်၊ အခုဟာက ဥယျာဉ်ပျံအဝင်ပဲ ရှိသေးလို့ မတွေ့သေးတာဖြစ်မယ်၊ နည်းနည်းထပ်ဝင်ကြည့်ရအောင်၊ ငါတို့ နေရာက ချုံပုတ်ကြီး ကွယ်နေလို့ ဖြစ်မယ်"

"အေး. . . ဟုတ်တယ်၊ ဝင်ကြည့်မယ်"

ထိုသို့ပြောပြီး ခြေလှမ်းလှမ်းယုံ ရှိသေးသည်။

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"ဒုတ်"

"အ"


"အား"

လက်မောင်းနှင့် ရင်ဘတ်မှာ စူးကနဲဖြစ်သွားကြပြီး လက်နက်များ လာရာဆီသို့ ကြည့်မိလိုက်ကြသည်။

"ဟင်"

"အမလေး"

"လူ. . . လူကောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

## (၃၇)


"မ. . . မဖြစ်နိုင်ဘူး"

ဒဏ်ရာများဖြင့် ပြန်လာသော စစ်သည်နှစ်ယောက် ဆွဲပြသည့် ပုံကိုကြည့်ပြီး ဘုရင်ကြီးကေတိုမှာ မယုံကြည်နိုင်ပဲ ဖြစ်နေလေသည်။ တစ်ယောက်မှာ ဒဏ်ရာပြင်းထန်သောကြောင့် ထိုနေရာမှာပင် ထားခဲ့ရပြီး ကျန်နှစ်ယောက်မှာ အသက်လုပြေးခဲ့ရသည်။

ကျန်တဲ့ ဝန်ကြီး၊ စစ်မှူးကြီးများမှာလည်း နည်းနည်းတော့ ထိတ်လန့်သည့်အသွင်ဖြစ်နေကြသည်။

"ကျွန်တော်မျိုးကြီးတို့ကိုယ်တိုင် အဲ့ဒီအကောင်ကြီးကို မြင်ရတာပါဘုရာ့. . . ပြီးတော့ ကျွန်တော်မျိုးတို့ကိုလည်း သူ့ရဲ့ လက်နက်နဲ့ ပစ်တာ မြန်လွန်းလို့ ဘယ်ကဘယ်လို ပစ်လိုက်မှန်းတောင် မမြင်ရပါဘူး ဘုရား"

ဘုရင်ကြီးကေတိုသည် စားပွဲပေါ်တင်ထားသော ဆံထိုးကို တစ်ချက်ကြည့်လိုက်သည်။



သက်သေများရှိနေပြီး မိမိ၏ လူများကလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်ဆိုတော့ ဘုရင်ကြီးကေတိုမှာ စိတ်မသက်သာဖြစ်နေသည်။

သူတို့ပြောပုံအရဆို ကြောက်စရာကောင်းသည့် လူကောင်ကြီးပင် ဖြစ်သည်။

"မောင်မင်းတို့က လူကောင်ကြီးကို တစ်ယောက်တည်းပဲ တွေ့ခဲ့တာလား"

"တွေ့ခဲ့တာတော့ တစ်ယောက်တည်းပါဘုရား၊ ဒါပေမယ့် အတွင်းမှာ ထပ်ရှိရင်တော့ မသိပါဘူးဘုရား"

ဘုရင်ကြီးကေတိုက ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်သည်။

တဲနန်းတွင်းထဲသို့ တစ်ချက်ကြည့်လိုက်၏။ ဘုရင်များနှင့် ကုန်သည်ကြီးတို့ကို မိမိအမိန့်နှင့် အပြင်တွင်ထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တဲနန်းအတွင်းတွင် မိမိလူများသာ ရှိနေကြသည်။

"ဘယ်လိုလဲ စစ်မှူးကြီးတို့"

စစ်မှူးကြီးများကလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးနောက်-

"ဤသို့မျိုး တစ်ယောက်တည်းဆိုရင် ကျွန်တော်မျိုးတို့ မှုစရာမလိုပါဘူး ဘုရား... တစ်ယောက်မဟုတ်ပဲ အများသာ ဆိုရင်တော့ မလွယ်လောက်ပါဘူးဘုရား"

ထိုစဉ် ဘုရင်ကြီးကေတိုမှာ တစ်စုံတစ်ခုကို သတိ ရသွားပြီး-

"ဟော့... ဒင်း ပျံနိုင်တာကို မြင်ခဲ့လား"ဟုဆိုပြီး ဒဏ်ရာရ စစ်သားကို လှမ်းမေးလိုက်သည်။

"အဲ့ဒါတော့ မမြင်ခဲ့ပါဘူး ဘုရား"

ဘုရင်ကြီးကေတိုက ခေါင်းတဆတ်ဆတ်ငြိမ့်လိုက်သည်။

"သူတို့က ကောင်းကင်မှာ ပျံတတ်တယ်လို့လည်း ဆိုထား သေးတယ်"

"အဲ့... အဲ့ဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဘုရား လိမ်လည်ထားတာ ဖြစ်မှာပါဘုရား"

မှူးမတ်တစ်ယောက်က ဝင်ရောက်ပြောဆိုလေသည်။

အားလုံးကလည်း ထိုမှူးမတ်စကားကို ထောက်ခံကြလေ၏။

ဤတွင် စစ်သားများ၏ အထိတ်တလန့်အော်ဟစ်သံများ



ကို ကြားလိုက်ရလေ၏။

"အမလေး... ဘာကြီးတွေလဲ၊ ကောင်းကင်မှာ ပျံနေတယ်"

"အား"

ဘုရင်ကြီးကေတိုမှာ ရုတ်တရက်ထိတ်လန့်သွားပြီး တဲနန်းအပြင်ကို ခပ်မြန်မြန် ထွက်ကြည့်လေ၏။

"ဟင်"

ကောင်းကင်တွင်ပျံနေသော လူကောင်ပျံကြီးများကို တွေ့ လိုက်ရလေ၏။

"အရှင်မင်းကြီး... ကျွန်တော်မျိုးတို့ မြင်ခဲ့တာ အဲ့ဒီလိုမျိုး အကောင်တွေပါဘုရား... အဲ့ဒီလိုမျိုးအကောင်တွေပါ"

ဟု ဒဏ်ရာရခဲ့သော စစ်သည်နှစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးကေတိုနှင့်အတူ ဝန်ကြီး၊ စစ်မှူးကြီးများမှာ တအံ့တသြနှင့် ကောင်းကင်ကို ကြည့်နေမိကြလေသည်။

စစ်သားများ၏ အထိတ်တလန့် အော်ဟစ်သံများကလည်း အဆက်မပြတ် ကြားနေရ၏။

ဖရိုဖရဲဖြစ်နေကြသည်။ ကောင်းကင်တွင် ပျံနေသော လူပျံများမှာ တစ်ယောက်တည်းမဟုတ်ပဲ အများကြီး ပျံသန်းနေကြသည်။

"လူ. . . လူရော ဟုတ်ရဲ့လား"

မှူးမတ်တစ်ယောက်စကားကြောင့် အားလုံးမှာ သို့လော သို့လောဖြစ်သွားကြသည်။

မှူးမတ်စကားကို ကြားလိုက်ရသော စစ်သားများမှာလည်း သူတို့၏ ထင်မြင်ချက်များကို တဆင့်စကား တဆင့်ချဲ့ကာပြောရင်း ချက်ချင်းဆိုသလိုပင် စစ်တပ်ကြီးတစ်ခုလုံးမှာ-

"စစ်မအောင်နိုင်မယ့် နိမိတ်များကို ငါတို့ကိုးကွယ်တဲ့ နတ်ဘုရားတွေက ပြသခြင်းပဲ"

ဆိုပြီး ပျံ့နှံ့သွားလေ၏။

ဘုရင်ကြီးကေတိုလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။ ကောင်းကင်ကိုပဲ တအံ့တသြကြည့်နေပြီး ကြောင်တောင်တောင် ဖြစ်နေလေသည်။

သူတစ်သက်တွင် ထိုသို့သော အဖြစ်မျိုး မကြုံခဲ့ဖူးပေ။ ထိုသို့သော လူလိုလို ဘာလိုလိုများက ကောင်းကင်တွင် ပျံနေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မိမိတို့ နတ်ဘုရားများသာ ရှိသည်ဟု ထင်မြင်နေမိသည်။

ထိုစဉ်-

"ရှိုး"

"ရှိုး"

"ရှိုး"

"ရှိုး"

"ရှိုး"

"ဟင်"

ကောင်းကင်ပေါ်ကနေ လက်နက်များ ကျဆင်းလာလေ၏။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသောကြောင့် အားလုံးတွေဝေနေကြစဉ်မှာပဲ လက်နက်များမှာ တနန်းဆောင်ရှေ့ရှိ ဘုရင်ကြီးကေတိုအဖွဲ့ဆီသို့ ဦးတည်ဆင်းသွားလေသည်။

"ဒုတ်"

"ဒုတ်"

"ဟင်. . . ရွှေရောင်မြားတွေ"

"အား"

ဘုရင်ကြီးကေတိုနှင့်အတူ ဝန်ကြီး၊ မှူးမတ်၊ စစ်မှူးကြီးများအားလုံး၏ နှလုံးတည့်တည့်နေရာသို့ ရွှေရောင်မြားများ စိုက်ဝင်ကုန်လေ၏။



ရွှေရောင်မြားများကလည်း ထိုနေရာသို့ အဆက်မပြတ်ကျဆင်းနေလေသည်။

ထိုအဖြစ်အပျက်ကို မြင်နေရသော ကိုယ်ရံတော်များ၊ စစ်သားများမှာလည်း ကောင်းကင်ကို ကြည့်လိုက်၊ မိမိတို့ ဘုရင်ကြီးနှင့် အကြီးအမှူးများ လဲကျသွားတာကို ကြည့်လိုက်နှင့် ကြောင်တောင်တောင် ဖြစ်နေလေသည်။

အလွန်အမင်းလည်း ကြောက်လန့်နေကြလေသည်။

"ငါတို့ဘုရင်ကြီးကို ငါတို့ ကိုးကွယ်နေတဲ့ နတ်မင်းကြီးက ဒဏ်ခတ်လိုက်ပြီ"

"................"

"................"

"................"

စစ်တပ်အတွင်း၌ ထင်မြင်ယူဆချက်များ အမျိုးမျိုးပေါ်လာပြီး ခေါင်းဆောင်များမရှိတော့သည့် စစ်တပ်အဖြစ်သို့ ချက်ချင်းပြောင်းသွားလေသည်။

တချို့က ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေး ကြလေ၏။ မိမိမဟုတ်တာလုပ်မှုကြောင့် ရွှေရောင်မြားများဖြင့် ဒဏ်ခတ်လိမ့်မည်ဟု ထင်မြင်မိပြီး ဦးတည်ရာမဲ့ ထွက်ပြေးခြင်း ဖြစ်သည်။

ဤသို့ဖြင့် ကေတိုစစ်တပ်ကြီး ဖရိုဖရဲဖြစ်နေစဉ်တွင် ကေတိုဘုရင်ကြီးဆီရောက်နေသော ဘုရင်လေးပါးမှာ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းလိုက်လေ၏။

ခေါင်းဆောင်မဲ့နေသော စစ်တပ်ကြီးမှာ အရေးပေါ် ပေါ်လာသော ခေါင်းဆောင်များစကားကို နားထောင်ရန်အတွက် ဆုံးဖြတ်လိုက်ကြလေသည်။

ဘုရင်လေးပါးမှာ စစ်တပ်ကို လေးပိုင်းပိုင်းလိုက်လေ၏။ ပြီးနောက် တစ်ပိုင်းစီကို ဘုရင်တစ်ပါးက ဦးစီးကိုင်တွယ်ကာ ထိန်းချုပ်လိုက်လေသည်။

မိမိအပိုင်းတွင်ရှိသော စစ်သားများကိုလည်း မိမိအုပ်ချုပ်သော တိုင်းပြည်သို့လိုက်ပြီး စစ်မှုထမ်းနိုင်သလို မလိုက်လိုပါကလည်း မိမိဆန္ဒအရ မိမိဇနရပ်သို့ ပြန်လိုက ပြန်ကြရန် ဦးဆောင်စည်းရုံးလေ၏။

ဘုရင်ကြီးကေတို စစ်တပ်အတွင်းရှိ စစ်သားများမှာလည်း စစ်ကို ငြီးငွေ့နေကြပြီ ဖြစ်သည်။

စစ်ကြောင့် မိမိတို့ဘဝ၊ မိသားစုများ ဘာမှ ရေရေရာရာ မတိုးတက်ခဲ့ပဲ စစ်ဘုရင်ကြီးတွေသာ အာဏာတက်၊ စည်းစိမ်အပြည့်နဲ့ ဖြစ်နေကြတာကိုပဲ သိနေခဲ့ကြသည်။

ထို့ကြောင့် စစ်သားတော်တော်များများက မိမိနေရပ်သို့ ပြန်ကြရန် ဆုံးဖြတ်ကြလေသည်။

တချို့ကသာ ဘုရင်များနောက် လိုက်ရန် ဆုံးဖြတ်ကြလေသည်။ ထိုသို့ဖြင့် များပြားလှစွာသော စစ်တပ်ကြီးကို ဘုရင်



လေးပါးမှ စနစ်တကျ ရုတ်သိမ်းလိုက်သောကြောင့် နောက်တစ်နေ့ အာရုဏ်တက်ချိန်တွင် ယက္ခတိုင်းပြည်အပြင်တွင် တဲနန်းများနှင့် စခန်းချရာပစ္စည်းများသာ ကျန်ခဲ့လေတော့၏။

နှစ်ပေါင်းများစွာ အိမ်နီးချင်းတိုင်းပြည်များက ဖိန့်ဖိန့်တုန်အောင် ကြောက်ရပြီး တိုင်းပြည်ငယ်များ ဒုက္ခရောက်ခဲ့ရသည့် စစ်ဘီလူးကြီး ကေတိုရဲ့ဘဝမှာ မထင်မှတ်ပဲ နိဂုံးချုပ်သွားလေတော့သည်။

သူ၏ အလောင်းကိုတော့ ဘုရင်လေးပါးကပဲ မီးရှို့သဂြိုဟ်ပေးခဲ့ကြလေသည်။

ထိုသို့ပြီးနောက် မနက်မိုးလင်းခါနီးတွင် မိမိတို့တိုင်းပြည်သို့ နောက်လိုက်နောက်ပါအသစ်များဖြင့် ပျော်ရွှင်စွာ ပြန်သွားခဲ့ကြလေသည်။

ထိုဘုရင်လေးပါးနှင့် ပါလာသော ကုန်သည်ကြီးတစ်ဦးမှာလည်း ယက္ခတိုင်းပြည်အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

နောက်တစ်နေ့မနက်ရောက်သောအခါ ယက္ခတိုင်းပြည် တစ်ပြည်လုံး ပျော်ပွဲရွှင်ပွဲများ ကျင်းပကြလေသည်။

တိုင်းပြည်အပြင်ဘက်ကို ထွက်ပြီး ဘုရင်ကြီးကေတိုစစ်တပ်၏ ကျန်ခဲ့သောပစ္စည်းများကိုလည်း စုပေါင်းမီးရှို့ကြလေသည်။

ဘုရင်ကြီးထောင်မောင်း ကျန်းမာစေကြောင်းကိုလည်း ဆုတောင်းကြလေ၏။ နန်းတော်ရှေ့မှာစုရုံးပြီး ဘုရင်ကြီး ထောင်မောင်းအတွက် မိမိတို့ တတ်နိုင်တဲ့ လက်ဆောင်ပစ္စည်းလေးများကို အစောင့်များမှတစ်ဆင့် လာရောက်ပေးကြလေသည်။

မိမိတို့တိုင်းပြည်ကို စစ်ဘေးရန်က လွတ်အောင်လုပ်ဆောင်ပေးခဲ့သော ဘုရင်ကြီးကို ကျေးဇူးတင်ကြသောကြောင့် ဖြစ်သည်။

အချို့က အိမ်မှလုပ်သော မုန့်ကလေးတွေ၊ အချို့က မိမိတို့ကိုယ်တိုင်ပြုလုပ်ထားသော အင်္ကျီလေးတွေ ဖြစ်သည်။



တိုင်းပြည်အေးချမ်းဖွံ့ဖြိုးဖို့ဆိုတာ တို့ဘုရင်ကြီးကောင်းမှ ဖြစ်မှာဟုလည်း ရေရွတ်ကြလေ၏။

ထိုသို့တိုင်းသူပြည်သားများ ဖြစ်နေကြစဉ်တွင် ဘုရင့်နန်းတွင်းမှ အဖွဲ့သည် တစ်တိုင်းပြည်လုံးသို့ အောက်ပါအတိုင်း ကြေညာမောင်းခတ်လေသည်။

"တိုင်းသူပြည်သား လူအများတို့. . . ယနေ့သည် တိုင်းပြည်တစ်ပြည်လုံး အေးချမ်းသာယာဝပြောပြီး စစ်ဘေးဒဏ်မှ ကင်းလွတ်ခဲ့သော နေ့တစ်နေ့ဖြစ်ပါတယ်၊ တိုင်းပြည်အေးချမ်းဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်းကောင်းလို့ လွတ်ခဲ့တာ မဟုတ်ပါဘူး၊ တစ်တိုင်းပြည်လုံး စည်းလုံးမှုရှိခဲ့လို့ အခုလို အောင်မြင်ခဲ့တာပါ။ ဒါ့အပြင် ယက္ခတိုင်းပြည်ကြီး အန္တရာယ်မှ လွတ်ကင်းအောင် တိုင်းသူပြည်သားများနှင့်အတူ အထူးပါဝင်ခဲ့သူများကိုလည်း ဂုဏ်ပြုရ မည်ဖြစ်တယ်၊ ထိုလူများကိုလည်း အများသိအောင် ကြေညာပေးပါ့မယ်. . ."

အထူးပါဝင်ခဲ့သည့်သူများဆိုတော့ တိုင်းသူပြည်သားများမှာ အထူးစိတ်ဝင်စားသွားပြီး ကြေညာမောင်းခတ်သည့်အဖွဲ့နားသို့ ဝိုင်းအုံလာကြလေ၏။

"ထိုလူတွေကတော့ (၁) တစ်ဖက်စိုင်းပြည်တွင် သေဆုံးသွားပြီဖြစ်သော ကျွန်ုပ်တို့၏သူလျှို၊ (၂) မိမိတို့တိုင်းပြည်တွင် မိမိတို့ အမှားကြောင့် သေဆုံးသွားသော သတင်းသယ်ယူလာပေးသည့်

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တစ်ဦး၊ (၃) တိုင်းပြည်အန္တရာယ်မှ လွတ်ကင်းအောင် အမိကကူညီခဲ့သော မောင်နှစ်၊ (၄) ကလေးလေးဒို၊ (၅) လေးပစ်သမား 'တာ'နှင့်အဖွဲ့၊ (၆) ကုန်သည်ကြီး 'တော်တော်ရှိ'၊ (၇) အရုပ်လုပ်သူ 'ဂွ'တို့ဖြစ်ပါတယ်။

ကြေညာချက်ကိုနားထောင်ပြီး တိုင်းသူပြည်သားများမှာ မှင်သက်သွားလေသည်။

မည်သို့ဆိုသော် ကြေညာသည့်လူများထဲတွင် မောင်နှစ်ပါလာသောကြောင့် ဖြစ်သည်။

"မောင်နှစ်က မသေဘူးလား. . . ဆွဲကြိုးချသတ်ခံရတာလေ"

"သူက ကျုပ်တို့တိုင်းပြည်ကို ကယ်တင်ခဲ့တာပေါ့"

"အမိက ကယ်ခဲ့တဲ့ လူတဲ့"

မောင်နှစ်အကြောင်း တီးတိုးတီးတိုး ပြောသံများ ပျံ့နှံ့ သွားလေသည်။

■

# မည်ကဲ့သို့လုပ်လိုက်သည်မသိ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"နေပါဦး... ခင်ဗျားက အဲ့ဒါနဲ့မဆိုင်ဘဲ ဘာကြောင့် ဘုရင်ကြီးထောင်မောင်းကို တွေ့ခွင့်တောင်းနေရတာလဲ... ဘာလဲ... ကတိပျက်တာကို အသနားခံဖို့လား"

မောင်နှစ်သည် သူ့လက်ပေါ်တွင် လဲကျသော ဖမ်းခေါ်လာသည့် အကျဉ်းသားကို မေးလိုက်သည်။

"ကျုပ်ကို ဆွဲခေါ်လာတဲ့ ဗလကြီးတွေကလည်း အဲ့ဒီလိုပဲ ထင်ကြတယ်... အား"

ထိုလူ့ပါးစပ်ထဲက သွေးများ ထွက်ကျလာသည်။

"ဟင်"

"အဟွတ်... အဟွတ်"

ချောင်းအဆက်မပြတ်ဆိုးလာပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာ၏။

"ခဏလှဲနေဦးဗျ"



ထိုလူက မောင်နှစ်လက်မောင်းကိုမှီပြီး ခဏအမောဖြေနေ၏။ ခဏအကြာမှာ မောင်နှစ်ပခုံးကို ဆွဲချလိုက်ပြီး နားနားသို့ တိုးတိုး လေး ကပ်ပြော၏။

"ကျုပ်... ဒီတစ်ခေါက်မှာတဲ့ ကုန်တွေမပါလာဘူးဆိုတာ လမ်းမှာ... ဒီနိုင်ငံက လူတစ်ယောက်နဲ့တွေ့တယ်၊ သူ့ကိုယ်သူ ဒီနိုင်ငံက သူလျှိုလို့လည်း ပြောတာ၊ တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေ လည်း အကြီးအကျယ်ရထားပြီး သေခါနီးလည်း ဖြစ်နေတယ်၊ အဟွတ်... ဒါပေမယ့် သူက သူ့တိုင်းပြည်ဒုက္ခရောက်တော့မယ် ကူညီပေးပါဆိုပြီး အကူအညီတောင်းတယ်"

သူ့စကားက တိုးဝင်သွားသောကြောင့် အနားနားကပ်ပြီး မနည်းနားထောင်ရသည်။

"သူ... သူက ဘာတွေပြောလို့လဲ"

"ဘုရင်ကြီးကေတိုက သူ့တိုင်းပြည်ကို ဘယ်လိုမဆို ဝင်ရောက် တိုက်ခိုက်မှာဖြစ်ကြောင်း... ဘုရင်ကြီးထောင်မောင်းကို အမြန် ပြောခိုင်းတာဗျ၊ အား... အဟွတ်..."

"ဒီကရှိတဲ့ လူတွေရော ပြောလို့မရဘူးလား"

"သူက ဘုရင်ကြီးထောင်မောင်းကလွဲပြီး ဘယ်သူမှ မပြောပါနဲ့ တဲ့... သူတို့တိုင်းပြည်မှာ ဘုရင်ကြီးကေတိုရဲ့ သူလျှိုတွေရှိနိုင် တယ်တဲ့... ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဘုရင်ကြီးက ဘုရင်ကြီး ကေတိုကို ဝေါယာဉ်ထဲမှာ လုပ်ကြံမယ့်အစီအစဉ်ကိုလည်း ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကေတိုတို့ သိနေပြီတဲ့. . . မလုပ်ကြပါနဲ့၊ အစဉ်အစီ ပြောင်းပါလို့လည်း ပြောခိုင်းတယ်”

“ဟင်”

မောင်နှစ်သည် ရင်တဒိန်းဒိန်းခုန်လာသည်။

ဖျော့တော့သော လူကြီး၏စကားများကို ယုံရခက်၊ မယုံရခက်ဖြစ်နေလေသည်။

“နောက်. . . ဘုရင်ကြီးကေတိုနဲ့ သူရဲ့စစ်တပ်အားနည်းချက်ကိုလည်း သတင်းပို့ခိုင်းသေးတယ်”

ဟုဆိုလိုက်ပြီး အောက်ပါအချက်များကို ဖြည်းဖြည်းချင်း ရွတ်ပြလေ၏။

(၁) စစ်စခန်းချရာ တဲနန်းအတွင်းမှ ဘုရင်ကြီးကေတိုသည် စစ်မတိုက်ပဲနဲ့ မည်သို့မှ မထွက်. . . ထွက်အောင်လုပ်နိုင်လျှင် လုပ်ကြနိုင်မည်ဖြစ်သည်။

(၂) ဘုရင်ကြီးကေတို၏စစ်တပ်သည် လူလူချင်းကို မကြောက်သော်လည်း နတ်ဘုရားများ၊ သရဲများကို ယုံကြည် ကြောက်လန့်သူများ ဖြစ်သည်။

(၃) သူတို့၏ သူလျှိုမှာ အိမ်နီးဆောင်မှ အပျော်မယ်ဖြစ်သည်။ လထဝန်ကြီးနဲ့ အလွန်ရင်းနှီးဟု ဆိုသည်။

ထိုလူရဲ့အသံက တိုးတိတ်ပြီး ပျောက်ကွယ်သွားသည်။ မကြာမီအချိန်တွင် ထောင်ထဲမှ မောင်နှစ်၏အော်သံကို ကြားလိုက်ရ



လေသည်။

“ဘုရင်ကြီးထောင်မောင်းနဲ့ တွေ့ချင်တယ်၊ ဒီတစ်ခါ တကယ်ပြောစရာရှိလို့”

(၂)

ကလေးငယ်၏စကားကိုနားထောင်ရင်း ဘုရင်ကြီးထောင်မောင်းသည် အထူးတုန်လှုပ်သွားလေသည်။

မည်သို့ဆိုသော် ကလေးငယ်သည် ဘုရင်ကြီးကေတိုအား လုပ်ကြံမည့် မိမိတို့အစီအစဉ်အား ပြောပြနေသောကြောင့် ဖြစ်သည်။

“သား. . . ဒီ သတင်းကို ဘယ်က သိရတာလဲ”

ဘုရင်ကြီးက ကလေးကို ချော့မော့ပြီး မေးလိုက်သည်။

ကလေးကလည်း သူလျှိုဟု စွပ်စွဲခံရသော မောင်နှစ်က ထောင်ထဲတွင် ကုန်သည်ကြီးနှင့်တွေ့ရာမှအစ သတင်းများပေးတဲ့ အထိ ပြောပြလိုက်လေသည်။

ဘုရင်ကြီးထောင်မောင်းသည် ကလေးလေး၏စကားကိုတော့ အကြွင်းမဲ့ ယုံလိုက်သည်။

မည်သို့ဆိုသော် ကလေးသည် မိမိဇာတိုင်းပြည်မှဖြစ်ပြီး ကလေးဟူသည် လိမ်မပြောတတ်သည့် သူမျိုးပင်ဖြစ်သည်။

“ဒါဆို မောင်နှစ်က ကေတိုရဲ့သူလျှိုမဟုတ်ဘူးပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဘုရင်ကြီး"

"ဒါဆို မောင်နှစ်ကို မှားသတ်လိုက်ပြီပေါ့"

ကလေးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဦးနှစ်. . . မသေသေးပါဘူး"

"ဘယ်လို"

"သူ့သူငယ်ချင်း ဦးတာက ဦးနှစ်အကြောင်းသိလို့ အဝေးက နေပြီး ကြိုးကို မြားနဲ့ပစ်ချလိုက်တာ 'ဂျိမ်း'ဆိုပြီး အသတ် ဦးတာကလည်း 'ရွတ်'ဆိုပြီး အပစ်၊ ကြိုးကို ဒတ်ခနဲထိတာပဲ. . . ဦးတာက သိပ်တော်တာပဲ"

ကလေးက ဟန်နဲ့ပန်နဲ့ရှင်းပြတာကို ဘုရင်ကြီးက သဘောကျနေလေသည်။

မောင်တာပစ်လိုက်သောမြားကြောင့် မောင်နှစ်အသက်ရှင်ရသဖြင့် ဘုရင်ကြီးဝမ်းသာသွားသည်။

ယက္ခတိုင်းပြည်ရဲ့ ဥပဒေမှာ ကြိုးမိန့်ပေးပြီး သူတစ်ယောက်ကို မည်သည့်ကိစ္စပဲဖြစ်ဖြစ် အသက်မသေခဲ့ပါက ၅ ရက်တိတိ ထောင်ထဲတွင် ထားပြီးမှသာ ပြန်လည်ကြိုးပေးခွင့်ရှိသည်။

ထိုကြိုးပေးသည်ကို နှောက်ယှက်လာသော မည်သည့်ကိစ္စကိုမှ အရေးယူခြင်း မရှိရပါ။

"ဦးနှစ်က ပြောသေးတယ်"

"အေး. . . ဘာတုန်း သားရဲ့"



နန်းတွင်း လျှို့ဝှက်ဆောင်တွင် ဘုရင်ကြီးနှင့် ဒိုဆိုသော ကလေးသာရှိသည်။

"ဘုရင်ကြီးကေတိုကို သတ်လို့ရတယ်တဲ့"

"ဟင်"

ကလေးရဲ့မာန်နဲ့ဟန်နဲ့ ပြောလိုက်သောစကားကြောင့် ဘုရင်ကြီးမှာ မှင်သက်သွားလေသည်။

"သူက ဘယ်လိုပြောလို့လဲ"

"ဘုရင်ကြီးကေတိုကို တဲနန်းအတွင်းက ထွက်အောင်လုပ်ပြီး လေးနဲ့ပစ်ရင် လုပ်ကြံလို့ရတယ်တဲ့"

"ဘယ်သူတွေက အဲ့ဒီလောက်အဝေးကြီး ပစ်နိုင်မှာလဲ"

"ဒိသာပါမောက္ခကြီးရဲ့ တပည့်တွေ မြားကို မိုးပေါ်ထောင်ပစ်ပြီး အပေါ်ကကျလာသလို ပစ်မှတ်ကို ထိအောင်ပစ်နိုင်တယ်တဲ့"

"အို"

ဘုရင်ကြီးမှာ စိတ်လှုပ်ရှားလာလေသည်။

ပလ္လင်ပေါ်ထိုင်နေရင်းကနေ အောက်ကို ဆင်းလိုက်ကာ ကလေးနှင့်အတူ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်၏။

"သူ့ကို တဲနန်းထဲက ထွက်အောင် ဘယ်လိုလုပ်ရမယ်လို့ ပြောလဲ"

"အရင်ဆုံး သူ့အလုပ်ရှင်ဟောင်းဖြစ်တဲ့ 'ဂွ'ကို အကူအညီတောင်းပြီး လူရှုပ်ကြီးလုပ်ရမယ်တဲ့. . ."

www.burmeseclassic.com

www.burmeseclassic.com



ကလေးက အရုပ်လုပ်ရာတွင် သစ်ကိုင်းခြောက်များ လိုအပ်သောကြောင့် စုခိုင်းသင့်ကြောင်း၊ 'ဂွ'အတွက်လည်း လူကောင်ကြီးလုပ်ဖို့ လူများလိုကြောင်း ကလေးက ဆက်ပြောလေ၏။

"အဲဒီအကောင်ကြီးလုပ်တော့ ငါတို့က ဘယ်ကို အကျိုးတွေ ရမှာလဲ"

"ပြီးရင် ဘုရင်ကြီး ကေတိုကို မုန်းနေတဲ့ ဘုရင်ကြီးကေတိုကို ဘဏ္ဍာဆက်ရတဲ့ ဘုရင်တွေဆီကို စကားပြောကောင်းတဲ့ ကုန်သည်ကြီး 'တော်တော်ရှိ'ကို လွှတ်လိုက်ပါတဲ့. . . ကျန်တဲ့ အစီအစဉ်ကိုတော့ 'တော်တော်ရှိ'နဲ့ သူနဲ့ တိုင်းပင်ပြီးလုပ်လို့ ရပါတယ်တဲ့"

"ကောင်းပြီ"

ဘုရင်ကြီးကေတိုက ကြမ်းပြင်ပေါ်မှ ထလိုက်သည်။

ထောင်ထဲမှာရှိတဲ့ မောင်နှစ်ကို သွားတွေ့မလို့ပင် ဖြစ်သည်။ သို့သော် လထဝန်ကြီးနဲ့ ရင်းနှီးတဲ့ အပျော်မယ်ကိစ္စ စုံစမ်းဖို့လိုသည်။

ထို့ကြောင့် ဘုရင်ကြီးက သူ့ရဲ့လူယုံတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

(၃)

ဘုရင်ကြီးထောင်မောင်းသည် ထောင်းတွင်းအကျဉ်းချထားသော မောင်နှစ်နှင့် တွေ့ဆုံပြီးနောက် ပြန်ထွက်သွားသည်။



ခဏအကြာတွင် မောင်နှစ်ရှိရာ ထောင်ထဲသို့ စက္ကူအမြောက်အများနှင့် လိုအပ်သော ပစ္စည်းများရောက်လာလေ၏။

ထို့ပြင် မောင်နှစ်အား ကူညီရန်အတွက် သင့်လျော်သော လူများလည်း ရောက်လာကြ၏။

"ကဲ. . . ကျုပ်တို့တိုင်းပြည်မှာတော့ ဒီဟာလေးတွေက လူတိုင်းလွှတ်နေကြတဲ့ အရာတစ်ခုပါ၊ ဒီမှာတော့ မသိသေးဘူး။ သူတို့ကို ဘီစီ ၅ ရာစုလောက်က တရုတ်လူမျိုး မိုဇီနဲ့ လုဘန်တို့ ထွင်ခဲ့တဲ့ စွန်တွေကို ပုံစံတစ်မျိုးနဲ့ လုပ်ကြရမယ်. . . ကျုပ်တို့ တိုင်းပြည်မှာတော့ ပိုးသားနဲ့ လုပ်တာ။ ဒီမှာတော့ စက္ကူနဲ့ လုပ်ရမှာပေါ့။ ပြီးရင် စွန်လွှတ်နည်းကိုလည်း သင်ပေးမယ်"

ဟု မောင်နှစ်က အားလုံးကြားအောင် ပြောလိုက်လေသည်။

(မှတ်ချက်။ ။ ရှေးခေတ်စစ်ပွဲများတွင် စွန်အကြီးများကို တစ်ဖက်ရန်သူစစ်သည်များ စိတ်ဓာတ်ပျက်ပြားစေရန်အတွက် သော်လည်းကောင်း၊ ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် သော်လည်းကောင်း အသုံးပြုကြပါသည်။)

(၄)

ဤသို့ဖြင့် လေးပစ်သမားတာသည် သူ၏ သူငယ်ချင်းများနှင့်အတူ မြားပစ်သည့်နေရာများ ရွေးချယ်ခြင်း၊ မြားများအား ရွေးရောင်သုတ်ခြင်းများကို မောင်နှစ်နှင့်တိုင်ပင်၍ လုပ်ဆောင်ကြ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင်နှစ်သည်လည်း ဂွနှင့်တိုင်ပင်ကာ လုပ်ရမည့် လူရုပ်များကို အလျင်အမြန် လုပ်ကြလေ၏။ လူရုပ်များကိုတော့ ပြုလုပ်ရာတွင် ပါဝင်သည့် လူများကလွဲ၍ အထူးလျှို့ဝှက်ထားကြလေသည်။ ကုန်သည်ကြီး တော်တော်ရှိကိုတော့ အခြားတိုင်းပြည်များသို့ ဘုရင်ကြီးအမိန့်ဖြင့် အလျင်အမြန် သွားရောက်စေလေသည်။

(မှတ်ချက်။ မောင်နှစ်တို့ သုံးခဲ့သော လူကောင်ကြီး အရုပ်သည် ဂျူလီယက်ဆီဇာခေတ်က ယစ်ပူဇော်ရာတွင်သုံးသည့် လူရုပ်ကြီးဖြစ်ပါသည်။ ထိုလူရုပ်ကြီးကို သစ်ကိုင်းခြောက်များဖြင့် ပြုလုပ်ပြီး ထိုလူရုပ်ကြီးထဲသို့ ယစ်ပူဇော်မည့်လူများ ထည့်သွင်းကာ မီးရှို့ယစ်ပူဇော်ကြခြင်း ဖြစ်သည်။ ယခုထိတိုင်အောင် အနောက်နိုင်ငံတချို့တွင် ထိုအကောင်ကြီးအရုပ်ပြုလုပ်ပြီး လူများမပါဝင်ဘဲ ပွဲတော်အနေဖြင့် မီးရှို့ကာ လုပ်ဆောင်နေကြတုန်းပဲ ဖြစ်သည်။)

■

နောက်ဆုံးတွင် ဘုရင်ကြီးယောင်မောင်းသည် မိမိတိုင်းပြည်ကို ကယ်တင်ခဲ့သော မင်းသားမောင်နှစ်ကို မိမိသမီးတော်နှင့် ထိမ်းမြားလက်ထပ်ပေးလိုက်လေသည်။

ဤတွင် မောင်နှစ်သည် 'ဂွ'အား ဆုတောင်းပေးခဲ့သောကြောင့် ချောမောလှပသော အမျိုးသမီးနှင့် မည်သို့မျှ လက်မထပ်နိုင်ဟု တစ်တိုင်းပြည်လုံးက ယူဆခဲ့ကြသည်။

သို့သော် မောင်နှစ်သည် ချောမောလှပသော သမီးတော်လေးနှင့် လက်ဆက်ခဲ့ရလေသည်။

ဤသို့ဖြင့် ထိုဆုတောင်းနေရာသည် အခြားတိုင်းပြည်တသူများအတွက် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိနိုင်ဟု ယူဆလိုက်ကြလေသည်။

မောင်နှစ်သည် ထိုနေရာ၌ ပထမဦးဆုံး ဆုတောင်းပေးသည့် တိုင်းတစ်ပါးသား ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မည်ကဲ့သို့လုပ်လိုက်သည်မသိ

မိတ်ဆွေကို နောက်ဆုံး တောင်းပန်ပါရစေ။ ကျုပ်က မိတ်ဆွေကို ရှေ့မှာ ကျုပ်ကိုကျုပ် ဘယ်ကတောင်မှန်း မသိဘူး။ ဒီကို ဘယ်လိုရောက်လာမှန်းမသိဘူးလို့ ပြောခဲ့တာလေ။

ကျုပ်တောင်းပန်ပါတယ်ဗျာ။ တကယ်တော့ ကျုပ်က မထင်မရှားတိုင်းပြည်က မင်းသားတစ်ပါးပါ။

မင်းသမီးဒေဒေရဲ့ အလှဂုဏ်ကိုကြားရပြီး စွဲလမ်း တပ်မက်နေခဲ့တဲ့ အရှုံးတစ်ပိုင်းမင်းသားလို့ ဆိုပါတော့ဗျာ။

တစ်နေ့တော့ ကျုပ်လည်း မင်းသမီးလေးဒေဒေကို တွေ့ချင်စိတ်အားကြီးပြီး နှစ်သက်လက်ထပ်လိုတာနဲ့ပဲ ယက္ခတိုင်းပြည်ကို သွားမယ်ဆိုပြီး ဖခမည်းတော်ဆီမှာ ခွင့်တောင်းရတာပေါ့။

ဒါပေမယ့် မရဘူးဗျ။ ကျုပ်က တိုင်းပြည်ရဲ့ ရှင်ဘုရင်ဖြစ်မယ့်သူဆိုတော့ ယက္ခတိုင်းပြည်က မင်းသမီးလေးဒေဒေနဲ့ ဘုရင်ကြီး



တေတို့ရဲ့ အကြောင်းကိုလည်းသိတော့ ကျုပ်သေမှာစိုးလို့ဆိုပြီး ခွင့်မပြုဘူး။

နောက်ဆုံး ကျုပ်လည်း ဘယ်သူမှမသိအောင်ဆိုပြီး မထင်မရှားနဲ့ လာခဲ့ရတာပဲ။ ဒီရောက်တော့ ခုနက အဖြစ်အပျက်တွေ ကြုံရတော့တာပါပဲဗျာ။

ဒါကတော့ ကျုပ်မိတ်ဆွေကို ထိန်ချန်ထားတဲ့ အကြောင်းလေး ပြောပြတာပါ။

လေးစားစွာဖြင့်

လူနေ

www.burmeseclassic.com

www.burmeseclassic.com






နှောင်နှစ်ပေါင်းများစွာကြာသောအခါ ယက္ခ တိုင်းသူပြည်သားများ၏
ယုံကြည်မှုများ ပြောင်းလဲလာပြီး ဆုတောင်းသည့်နေရာရှိ
အိုးပုံသဏ္ဌာန် (၆) ခုအား ရိုက်နက်ထုခွဲလိုက်သည့်အခါ
အိုးအတွင်း၌ ရွှေအမျိုးအစားပေါင်း (၈၇၀၀) ခန့်ကို အံ့သြစွာ တွေ့ရှိကြရလေသည်။
ထိုအချိန်မှစ၍ ဆုတောင်းသည့်နေရာသည်လည်း ပျောက်ကွယ်သွားခဲ့ရသည်။

အထက်ပါပုံမှာ ငင်းရွှေအချို့အား သိကုံးထားသည့်ပုံ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဧကရာဇ် ဟန်ဝူဒီ (၁၄၀-၈၇) ဘီစီ ၏
သင်္ချိုင်းဂူအား တူးဖော်ရာတွင် တွေ့ရှိသည့် စက္ကူကြမ်းများကို
တရုတ်နိုင်ငံရှိ Shaanxi History Museum တွင် ဖော်ပြထားသည့်
ပုံဖြစ်ပါသည်။

## လူစွန်လုပ်နည်းပုံကြမ်း




www.burmeseclassic.com

www.burmeseclassic.com



## မွေးနေ့တွက်နည်း

(၁) မွေးတဲ့လကို ၁၈ နဲ့ပေါင်း

(၂) ရတဲ့အဖြေကို ၂၅ နဲ့မြှောက်

(၃) ရတဲ့အဖြေကို ၃၃၃ ထပ်နုတ်

(၄) ပြီးရင် ၈ နဲ့မြှောက်

(၅) ရတဲ့အဖြေကို ၅၅၄ နုတ်

(၆) ရတဲ့အဖြေကို ၂ နဲ့ထပ်စား

(၇) ပြီးရင် မွေးနေ့ရက်ကို ထည့်ပေါင်း

(၈) ရတဲ့အဖြေကို ၅ နဲ့ထပ်မြှောက်အုံး

(၉) ၆၉၂ ကို ထပ်ပေါင်း

(၁၀) ပြီးရင် ၂၀ နဲ့မြှောက်

(၁၁) ထို့နောက် ရလာတဲ့အဖြေကို မွေးခုနှစ်၏ နောက်ဆုံး နှစ်လုံးကို ထည့်ပေါင်း

(၁၂) နောက်ဆုံးရလာတဲ့အဖြေထဲက ၃၂၉၄၀ ကို နုတ်မည်ဆိုပါက မွေးနေ့ရရှိနိုင်သည်။

(၁၃) ရှေ့ဆုံးက မွေးလဖြစ်ပြီး အလယ်က မွေးရက်၊ နောက်ဆုံးကတော့ မွေးတဲ့ခုနှစ်ဖြစ်သည်။

www.burmeseclassic.com